# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလဆန်း (၁၀)ရက် ၊ သောကြာနေ့ ၊ (4-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၆၅)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ -၂၀၂၅ သို့ တက်ရောက်အမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ-၂၀၂၅(International Conference on Intellectual Property–2025)တွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ - ၂၀၂၅ (International Conference on Intellectual Property – 2025) ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီး များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ မူပိုင်ခွင့်ပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်တွင်း၊ပြည်ပစာတတ်မ်း ရှင်များ၊ ဥပဒေကျွမ်းကျင်သူပညာရှင်များ၊ မူပိုင်ခွင့်ဆိုင်ရာ ပါရဂူဘွဲ့သင်တန်းသား များ၊အသင်းအဖွဲ့များနှင့် ဖိတ်ကြားထား သည့် ဧည့်သည်တော်များ တက်ရောက် ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁**


**Myanmar Mobile Money (MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၁၈၊ ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Myanmar MOBILE MONEY anywhere anytime anyone



ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်
အယ်ဒီတာ့အာဘော်

## ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးအသိဖြင့် သတိပြုကာကွယ်ပါ

မိုးရာသီကာလတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်တတ်သော ရောဂါများကို သတိပြုကာကွယ်ကြရမည်ဖြစ်သည်။ အထူးသဖြင့် သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါတို့အပြင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါတို့ကို သတိပြုကာကွယ်ကြရမည်ဖြစ်ပေသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါဗီဇပြောင်း မျိုးကွဲသစ် အိုမီခရွန် (XEC) ကူးစက်ပျံ့နှံ့နေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက် ည ၈ နာရီမှ ဇွန် ၂၉ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၃၁၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်သည်။ ထိုကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိကြောင်း သိရသည်။

လတ်တလောတွင် မြန်မာနိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်ဆေးရည်(Hand Sanitizer) ဖြင့် မကြာခဏ စနစ်တကျဆေးကြောခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်သော ဖျားနာခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့် လက္ခဏာရှိသူများအနေဖြင့် လူထူထပ်သောနေရာများသို့ သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျ တပ်ခြင်းတို့ကို လိုက်နာဆောင်ရွက်ကြရန် လိုပေသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်နေစေရန်အတွက် အာဟာရပြည့်ဝသည့်အစားအစာများကို မျှတစွာစားသုံးခြင်း၊ အိပ်ရေးဝဝအိပ်စက်ခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို နေ့စဉ်ပုံမှန်ပြုလုပ်ပေးခြင်းတို့ကို လုပ်ဆောင်ကြရမည်ဖြစ်သည်။

ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေ မြင့်မားစေသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်) တို့ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ရာ ကာကွယ်ဆေးထိုးနှံကြရန် လိုပေသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော် ဝင်၊ ထွက် ပေါက်များဖြစ်သော အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသဝင်၊ ထွက် ဂိတ်စခန်းများတွင် ရောဂါစောင့်ကြပ်စစ်ဆေးကြည့်ရှုခြင်း၊ မျိုးဗီဇပြောင်းလဲမှုကို စစ်ဆေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခြင်း စသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်ရာ မိုးရာသီကာလတွင် ဖြစ်ပွားတတ်သောရောဂါများနှင့်အတူ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ၊ အထူးဖြင့် ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်စေရေးအတွက် ကျန်းမာရေး ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးအသိ၊ သတိတို့ဖြင့် သတိပြုကာကွယ်သွားလာနေထိုင်ကြပါရန် အကြံပြုရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) အသက် ၂၃ နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်



**မန္တလေး ဇူလိုင် ၃**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) အသက် ၂၃နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် အားကစားအလိုက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရေး၊ ပိုက်ကျော်ခြင်းအားကစားကို ပိုမိုစိတ်ဝင်စားလာစေပြီး ပိုက်ကျော်ခြင်း အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်ကျင်းပပေးခြင်း ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင် စည်းကမ်းများအတိုင်း လိုက်နာကာ အောင်မြင်မှုရရှိအောင် ယှဉ်ပြိုင်ကစားသွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အသင်းလိုက် အားကစားသမားများကို လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများပေးအပ်ပြီးနောက် ပွဲဦးထွက် တံတားဦးခရိုင်နှင့်ညောင်ဦးခရိုင် အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ ပြိုင်ပွဲများကို ဇူလိုင် ၂ ရက်မှ ၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၂၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၂၀၆ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၇၁၅၇ ဧကစိုက်ပျိုးရန် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၂၀၆ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ စပါးဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေ့က ပြောပြသည်။

ကလေးမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေ့က ပြောပြ၍ သိရသည်။ (၂၀၆)



## မလှိုင်မြို့နယ် ရေကမိုးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘွတ်ကုန်းကျေးရွာအုပ်စု ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း စီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့်စီမံကိန်း တာဝန်ခံဝန်ထမ်းများက သဘွတ်ကုန်းကျေးရွာအုပ်စု ရေကမိုး ကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ကျပ်သန်း ၃၀ ဖြင့် ဆောင်ရွက်နေသော နို့စားနွားမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုက RBF စီမံကိန်းအဖွဲ့၊ နို့စားနွား မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) ဖြင့် နို့စားနွားမွေးမြူရေး လုပ်ငန်းဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင် ဦးရေ ၂၀ ကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေကျပ်သန်း၃၀ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် ပုဂံစစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မင်းဘူး ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ပုဂံစစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ပုဂံစစ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးအောင်ကိုကိုကကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်း အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၂၀၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန် ၂၆ ရက် က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**ဇင်မာ**

# ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဘားအံ ဇူလိုင် ၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထုံးအိုင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းဝေဖြိုးနှင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ထုံးအိုင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထုံးအိုင်ကျေးရွာ၌ အဆိုပါ ကုန်ထုတ်လမ်းကို အရှည်တစ်မိုင် တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်သုံးပေ ကိုးလက်မရှိ ဂဝံခြေခင်း ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၇၈ ဒသမ ၅၁ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကော်မတီစုဖွဲ့၍ ယခုနှစ် ဇွန် ၁၀ ရက်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

**ဆက်လှ**

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ပဲတီစိမ်း ၅၄၆၄ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၃၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်းဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိပါတယ်၊ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်း မျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး၊ စိုက်ပျိုးရေးသွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့်ပူးပေါင်းပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ဆက်လက်ပြောပြခဲ့ သိရသည်။ (၂၀၆)

# လင်းခေးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လင်းခေး ဇူလိုင် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး ခြင်းကို ယနေ့နံနက်ပိုင်းက ကျိုင်းဟုတ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများကို ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကိုအသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျိုင်းဟုတ်ကျေးရွာနှင့် ဝမ်အင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကျားပျံ့စပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကျားပျံ့စပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်းက ကျားပျံ့စပါး အမျိုးအစား တင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇွန်လအတွင်းကျားပျံ့စပါး အမျိုးအစား တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ကျားပျံ့စပါးတင်းရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျုံပျော်မြို့နယ်ကနေ စပါးတွေဆန်တွေနဲ့အခြား လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချပါတယ်။ အဲ့ဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာ ဖြစ်ပါတယ်။ ကျားပျံ့စပါး အမျိုးအစားကိုရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ချိတ်ဆက်မှုတွေ ရှိပါတယ်။ အခြားစပါးတွေနဲ့ ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာကော၊ လတ်တလောအနေနဲ့ပါ ကျားပျံ့စပါး အမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု ကျုံပျော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံ့စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ကျုံပျော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ထူးမြတ်ဂုဏ်ဒြပ်ကိုးရပ်နှင့်ပြည့်စုံသော ဝါဆိုလပြည့်နေ့နှင့် ကောင်းမှုထိုထို လမြတ်ဝါဆို

"ကိုးခွင်ငယ်-မိုင်းပါလို့၊ မြင်တိုင်းမှာတဲ့ မည်းညို၊
လဲ့လဲ့ငယ်စို၊ ယုဂန္ဓိုရ်တောင်မဟာက၊
ပြုဗ္ဗာသင့် ထွန်းတဲ့လကိုလေး. . .။
ဆင်တာရာငယ်-ရာသီကရကင်၊ နရိန္ဒာလဲ၊
ညာတောင်နတ်နှင့်၊ ဗိုလ်မြတ်ကယ်နိဗ္ဗူ၊
အောင်ဆုယူလို့-ရှစ်ဖြူရိပ်စံ ၊
ပဉ္စင်းတော်ခံသောခါ၊ ရေလျှံတဲ့ ဝါဆိုမှာ ၊
ပုန်းညက်ညိုမှာလာမင်းက၊
သင်းလှတယ်လေး ။ ။"

(မဟာအတုလမင်းကြီးဖွဲ့- လွမ်းချင်း)

"မိုးရာသီ ဝါဆိုလပေမို့၊ ကိုးဌာနီ ပြာညိုခကာဖြင့်၊ ရွာစိုချ မိုးနတ်ဆွေ"ဟုစာပေပညာရှင်များက ညွှန်းဆိုခဲ့ကြသော ဒုတိယမြောက်မိုးလ၊ မြန်မာ့ဆယ့်နှစ်လရာသီ၏ စတုတ္ထမြောက်လ(လမြတ်ဝါဆို)တွင်၊ မိုးဖြိုင်ဖြိုင်ကျလေပြီ။ အပူဒဏ်မှ ကင်းလွတ်ခဲ့ရလေပြီ။

**"ဝါဆိုဝါခေါင်၊ ရေဖောင်ဖောင်"**

**"ဝါဆိုဝါခေါင် ရေတွေကြီးလို့၊ သပြေသီးမှည့် ကောက်စို့ကွယ်"**

**"သပြေကသီး၊ ရေကကြီးသနဲ့၊ ထန်းသီးကကြွေ၊ မိုးကစွေ"**

**"ဝါဆိုတစ်ကြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး"**

ဟူ၍ ဝါဆိုမိုးနှင့်ပတ်သက်၍ ကလေး၊ လူငယ်၊ လူရွယ်၊ လူကြီးများက ဆိုညည်းကြလေ့ရှိပါသည်။ ဝါဆိုလဆန်းမှာပင် စာသင်ကျောင်းအသီးသီးရှိ ကျောင်းသား၊ ကျောင်းသူလေးများ သွားလာလှုပ်ရှား မြူးထူးပျော်ပါးနေကြသည်ကလည်း ဝါဆိုလ၏ မင်္ဂလာအလှတစ်မျိုးပင်ဖြစ်သည်။

ထိုရာသီမို့ လယ်ယာမြေတစ်ခွင်တွင် ထွန်ရေးငင် လုပ်ငန်းဝင်နေကြသော ကျေးဇူးရှင်တောင်သူများ၏ လှုပ်ရှားမှုမျိုးစုံအဖုံဖုံကို လွမ်းခြုံဂုဏ်ပြုစာပန်းချီခြယ်သခဲ့ကြသောစာဆိုတော်ကြီးများ များစွာရှိခဲ့ကြသည်။

ထို့ပြင် ရာသီသဘာဝအလှများနှင့် ဗုဒ္ဓဘာသာဝင် လူမျိုးများအထွတ်အမြတ်ထားကြရသည့် ဘာသာရေး အထိမ်းအမှတ်အခမ်းအနားပွဲတော်များအကြောင်းကိုလည်း သားစဉ်မြေးဆက်ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် စာပေရေးရာအဖြာဖြာဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။

**"လဝါဆိုမှာ မင်္ဂလာအဖြာဖြာ"**

**"ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေးကြော်လျှံတက်၊ ဓမ္မစက်ကို၊မိန့်မြွက်ထွေပြား၊ဟောဖော်ကြားသည်၊ တရားနတ်စည်ရွှမ်းတယ်ကို"**

**(လယ်တီဆရာတော်ဘုရားကြီး)**

ဝါဆိုလကို မင်္ဂလာရှိမြင့်မြတ်သောလဟု မှတ်ယူခဲ့ကြခြင်းမှာ ဝါဆိုလပြည့်နေ့တွင်-

၁။ မြတ်စွာဘုရားဂေါတမအလောင်းတော်သည် မယ်တော်မာယာဒေဝီ၏ ဝမ်းကြာတိုက်၌ သန္ဓေ ယူတော်မူသည်။ **(သန္ဓေ)**

၂။ သိဒ္ဓတ္ထမင်းသားဘဝတွင် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး သံဝေဂရသွားတာ ရွှေနန်းစည်းစိမ်ကိုစွန့်ခွာ၍ တောထွက်တော်မူသည်။**(တောထွက်)**

၃။ ဘုရားအဖြစ်သို့ရောက်တော်မူပြီး တရားဦး ဒေသနာမြတ်ဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် (ဓမ္မ စကြာ) တရားတော်ကို ဟောကြားတော်မူသည်။ **(ဓမ္မစက္က)**

၄။ တုဖက်၍ယှဉ်ပြိုင်လာကြသော တိတ္ထိတက္ကတွန်းများကို နှိမ်နင်းရန်အတွက် ရေမီးအစုံတန်ခိုး ပြာဋိဟာလို့ ပြတော်မူသည်။ **(ပြာဋိဟာ)**

စသည့်ထူးခြားချက်များဖြစ်ပေါ်ခဲ့သောကြောင့် "သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိကာ" ဟူသော ဂုဏ်ထူးမြတ်ကို သတ်မှတ်ထားခြင်းဖြစ်သည်။

**"ဓမ္မစကြာအခါတော်နေ့"**

**"သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ ဟောမြွက်သံချို၊ လဝါဆို"**

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓဟူး)နေ့တွင် ဂေါတမဘုရားရှင်အဖြစ် ရောက်တော်မူခဲ့သဖြင့် ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**ဟု သတ်မှတ်ပူဇော်ခဲ့ကြသည်။

ထိုသို့ ဘုရားရှင်ဖြစ်တော်မူလာပြီး ဗောဓိမဏ္ဍိုင်အနီးတွင် ပလက်သတ္တာဟ အစရှိသောအရပ်တို့၌ ခုနစ်ရက် ခုနစ်ဌာန သီတင်းသုံးတော်မူပြီးနောက် နောက်ဆုံးသတ္တာဟ (လင်းလွန်းပင်) မှ အထွက် ၄၉ ရက်မြောက်သောနေ့တွင် အလွန်နက်နဲလှသော တရားတော်၏သဘောကို သိမြင်တော်မူလာခဲ့သည်။ သို့သော် ထိုတရားတော်သည် ရာဂ၊ မောဟထူပြောလှသော ပုထုဇဉ်သတ္တဝါများအတွက် နားလည်

**❖မြတ်ဗုဒ္ဓသည် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် သောတာပန်တည်သွားကြသော ပဉ္စဝဂ္ဂီငါးပါးကို "အနတ္တလက္ခဏာသုတ်"ဒေသနာတော်ကို ဆက်လက်ဟောကြားတော်မူခဲ့ရာ၊ ပဉ္စဝဂ္ဂီငါးပါးအသီးသီးသည် အာသဝေါကုန်ခန်း၍ "ရဟန္တာကြီးများ"ဖြစ်ကုန်ကြလေသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် မြတ်ဗုဒ္ဓက တရားဦးဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူခဲ့သောနေ့ဖြစ်သဖြင့် "ဓမ္မနေ့"ဟုလည်းကောင်း၊ ထိုနေ့မှာပင် "အရှင်ကောဏ္ဍည"ကအစပြု၍ ပဉ္စဝဂ္ဂီ ငါးပါးစလုံး၊ ဧဟိဘိက္ခုရဟန်းများဖြစ်လာကြသဖြင့် "သံဃာတော်နေ့"ဟုလည်းကောင်း၊ ဂုဏ်ပြုပူဇော် သတ်မှတ်ခဲ့ကြသည်။ ❖**

သဘောပေါက်ရန် ခက်ခဲလွန်းသည်ကို မြတ်ဗုဒ္ဓက သိမြင်နေခဲ့သည်။ ထို့ကြောင့် **"သဟမ္ပတိဗြဟ္မာ"**က တရားဦးဟောကြားပေးပါရန် မြတ်ဗုဒ္ဓကို ပန်ကြားလျှောက်ထားခဲ့လေသည်။

မြတ်စွာဘုရားသည် **"အဘယ်သူအားဟောကြားအံ့နည်း"** ဟု ဆင်ခြင်တော်မူရာ **"အာဠာရ ရသေ့နှင့် ဥဒကရသေ့"**တို့ကိုမြင်တော်မူခဲ့သည်။ သို့သော် ထိုပုဂ္ဂိုလ်များကားစုတေ၍ အရူပဘုံသို့ရောက်သွားကြောင်း သိတော်မူသောကြောင့် ဒုက္ကရစရိယာမြောက်နှစ် ကျင့်ခဲ့စဉ်က လုပ်ကျွေးခဲ့ဖူးကြသည့် **"ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ"** စသည့် ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောကြားတော်မူရန် ဆင်ခြင်တော်မူခဲ့သည်။

မြတ်ဗုဒ္ဓသည် ကာသိတိုင်း ဗာရာဏသီမြို့၏ မြောက်ဘက် ၁၈ ယူဇနာကွာဝေးရာ (ယခု အိန္ဒိယနိုင်ငံ ဥတ္တာပရာဒက်ရှ်ပြည်နယ်၊ ဆာရာနတ်သ်ဒေသ) ရှေးအခါ ခေတ်ဟောင်းရသေ့သူမြတ်အပေါင်း သက်ဆင်းရာနှင့် သမင်အပေါင်းတို့ကို ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တောကြီးတွင် သုံးဆယ့်ငါးနှစ်တိုင်တိုင် ဒုက္ခအမျိုးမျိုးနှင့်ရင်ဆိုင်ရကာ ဘုရားအဖြစ်နှင့် တရားအစစ်ကိုနာကြားရန် စောင့်ကြိုနေကြသော ပဉ္စဝဂ္ဂီငါးပါးထံသို့ ကြွချီတော်မူပြီးနောက် ပါဠိကဗျာ၊ ဂါထာမဖက်ဘဲ၊ ပါဠိစကားပြေ-စုဏ္ဏိယ သက်သက်သော ပျာကရိုဏ်းအပိုဒ်ပေါင်း ၃၀ ပါရှိသည့် ဓမ္မစကြာဒေသနာတော်ကြီးကို ဟောကြားတော်မူခဲ့သည်။

**"ဓမ္မ"** =သစ္စာလေးပါးအမှန်တရား၊ **"စက္က"** = အမှန်တရားအဖန်ဖန်အထပ်ထပ်လှည့်တတ်သော၊ **"ပဝတ္တန"** =ဖြစ်ခြင်း။ ဓမ္မစက္ကပဝတ္တန(ဓမ္မစကြာ)ဆိုသည်မှာ သစ္စာလေးပါးအမှန်တရားကို စက်ကဲ့သို့အဖန်ဖန်အထပ်ထပ် ဟောတော်မူသောတရားတော်ဟု အဓိပ္ပာယ်ရသည်။

ဓမ္မစကြာတရားတော်၏အနှစ်ချုပ်မှာ **"သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါး"** ဖြစ်သည်။ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးမှာ-

၁။ သမ္မာဒိဋ္ဌိ **(ကောင်းစွာမြင်ခြင်း)**
၂။ သမ္မာသင်္ကပ္ပေါ **(ကောင်းစွာကြံခြင်း)**
၃။ သမ္မာဝါစာ **(ကောင်းစွာဆိုခြင်း)**
၄။ သမာကမ္မန္တော **(ကောင်းစွာပြုခြင်း)**
၅။ သမ္မာအာဇီဝေါ **(ကောင်းစွာအသက်မွေးခြင်း)**
၆။သမ္မာဝါယာမော **(ကောင်းစွာအားထုတ်ခြင်း)**
၇။ သမ္မာသတိ **(ကောင်းစွာအောက်မေ့ခြင်း)**
၈။ သမ္မာသမာဓိ **(ကောင်းစွာတည်ကြည်ခြင်း)**

ဟူ၍ဖြစ်သည်။

**"ကောင်းသောအသိ၊ ကောင်းဘိအကြံ၊ ကောင်းသံဆိုပြော၊ ကောင်းသောအပြု၊ ကောင်းမှုသက်မွေး ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိတည်ကြည်၊ ဤရှစ်မည်"**ဟူသည်မှာ အမှားတရား (အစွန်းတရား)နှစ်ပါးနှင့်လွတ်ကင်းသော အလယ်အလတ်ကျင့်စဉ်အမှန်တရားဖြစ်သည်။

ထိုကျင့်စဉ်ကို ပွားများကျင့်ကြံခြင်းဖြင့် (၁) **"ဒုက္ခသစ္စာ"** (ဆင်းရဲခြင်းအဖုံဖုံကို သိမြင်လာနိုင်သည်) **(သိ)**၊ (၂) **"သမုဒယသစ္စာ"** (ဒုက္ခဖြစ်သောအကြောင်းများကို ပယ်ဖျောက်လာနိုင်သည်) **(ပယ်)**၊ (၃) **"နိရောဓသစ္စာ"** (ဒုက္ခချုပ်ငြိမ်းရာနိဗ္ဗာန်ကို ဆိုက်ရောက်နိုင်သည်) **(ဆိုက်)**၊ (၄) **"မဂ္ဂသစ္စာ"** (ဒုက္ခချုပ်ငြိမ်းကြောင်း မဂ္ဂင်ရှစ်ပါးပွားများနိုင်သည်) **(ပွား)**၊ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးသည် **(သိ၊ ပယ်၊ ဆိုက်၊ ပွား)** သစ္စာလေးပါးကို မြင်နိုင်စွမ်းရှိပြီး (ဝဋ်ဆင်းရဲမှ လွတ်ကင်းစေသော ပိဋကသုံးပုံ၏အနှစ်ချုပ်) နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာတော်ဖြစ်သည်။

ဂေါတမမြတ်စွာဘုရားအဖြစ်နှင့် ပထမဦးစွာဟောကြားတော်မူခဲ့သော ဓမ္မစကြာတရားတော်ကို စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်း တစ်ရာ့ရှစ်ကုဋေနှင့် ပဉ္စဝဂ္ဂီငါးပါး စုစုပေါင်း တစ်ရာ့ရှစ်ကုဋေနှင့်ငါးပါးရှိသည်။ ဓမ္မစကြာတရားတော်ကို နာယူပြီးနောက်၊ ပဉ္စဝဂ္ဂီငါးပါးအနက် ၁။ ဝါဆိုလပြည့်နေ့တွင် **"အရှင်ကောဏ္ဍည"** ၂။ ဝါဆိုလပြည့်ကျော်(၁) ရက်နေ့တွင် **"အရှင်ဝပ္ပ"** ၃။ ဝါဆိုလပြည့်ကျော်(၂) ရက်နေ့ တွင် **"အရှင်ဘဒ္ဒိယ"** ၄။ ဝါဆိုလပြည့်ကျော်(၃) ရက်နေ့တွင် **"အရှင်မဟာနာမ်"** ၅။ ဝါဆိုလပြည့်ကျော် (၄)ရက်နေ့တွင် **"အရှင်အဿဇိ"**တို့သည် **"သောတာပန်"** တည်တော်မူကြပါသည်။

မြတ်ဗုဒ္ဓသည် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် သောတာပန်တည်သွားကြသော ပဉ္စဝဂ္ဂီငါးပါးကို"အနတ္တလက္ခဏာသုတ်"ဒေသနာတော်ကို ဆက်လက်ဟောကြားတော်မူခဲ့ရာ၊ ပဉ္စဝဂ္ဂီငါးပါးအသီးသီးသည် အာသဝေါကုန်ခန်း၍ "ရဟန္တာကြီးများ"ဖြစ်ကုန်ကြလေသည်။

ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် မြတ်ဗုဒ္ဓက တရားဦးဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူခဲ့သောနေ့ဖြစ်သဖြင့် **"ဓမ္မနေ့"**ဟုလည်းကောင်း၊ ထိုနေ့မှာပင် **"အရှင်ကောဏ္ဍည"**ကအစပြု၍ ပဉ္စဝဂ္ဂီငါးပါးစလုံး၊ ဧဟိဘိက္ခုရဟန်းများဖြစ်လာကြသဖြင့် **"သံဃာတော်နေ့"**ဟုလည်းကောင်း၊ ဂုဏ်ပြုပူဇော် သတ်မှတ်ခဲ့ကြသည်။ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သော ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"** ဟုသတ်မှတ်ထားရာ **"ဗုဒ္ဓနေ့၊ ဓမ္မနေ့၊ သံဃာတော်နေ့"** ရတနာသုံးပါးနေ့ဖြစ်ပေါ်သွားခဲ့သည်။

**"ဝါဆိုလပြည့်နေ့၏ ထူးမြတ်ဂုဏ်ဒြပ်ကိုးရပ်**

ဝါဆိုလပြည့်နေ့၏ ထူးမြတ်ဂုဏ်ဒြပ်ကိုးရပ်ရှိရာ-

၁။ ဂေါတမဘုရားလောင်း သန္ဓေယူတော်မူသောနေ့ဖြစ်ခြင်း။

၂။ ဂေါတမဘုရားလောင်း တောထွက်တော်မူသောနေ့ဖြစ်ခြင်း။

၃။ ဂေါတမမြတ်စွာဘုရား၊ ဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူသောနေ့ဖြစ်ခြင်း။

၄။ ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာကိုပြတော်မူသောနေ့ဖြစ်ခြင်း။

၅။ ဘုရားအဖြစ်ကို ဝန်ခံသောနေ့ဖြစ်ခြင်း။

၆။ တရားရတနာစတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း။

၇။ သံဃာရတနာစတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း။

၈။ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံလာသောနေ့ဖြစ်ခြင်း။

၉။ မြတ်ဗုဒ္ဓ၏ **"ဧဟိဘိက္ခု"**ဟူသောစကားကို စတင်ကြားရသောနေ့ဖြစ်ခြင်းဟူ၍ သတ်မှတ်ဂုဏ်ပြုပူဇော်ထားကြသည်။

ထိုသို့သော ဂုဏ်ထူးဝိသေသများကြောင့် ဝါဆိုလပြည့်နေ့တိုင်းတွင် ဗုဒ္ဓဘာသာဝင်တိုင်းသည် ကျောင်းကန်ဘုရားများသို့ သွားရောက်ကြကာ ဝါဆိုပန်းများ၊ ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ၊ ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်နာယူကြလေ့ရှိသည်။ ဤသည်မှာ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့) ဆင်ယင်ကျင်းပခြင်းပင်ဖြစ်သည်။ မြို့ရွာရပ်ကွက်များတွင်လည်း **"ဓမ္မစကြာအသင်းများ"** ဖွဲ့စည်းကြကာ ဝါဆိုလပြည့်နေ့ အပါအဝင် ဘာသာရေးအထိမ်းအမှတ်ပွဲများတွင် ဓမ္မစကြာဒေသနာတော်ကို ရွတ်ဆိုပူဇော်ကြလေ့ရှိသည်။

နယုန်လတွင် စာပြန်ပွဲများကျင်းပခဲ့ကြပြီး စာတော်သောပုဂ္ဂိုလ်များ၊ သာမဏေများကို မင်း၊ မိဖုရားများက ရွေးချယ်ကြကာ ပဉ္စင်းခံအင်္ဂါနှင့်ပြည့်စုံသူများကို ပဉ္စင်းခံပွဲကြီးများ ကျင်းပခဲ့ကြသည်။ ရွှေနန်းရှင်များက ကျင်းပခဲ့ကြသကဲ့သို့ ပြည်သူများ၊ အလှူရှင်များကလည်း ပဉ္စင်းဒါယကာ၊ ဒါယိကာများ ခံယူကြတာ ပဉ္စင်းတော်ခံ အလှူသဘင်များကျင်းပခဲ့ကြသည်။ ပုဂံခေတ်ကစတင်ခဲ့သော ပဉ္စင်းခံပွဲတော်များသည် ထေရဝါဒဗုဒ္ဓသာသနာတည်နေသော နိုင်ငံနှင့်မြို့ရွာတိုင်းတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုတစ်ရပ်အဖြစ် စဉ်ဆက်မပြတ် ဆင်ယင်ကျင်းပနေကြသည်။

ဝါဆိုလဟူသော ဝေါဟာရတွင် ပါဠိစကားလုံး **"ဝါသ"**မှ **"ဝါ"** ဖြစ်လာပြီး **"နေခြင်း"** အနက်ရသည်။ **"ဆို"**မှာ **"ရွတ်ဆိုခြင်း"** ဖြစ်သည်။ ဝါဆို၏အနက်အဓိပ္ပာယ်မှာ **"နေထိုင်ခြင်း၊ ရွတ်ဆိုခြင်း"** ဖြစ်သည်။

ဗုဒ္ဓသာသနာတော်မှ ရဟန်းသံဃာတော်များသည် ဝိနည်းတော်နှင့်အညီ ဝါဆိုလပြည့်နေ့မှ (ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ) သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်းသုံးလပတ်လုံး၊ တစ်ရပ်တစ်ပါးသို့မကြွကြဘဲ တစ်ကျောင်းတစ်နေရာတည်းမှာသာ သီတင်းသုံးပါမည်ဟု မြတ်စွာ ဘုရားရှင်ရှေ့တွင် ရွတ်ဆိုအဓိဋ္ဌာန်ပြုကာ ဝါကပ်ကြသည်ကိုရည်ရွယ်ပြီး **"ဝါဆိုလ"**ဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ ဝါဆိုလ၊ ဝါတွင်းကာလတွင် **"ဝါဝင်၊ ဝါကပ်၊ ဝါပြတ်၊ ဝါကျိုး၊ ဝါပန်၊ ဝါကျွတ်"**ဟူသော ဝေါဟာရများလည်း ပေါ်ထွက်လာခဲ့ကြသည်။

စာမျက်နှာ ၅ သို့ ➤

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၇၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၇၁၁ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၃၆၁၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၇၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မြေပဲ ၃၆၁၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၇၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် မြေပဲစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ သွင်းအားစုများစနစ်တကျသုံးစွဲရေး တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မှတ်ကျောက်တင်စို့ မောင်မယ်တို့

- တက်လူငယ် မောင်မယ်များ
ဖွဲ့လုံ့လထား ဘဝမှာ၊
စိတ်ဓာတ်ကို မြှင့်တင်လျက်
ရှေ့ဆက်ကြပါ၊
အခက်အခဲ ကြုံဆုံလာ
ကြောက်ရွံ့ကာ မနေဘဲ၊
ရည်ရွယ်ရာ ပန်းတိုင်အရောက်
လျှောက်စို့ရဲရဲ။

- ဆိုးကောင်းကို ဝေဖန်ခွဲလို့
သိဉာဏ်ယှဉ်တွဲ ထာဝစဉ်၊
အချိန်တွေကို အသုံးချ
နိုးထကာပင်၊
ပျင်းရိစိတ် ရှောင်ဖယ်ကြဉ်
နောင်ဝယ်အစဉ် လှဖို့ရေး၊
စည်းကမ်းကို အခြေခံသွား
ကြိုးစားမယ်လေး။

- မြတ်ပညာ သင်အံတွေးလို့
ရှင်သန်မနေး လူတို့ဘောင်၊
စိတ်သန္တာန်မှာ တန်ခိုးထွား
ရိုးသားခုနောင်၊
လောကအတွက် အလင်းရောင်
ပေးစွမ်းဆောင် ထာဝရ၊
မောင်မယ်တွေ အနာဂတ်ဝယ်
မှတ်ကျောက်တင်ကြ။ ။

**ရဲသွေးနီ(တက်ဝန်)**

➤ စာမျက်နှာ ၄ မှအဆက်

ပုဂံခေတ်ကျောက်စာများ၌ ဝါဆိုလကို "**မလွယ်တာ၊ မြွယ်တာ၊ နွယ်တာ၊ နွေတာ**"ဟူ၍ အမျိုးမျိုးခေါ်ဝေါ် ကမ္ဗည်းရေးထိုးခဲ့ကြသည်။ "**မြွယ်တာ၊ နွယ်တာ၊ နွေတာနှင့် မလွယ်တာ**"တို့မှ ရွေ့လျားလာခြင်းဖြစ်ကြောင်း၊ "**မြွယ်**"= လယ်မြေ။ "**တာ**= တိုင်းတာခြင်း၊ အပိုင်းအခြား၊ ကူးပြောင်းခြင်း၊ လယ်မြေများကို ထိုင်းတာသောအခါသမယဟု အနက်ရသည်။ ထို့ပြင် "**နွေ**"= နွေရာသီ။ "**တာ**" (အတီထ) = လွန်လေပြီးသောလ။ "**နွေတာလ**" (**နွယ်တာလ**)မှာ နွေရာသီမှ လွန်ခဲ့ပြီးသောမိုးအခါကာလ၊ နွေမှမိုးသို့ ကူးပြောင်းသောလ ဟုလည်း ဆိုကြသည်။

ထူးခြားမွန်မြတ်လှသည့် ဂုဏ်ထူးဝိသေသများနှင့် ပြည့်ဝနေသည့် လမြတ်ဝါဆို၏ရာသီအမည်က "**ကရကဋ်**" စန်းပြည့်နက္ခတ်က "**ပြုဗ္ဗာသာဠ်**"ယှဉ်တာရာက "**ဗျိုင်းတာရာ**" ရာသီရုပ်က "**ပုစွန်လုံး**" ရာသီပန်းက "**ပုန်းညက်ပန်း**" ၊ ရာသီပွဲက "**ပဉ္စင်းခံပွဲ၊ ဝါဆို သင်္ကန်းကပ်လှူပွဲ**"၊ လပြည့်သန်းခေါင် နတ်ပေါင်းခပင်က "**ကနခိုပင်၊ ကဝရက္ခပင်**"၊ ရက်ရာဇာက "**တနင်္ဂနွေ၊ ဗုဒ္ဓဟူး**"၊ ပြဿဒါးက "**အင်္ဂါ၊ ရာဟု**"စသည်ဖြင့် နက္ခတ်ဗေဒ ပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီ ပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

**"ဝါဆိုလပန်းမြတ်မာလာ"**

**"ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညိုမာလာမင်းက၊ သင်းလှတယ်လေး"** ဟု "**မဟာအတုလမင်းကြီး**" က လွမ်းချင်းဖွဲ့ခဲ့သလို "**စာဆိုဦးပုည**"ကလည်း "**ရဝေ ကြေဘုံလယ်မှာ၊ ယဉ်စံပယ်ပင်ကိုထွားငယ်တို့၊ မြိတ်ဖားလျားဆံကေသာ၊ ရုံးတင်တင်လို့သာ၊ ပုန်းညက်ပွင့်မာလာငယ်၊ ဆင်တော်ရာပန်းပေရှင့်လေး**" ဟု တေးထပ်စပ်ဆိုခဲ့ကြသည်။ ထို့ပြင် စာဆိုအသီးသီးကလည်း "**တောတောင်မှောင်နက်၊ နတ်လျှောင်းရက်မှာ၊ ပုန်းညက်မာလာ၊ ငုံဝိုင်းကာနှင့်**"ဟုတစ်မျိုး၊ "**ပုန်းညက်ညွန့် ငွေခိုင်ငယ်လေယိုင် ရာတိမ်းတဲ့ရတု**"ဟုတစ်သွယ်၊ စာပန်းချီခြယ်သခဲ့ကြသည်။ ထို့ကြောင့် "**ပုန်းညက်ပန်း**"သည် ဝါဆိုလ၏ ပန်းမြတ်မာလာဖြစ်သည်။ ဝါဆိုလပြည့်ဝန်းကျင်တွင် ကုသိုလ်ထူးရည်စူးလှူဒါန်းကြသော အခြားပန်းမျိုးစုံကိုကား "**ဝါဆိုပန်း**"ဟုခေါ်ဆိုခဲ့ကြသည်။ ဝါဆိုလပြည့်နေ့နှင့် အထူးသဖြင့် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တိုင်းတွင် တောတောင်များ၊ မြိုင်တန်းများနှင့်နီးကပ်ထိစပ်နေကြသော မြို့ရွာများရှိ ပျို့ရွယ်ကြီးငယ်များသည် စုစည်းပျော်ရွှင်စွာ ဝါဆိုပန်းခူးထွက်လေ့ရှိကြသည်။ ချစ်စရာကောင်းသည့် ယဉ်ကျေးမှုဓလေ့ဖြစ်သည်။ ကောင်းမှုအထိုထိုနှင့် ပြည်စုံနေသော လမြတ်ဝါဆိုသည်ကား မြန်မာ့ဆယ်နှစ်လရာသီထဲတွင် ထူးကဲမွန်မြတ်လှပါပေသည်။

**ကိုးကား**

- **ဦးသြဘာသ၏ဗုဒ္ဓယဉ်ကျေးမှုလာထုံးတမ်းစဉ်ဓလေ့အခါတော်နေ့များ**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍**
- **ဝိသဒ္ဓက (ပဲခူး) ၏ မြန်မာ့ဆယ့်နှစ်လရာသီဖွဲ့**

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတကာ သတင်းများ

# အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန် သဘောတူညီချက်၌ပါဝင်ရန် တရုတ်နိုင်ငံဆန္ဒရှိဟုဆို



ပေကျင်း ဇူလိုင် ၃

အရှေ့တောင်အာရှဒေသအား နျူကလီးယားလက်နက် ကင်းမဲ့ဇုန်အဖြစ် တည်ဆောက်ရေးကို တရုတ်နိုင်ငံက အခိုင်အမာ ထောက်ခံအားပေးကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်စာချုပ် လက်မှတ်ထိုးရာတွင်လည်း တရုတ်နိုင်ငံအနေဖြင့် ပါဝင်ရန် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အတည်ပြုထားသည်။

အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန် သဘောတူညီချက်၌ ပါဝင်လက်မှတ်ထိုးရေးအတွက် အရှေ့တောင်အာရှနိုင်ငံများနှင့် ဆွေးနွေးရန်လည်း တရုတ်နိုင်ငံက အသင့်ရှိကြောင်း သိရသည်။

အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က သဘောတူထားကြောင်း ယခုနှစ် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံက ပြောကြားထားသည်။

အလားတူ အမေရိကန်အစိုးရကလည်း ပါဝင်လက်မှတ်ရေးထိုးခြင်းမပြုဘဲ ယင်းသဘောတူညီချက်ကို လေ့လာသုံးသပ်နေကြောင်း မလေးရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန် စာချုပ်ကို အာဆီယံနိုင်ငံများက ၁၉၉၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် စတင်အာဏာသက်ဝင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တရုတ်ရေတပ်မှ ရှန်တုန်းလေယာဉ်တင်သင်္ဘော ဟောင်ကောင်သို့ ပထမဆုံးအကြိမ်ရောက်ရှိ

ပေကျင်း ဇူလိုင် ၃

တရုတ်ရေတပ်မှ ရှန်တုန်း လေယာဉ်တင်သင်္ဘောသည် ယနေ့တွင် ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရေပြင်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

ရှန်တုန်း လေယာဉ်တင်သင်္ဘောသည် ဟောင်ကောင်ဒေသသို့ ပထမဆုံးအကြိမ်ရောက်ရှိလာခြင်းဖြစ်ပြီး ဟောင်ကောင်ဆိပ်ကမ်း၌ ငါးရက်ကြာ ဆိုက်ကပ်ထားမည်ဖြစ်သည်။

ရှန်တုန်း လေယာဉ်တင်သင်္ဘော၏ ဟောင်ကောင်ခရီးစဉ်တွင် ဒုံးကျည်တင် ဖျက်သင်္ဘောများအပါအဝင် တရုတ်ရေတပ်မှ စစ်သင်္ဘောသုံးစီးလည်း လိုက်ပါလာကြောင်း သိရသည်။

တရုတ် အချုပ်အခြာအာဏာ ဟောင်ကောင်ဒေသ ပြန်လည်ရောက်ရှိမှု ၂၈ နှစ်ပြည့် အခမ်းအနားများ ကျင်းပခဲ့ပြီး မကြာမီမှာပင် ရှန်တုန်း လေယာဉ်တင်သင်္ဘော ဦးဆောင်သည့် တရုတ်ရေတပ်အုပ်စု ဟောင်ကောင်ဒေသသို့ ရောက်ရှိလာခြင်းဖြစ်သည်။

တရုတ်ရေတပ်၏ ပထမဆုံး လေယာဉ်တင် သင်္ဘောဖြစ်သည့် လျောင်နင်းလေယာဉ်တင်သင်္ဘောသည် ၂၀၁၇ ခုနှစ်တွင် ဟောင်ကောင်သို့ သွားရောက်ခဲ့ဖူးသည်။

ရှန်တုန်း လေယာဉ်တင်သင်္ဘောသည် တရုတ်ရေတပ်၏ ဒုတိယမြောက် လေယာဉ်တင်သင်္ဘောဖြစ်ပြီး ပြည်တွင်းမှာပင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကူးတို့သင်္ဘောနစ်မြုပ်မှုဖြစ်ပွား အနည်းဆုံးလေးဦးသေဆုံးခဲ့ပြီး ၃၁ ဦးကို ကယ်တင်နိုင်

ဂျကာတာ ဇူလိုင် ၃

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကမ်းလွန်၌ ခရီးသည်တင် ကူးတို့သင်္ဘောတစ်စီး ယနေ့တွင် နစ်မြုပ်ခဲ့ရာ အနည်းဆုံး လူလေးဦး သေဆုံးခဲ့ပြီး အများအပြားပျောက်ဆုံးနေကြောင်း သိရသည်။

အဆိုပါ ခရီးသည်တင် ကူးတို့သင်္ဘောသည် အရှေ့ဂျာဗား ပြည်နယ်မှ ဘာလီကျွန်းသို့ ထွက်ခွာလာစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ကေအမ်ပီတူနာပရာတာမာဂျယာ အမည်ရှိ အဆိုပါ ကူးတို့သင်္ဘောသည် အရှေ့ဂျာဗားပြည်နယ် ဘန်ယူဝန်ဂီဆိပ်ကမ်းမှ ဇူလိုင် ၂ ရက်တွင် စတင်ထွက်ခွာခဲ့ခြင်းဖြစ်သည်။

ကေအမ်ပီ တူနာပရာတာမာ ဂျယာအမည်ရှိ ကူးတို့သင်္ဘော နစ်မြုပ်ပြီးနောက် လိုက်ပါလာသူများ အနက် ၃၁ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားထားသည်။

နစ်မြုပ်ခဲ့သည့် ကူးတို့သင်္ဘောပေါ်တွင် ခရီးသည် ၅၃ ဦး၊ ရေယာဉ်ဝန်ထမ်း ၁၂ ဦးနှင့် မော်တော်ယာဉ် ၂၂ စီး လိုက်ပါလာကြောင်း သိရသည်။

ကျွန်းပေါင်း ၁၇၀၀၀ ခန့်ဖြင့် ဖွဲ့စည်းထားသော ကျွန်းစုနိုင်ငံတစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ရေကြောင်းမတော်တဆမှုများ ဖြစ်လေ့ဖြစ်ထရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အမေရိကန်၌ မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးဒဏ်ရာရရှိခဲ့ပြီး ခုနစ်ဦးပျောက်ဆုံး



နယူးယောက် ဇူလိုင် ၃

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆက်ကရာမင်တိုမြို့အနီး၌ မီးရှူးမီးပန်းစက်ရုံတစ်ရုံ ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ရာ နှစ်ဦးဒဏ်ရာရရှိခဲ့ပြီး ခုနစ်ဦးပျောက်ဆုံးနေကြောင်း အမေရိကန်မီဒီယာများက ဇူလိုင် ၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဆက်ကရာမင်တိုမြို့နှင့် မိုင် ၄၀ ခန့်အကွာတွင် တည်ရှိသည့် အဆိုပါ မီးရှူးမီးပန်းစက်ရုံသည် ဇူလိုင် ၁ ရက်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် မီးလောင်ကျွမ်းမှုလည်း ဖြစ်ပွားခဲ့ရာ စက်ရုံတစ်ရုံလည်း ပျက်စီးခဲ့ရကြောင်း ကယ်လီဖိုးနီးယား မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမီးလောင်မှုကြောင့် လူနှစ်ဦး ဒဏ်ရာများရခဲ့ပြီး ခုနစ်ဦးပျောက်ဆုံးနေကြောင်း ဆက်ကရာမင်တိုမြို့ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမီးလောင်မှုသည် အမေရိကန် လွတ်လပ်ရေးနေ့ အခမ်းအနားများ မကျင်းပမီ သုံးရက်အလိုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဇူလိုင် ၄ ရက်တွင် နှစ်စဉ်ကျင်းပလေ့ရှိသော အမေရိကန်လွတ်လပ်ရေးနေ့အခမ်းအနားတွင် မီးရှူးမီးပန်းများ ပစ်ဖောက်ဆင်နွှဲလေ့ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ထိုင်းနိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ကမ္ဘာ့ဘဏ် ပြန်လည်ပြင်ဆင်သတ်မှတ်

ဝါရှင်တန် ဇူလိုင် ၃

ထိုင်းနိုင်ငံ၏ ယခုနှစ်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းနှင့် ၂၀၂၆ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းတို့ကို ကမ္ဘာ့ဘဏ်က ယနေ့တွင် ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ ယခုနှစ်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းသည် ၁ ဒသမ ၈ ရာခိုင်နှုန်းသာရှိနိုင်ပြီး ၂၀၂၆ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၁ ဒသမ ၇ ရာခိုင်နှုန်းအထိသာ ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်ထားသည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကမ္ဘာ့စီးပွားရေး အခြေအနေနှင့် ထိုင်းပြည်တွင်းစီးပွားရေးအခြေအနေများ မရေမရာဖြစ်နေချိန်တွင် ကမ္ဘာ့ဘဏ်က ထိုင်းနိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှင့် ၂၀၂၆ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းများကို ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။



ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သော ကမ္ဘာ့ဘဏ်အစီရင်ခံစာတွင် ထိုင်းနိုင်ငံ၏ ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၂ ဒသမ ၉ ရာခိုင်နှုန်းအဖြစ် သတ်မှတ်ထားပြီး ၂၀၂၆ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၂ ဒသမ ၇ ရာခိုင်နှုန်း သတ်မှတ်ထားသည်။

ထိုင်းနိုင်ငံသည် လက်ရှိအချိန်တွင် ပြည်ပပို့ကုန်ကဏ္ဍကျဆင်းလာမှု၊ ခရီးသွားလုပ်ငန်းကျဆင်းလာမှုတို့နှင့် ရင်ဆိုင်နေရသည်။

အထူးသဖြင့် ထိုင်းနိုင်ငံ၏ခရီးသွားလုပ်ငန်းမှာ ပြန်လည်နာလန်ထူနိုင်ရေးအတွက် မျှော်လင့်ထားသည်ထက် ပိုမိုကြာမြင့်နိုင်သည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်းပြင်ပရှိ အေးမြသည့်ဂြိုဟ်သစ်တစ်စင်းကို နာဆာကလွှတ်တင်ထားသော တက်စ်ဂြိုဟ်တု၏အကူအညီဖြင့် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား



**ဝါရှင်တန် ဇူလိုင် ၃**

နေအဖွဲ့အစည်းပြင်ပရှိ အေးမြသည့် ဂြိုဟ်သစ်တစ်စင်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော တက်စ်ဂြိုဟ်တု၏ အကူအညီဖြင့် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၂ ရက် သတင်းများအရ သိရသည်။

TOI-4465 b အမည်ရှိ အဆိုပါ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၄၀၀ ခန့်တွင် တည်ရှိကြောင်း သိရသည်။

TOI-4465 b ဂြိုဟ်သည် ဒြပ်ထုအားဖြင့် ကြာသပတေးဂြိုဟ် ဒြပ်ထုထက် ခြောက်ဆပိုများပြီး အရွယ်အစားအရ ကြာသပတေး ဂြိုဟ်ထက် ၁ ဒသမ ၂၅ ဆ ပိုကြီးမားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းဂြိုဟ်သည် TOI-4465 အမည်ရှိ ကြယ်ကို ကမ္ဘာနှင့်နေ အကြား အကွာအဝေး၏ သုည ဒသမ ၄ ဆ အကွာမှတစ်ဆင့် ဗဟိုပြု၍ ကမ္ဘာမြေရက်အားဖြင့် ၁၀၂ ရက်လျှင် တစ်ပတ်ကျ လှည့်ပတ်လျက်ရှိသည်။

TOI-4465 b ဂြိုဟ်၏ မျက်နှာပြင် အပူချိန်မှာ ၂၀၀ ဒီဂရီဖာရင်ဟိုက်နှင့် ၄၀၀ ဒီဂရီဖာရင်ဟိုက်ကြားရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

သို့ဖြစ်ရာ TOI-4465 b ဂြိုဟ်သည် အရွယ်အစားလွန်စွာကြီးမား၍ သိပ်သည်းဆကြီးမားသော်လည်း အထိုက်အလျောက်အေးမြသည့် ရှားပါးဂြိုဟ်တစ်စင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO

## Sp ARCS 1049 ကြယ်စုအစုအဝေးတစ်ခုမှ ထုတ်လွှတ်လိုက်သည့် ထူးဆန်းသည့်ရေဒီယိုလှိုင်းများကို သိပ္ပံပညာရှင်များ ထောက်လှမ်းတွေ့ရှိခဲ့


**ဝါရှင်တန် ဇူလိုင် ၃**

Sp ARCS 1049 အမည်ရှိ ကြယ်စု အစုအဝေးတစ်ခုမှ ထုတ်လွှတ်လိုက်သည့် ထူးဆန်းသည့် ရေဒီယိုလှိုင်းများကို သိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း ဇူလိုင် ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါရေဒီယိုလှိုင်းများသည် Sp ARCS 1049 ကြယ်စုအစုအဝေး အတွင်းရှိ စွမ်းအင်ဆောင်ရုပ်မှုန်များ၊ လျှပ်စစ်သံလိုက်စက်ကွင်းများ ပြည့်နေသည့် နေရာတစ်ခုမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

၎င်းရေဒီယိုလှိုင်းများသည် ကမ္ဘာဂြိုဟ်သို့ ရောက်ရှိရေးအတွက် နှစ်ပေါင်း ၁၀ ဘီလီယံထိ အချိန်ယူခဲ့ရကြောင်း အမေရိကန်နိုင်ငံ ဒါဟမ်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် လေ့ဖာအမည်ရှိ ရေဒီယိုတယ်လီစကုပ်ကွန်ရက်ကို အသုံးပြု၍ အထက်ပါရေဒီယိုလှိုင်းများကို ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



လေ့ဖာ ရေဒီယိုတယ်လီစကုပ်ကွန်ရက်သည် ဥရောပနိုင်ငံရှစ်နိုင်ငံတို့၌ ထားရှိသည့် ရေဒီယိုအင်တာနာစနစ် ၁၀၀၀၀၀ တို့ဖြင့် ဖွဲ့စည်းထားသည့် ရေဒီယိုတယ်လီစကုပ်ဖြစ်သည်၊

Sp ARCS 1049 ကြယ်စုအစုအဝေးမှ ထုတ်လွှတ်လိုက်သော ရေဒီယိုလှိုင်းများကို လေ့လာခြင်းဖြင့် စကြဝဠာကြီး ဖွဲ့စည်းဖြစ်ပေါ်ပုံအစပိုင်းကာလနှင့်ပတ်သက်၍ သဲလွန်စများ တွေ့ရှိနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## လအလိုက်လွှတ်တင်မှုအဖြစ် အာကာသမစ်ရှင်ပေါင်း ၂၁ ခုထိ လွှတ်တင်ခဲ့ကြောင်း ဖက်ဒရယ်လေကြောင်းပျံသန်းရေးအေဂျင်စီ (FAA)က သတင်းထုတ်ပြန်

**ဝါရှင်တန် ဇူလိုင် ၃**

၂၀၂၅ ခုနှစ် ဇွန်လအတွင်း အမေရိကန် အာကာသကုမ္ပဏီများသည် လအလိုက် လွှတ်တင်မှုအဖြစ် အာကာသမစ်ရှင်ပေါင်း ၂၁ ခုထိ လွှတ်တင်ခဲ့သည်ဟု ဖက်ဒရယ် လေကြောင်းပျံသန်းရေး အေဂျင်စီ (FAA)က ဇူလိုင် ၂ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အမေရိကန်ကုမ္ပဏီများ၏ လအလိုက် အာကာသမစ်ရှင်အများဆုံး လွှတ်တင်မှုစံချိန်ဟောင်းမှာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလဖြစ်ပြီး ထိုလအတွင်း အမေရိကန်ကုမ္ပဏီများက အာကာသမစ်ရှင်ပေါင်း ၂၀ ထိ လွှတ်တင်ခဲ့သည်။

ယခုနှစ် ဇွန်လ၏ အာကာသမစ်ရှင် ၂၁ ခုကို Space-X ကုမ္ပဏီ၊ ဘလူးအော်ရီဂျင်ကုမ္ပဏီ၊ Rocket Lab ကုမ္ပဏီနှင့် United Launch Alliance ကုမ္ပဏီတို့ကလွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အထက်ပါ ကုမ္ပဏီလေးခုအနက် လွှတ်တင်မှုအများဆုံးမှာ Space-X ကုမ္ပဏီ ဖြစ်ပြီး ဇွန်လ၏ အာကာသမစ်ရှင် ၂၁ ခုအနက် ၁၅ ခုကို လွှတ်တင်ခဲ့ကြောင်း၊ Space-X ကုမ္ပဏီက ယခုနှစ် ဇွန်လအတွင်း လွှတ်တင်ခဲ့သော အာကာသမစ်ရှင် ၁၅ ခုအနက် ၁၂ ခုမှာ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သောမစ်ရှင်များ ဖြစ်ကြောင်း၊ Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၈၁ ခုထိ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အစားအသောက်များ၌ နနွင်းကိုထည့်သွင်းခြင်းဖြင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချနိုင်

**လန်ဒန် ဇူလိုင် ၃**

နေ့စဉ် စားသောက်သည့် အစားအစာများ၌ နနွင်းကိုထည့်သွင်းစားသုံးခြင်းဖြင့် အူမကြီးကင်ဆာရောဂါကို ကာကွယ်ရာတွင် အထောက်အကူ ပြုနိုင်ကြောင်း ဗြိတိန် သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ လက်ဆက်စတာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နနွင်းတွင်ပါဝင်သည့် Curcumin ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးသည် အူမကြီးအတွင်း ကင်ဆာဆဲလ်များ ကြီးထွားမှုကို တားဆီးပေးနိုင်ကြောင်း သိရသည်။

Curcumin ဓာတုဒြပ်ပေါင်းသည် အူမကြီးအတွင်း ပျံ့နှံ့မှုအတွက် အန္တရာယ်ကြီးမားသည့် ကင်ဆာဆဲလ်များက အသုံးပြုတတ်သော ပရိုတင်းတစ်မျိုးကို ဖျက်ဆီးပေးခြင်းဖြင့် အူမကြီး ကင်ဆာဖြစ်ပွားမှုကို တားဆီးရာတွင် အထောက်အကူပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဓာတ်ခွဲခန်း စမ်းသပ်မှုရလဒ်များအရ Curcumin ဓာတုဒြပ်ပေါင်းသည် ကင်ဆာဆဲလ်များ ကြီးထွားမှုကို တားဆီးပေးနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

အူမကြီးကင်ဆာ ရောဂါကို ကာကွယ်ရေးအတွက် လူတစ်ဦးအနေဖြင့် Curcumin ဓာတုပစ္စည်းကို နေ့စဉ် နှစ်ဂရမ်ထိ စားသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

Ref : Russia Today

Trs : KKO

## အိုမီဂါ-၃ ဖက်တီးအက်စစ် အစားများပါက နှလုံးရှုတ်တရက်ဖောက်နိုင်ခြေ မြင့်တက်လာနိုင်

**ကင်ဘာရာ ဇူလိုင် ၃**

အိုမီဂါ-၃ ဖက်တီးအက်စစ် စားသုံးမှုမြင့်မားပါက နှလုံးရှုတ်တရက် ဖောက်နိုင်ခြေများ မြင့်တက်လာနိုင်ကြောင်း ဩစတြေးလျ သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂ ရက် သတင်းများအရ သိရသည်။

အဆီဓာတ်ကြွယ်ဝသည့် ငါးများ၊ သစ်စေ့သစ်ဆန်များနှင့် ထောပတ်သီးကဲ့သို့ အသီးအနှံများ၌ တွေ့ရတတ်သည့် အိုမီဂါ-၃ ဖက်တီးအက်စစ်ကို နှလုံးကျန်းမာရေးကို ကာကွယ်ပေးသည့် အဆီဓာတ်တစ်မျိုးအဖြစ် ရှေးယခင်က မှတ်ယူထားသည်။

သို့ရာတွင် ဩစတြေးလျ သုတေသန ပညာရှင်များ၏အဆိုအရ အိုမီဂါ-၃ ဖက်တီးအက်စစ်ကြောင့် ကိုယ်တွင်းရောင်ရမ်းမှုများ မြင့်တက်လာနိုင်ပြီး အဝလွန်နိုင်ခြေ၊ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေနှင့် နှလုံးဖောက်နိုင်ခြေများ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ဩစတြေးလျ သုတေသန ပညာရှင်များသည် လူပေါင်း ၂၈၀၀ တို့၏ စားသောက်ပုံအလေ့အထနှင့် ကျန်းမာရေးအခြေအနေများကို စောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အိုမီဂါ-၃ ဖက်တီးအက်စစ် ကြွယ်ဝသည့် အစားအစာများကို အစားများသူများ၌ Glye A ခေါ် ဓာတုပစ္စည်းများ ပေါ်ထွက်မှု မြင့်မားနေတတ်ကြောင်း သိရသည်။

Glye A ဓာတုပစ္စည်းများသည် နာတာရှည်ရောင်ရမ်းမှုပြဿနာ၊ ကင်ဆာရောဂါများ၊ နှလုံးပြဿနာများနှင့် ဆက်စပ်နေသည့် ဓာတုပစ္စည်းများ ဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# ကွန်ကာကပ် Gold cup ဗိုလ်လုပွဲစဉ်တွင် အမေရိကန်အသင်းနှင့် မက္ကဆီကိုအသင်းတို့ တွေ့ဆုံ



ဝါရှင်တန် ဇူလိုင် ၃

ကွန်ကာကပ် Gold cup ဆီမီးဖိုင်နယ်ပွဲစဉ်တွင် အမေရိကန်အသင်းက ဂွါတီမာလာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ မက္ကဆီကိုအသင်းက ဟွန်ဒူးရပ်စ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း နိုင်ပွဲရခဲ့သောကြောင့် ဗိုလ်လုပွဲစဉ်တွင် ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဆီမီးဖိုင်နယ် အဆင့်တွင် နည်းပြပိုချက်တီနို တာဝန်ယူနေသည့် အမေရိကန်အသင်းသည် ပွဲစကတည်းက ပြိုင်ဘက်ကို ဆက်တိုက်ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲချိန် လေးမိနစ်နှင့် ၁၅ မိနစ်တို့တွင် ဦးဆောင်ဂိုးများ ရရှိခဲ့ပြီးနောက် ပြိုင်ပွဲကို ထိန်းချုပ်ကစားခဲ့သော်လည်း ဂွါတီမာလာအသင်းက ချေပဂိုးရရှိရေး တိုက်စစ်မြှင့်တင်ကစားခဲ့မှုကြောင့် အကြိတ်အနယ်ရှိခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန်တွင် ဂွါတီမာလာအသင်းက လူစားလဲမှုများပြုလုပ်ကာ ကစားအားမြှင့်တင်လာခဲ့သဖြင့် ပွဲကစားချိန် မိနစ် ၈၀ တွင် ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း အမေရိကန်အသင်း၏ ခံစစ်ပိုင်းကိုကျော်ဖြတ်ရန် ခက်ခဲခဲ့သောကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အလားတူ မက္ကဆီကိုအသင်းနှင့် ဟွန်ဒူးရပ်စ်အသင်းတို့ ပွဲစဉ်တွင် မက္ကဆီကိုအသင်းက ပွဲစကတည်းက ပြိုင်ဘက်ကို ထိန်းချုပ်၍ အာရုံစိုက်ကစားလာသောကြောင့် တစ်ဖက်နှင့်တစ်ဖက် ဂိုးပေါက်ကန်သွင်းခွင့် မရခဲ့ဘဲ ပထမပိုင်းကို ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ဒုတိယပိုင်းအရောက်တွင် အထနေးလာသည့် ဟွန်ဒူးရပ်စ်အသင်းက မက္ကဆီကိုအသင်း တန်ပြန်တိုက်စစ်ကို ထိန်းမရသောကြောင့် ပွဲချိန် မိနစ် ၅၀ တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ကြောင်း သိရသည်။

ဗိုလ်လုပွဲစဉ်ကို လာမည့် ဇူလိုင် ၇ ရက်တွင် အမေရိကန်နိုင်ငံ ဟော်စတွန်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ယခင်က ထိပ်တိုက်တွေ့ဆုံမှု ၂၂ ကြိမ်တွင် အမေရိကန်အသင်းက ၁၀ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့သော်လည်း ကွန်ကာကပ် Gold cup ပြိုင်ပွဲတွင် မက္ကဆီကိုအသင်းက ၁၂ ကြိမ်ထိ ဆုဖလားရယူ၍ အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# လီဗာပူးအသင်း တောင်ပံကစားသမား ဂျိုတာ ကားမတော်တဆမှုကြောင့် ကွယ်လွန်

လန်ဒန် ဇူလိုင် ၃

လီဗာပူးအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ် အမှတ်ပေးဆုဖလားရယူနိုင်ခဲ့သည့် တောင်ပံကစားသမား ဂျိုတာသည် စပိန်နိုင်ငံတွင် ယနေ့နံနက်ပိုင်း၌ ကားမတော်တဆမှုဖြစ်ပွားခဲ့ရာ အသက် ၂၈ နှစ်ဖြင့် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် တောင်ပံကစားသမားသည် ညီဖြစ်သူ အသက် ၂၆ နှစ်ရှိအန်ဒရီနှင့် ကားမောင်းလာစဉ် စပိန်နိုင်ငံ ဆာနာဘရီယာပြည်နယ် ဇမ်မိုရာဒေသတွင် မတော်တဆမှုဖြစ်ပွားခဲ့ရာ ကားမီးလောင်ပေါက်ကွဲခဲ့သောကြောင့် နှစ်ဦးစလုံး အသက်ဆုံးရှုံးခဲ့ပြီး အဆိုပါဖြစ်စဉ်သည် အခြားကားတစ်စီးဖြင့်တိုက်မိခြင်း ဟုတ်၊ မဟုတ်ကို ရဲတပ်ဖွဲ့အနေဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ လီဗာပူးအသင်းနှင့် ပေါ်တူဂီအသင်း တိုက်စစ်ကစားသမား ဂျိုတာသည် တောင်ပံတိုက်စစ်ပိုင်းတွင် သာမက အထောင်တိုက်စစ်ပိုင်းတွင်လည်း လိုက်ပါကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ကစားသမားဘဝကို ပေါ်တူဂီကလပ် ပါကို့စ်အသင်းနှင့် စတင်ခဲ့ပြီးနောက် ခြေစွမ်းပြသနိုင်မှုကြောင့် ၂၀၁၆ ခုနှစ်တွင် အေတီကိုအသင်းက ခေါ်ယူခဲ့သော်လည်း ပွဲကစားခွင့် မပေးနိုင်သဖြင့် ပေါ်တိုအသင်းသို့သာ အငှားစာချုပ်ဖြင့် ပြန်လည်စေလွှတ်ခဲ့ရပြီး ၂၀၁၇ ခုနှစ်တွင် ပရီးမီးယားလိဂ်ကလပ် ဝုဗ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် လီဗာပူးအသင်းနှင့် ပူးပေါင်းခဲ့ချိန်တွင် ကစားသမားဘဝ အောင်မြင်မှုရခဲ့ပြီး အသင်းနှင့်အတူ အက်ဖ်အေဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် ပရီးမီးယားလိဂ်ဆုဖလားတို့ ဆွတ်ခူးနိုင်ခဲ့သည်။

ဂျိုတာ ကွယ်လွန်ခဲ့မှုကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အပါအဝင် လီဗာပူးအသင်းနှင့်အတူ အားကစားလောကမှ ကစားသမားများနှင့် နည်းပြများကလည်း ၎င်းအတွက် ဝမ်းနည်းကြောင်းပြောကြားခဲ့ပြီး ဆုတောင်းမှုများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းမှ အသက် ၂၁ နှစ်ရှိ လူငယ်ကွင်းလယ်ကစားသမား ကာဆာဒိုကို ချဲလ်ဆီးအသင်းက ခေါ်ယူရန် ချိတ်ဆက်မှုပြုလုပ်နေသောကြောင့် ဘာစီလိုနာအသင်း တာဝန်ရှိသူများက ကစားသမားအတွက် စာချုပ်ဖျက်သိမ်းကြေး သန်း ၁၀၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။
- အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅ သန်းဖြင့်ပြောင်းရွှေ့ရန် သဘောတူညီမှုရယူထားသည့် မို့ကွီရာကို ဗလင်စီယာအသင်းက အသင်းတွင် နောက်ထပ်တစ်ရာသီ ထပ်မံကစားရန် စီစဉ်ထားသောကြောင့် အပြောင်းအရွှေ့ ဖြစ်မြောက်ရန် မသေချာကြောင်း သိရသည်။
- ဘရန့်ဖို့ဒ်အသင်းက အသက် ၂၀ ရှိ ဖီရင်နူအသင်း ကွင်းလယ်ကစားသမား မီလမ်ဘိုကို လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

**ML**

# အာဆင်နယ်အသင်းက တိုက်စစ်မှူး ဂိုကာရက်စ်ကို ခေါ်ယူနိုင်ရန်နီးစပ်နေ

လန်ဒန် ဇူလိုင် ၃

အာဆင်နယ်အသင်းက စပို့တင်းလစ္စဘွန်းအသင်းမှ တိုက်စစ်ကစားသမား ဂိုကာရက်စ်ကို စာချုပ်ဖျက်သိမ်းကြေး ပေးချေကာ ၂၀၃၀ ခုနှစ်ထိ ကာလရှည်စာချုပ် ချုပ်ဆိုခေါ်ယူနိုင်ရန် အတွက် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

ဂိုကာရက်စ်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ကိုဗင်ထရီအသင်းမှ စပို့တင်းလစ္စဘွန်း အသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၅၂ ပွဲ ပါဝင်ကစားခဲ့ရာ ၅၄ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ဂိုကာရက်စ်ကို ပြီးခဲ့သည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် ကြိုးပမ်းခဲ့ကြသော်လည်း ဂိုကာရက်စ်ကိုယ်တိုင်က အသင်းတွင် ရာသီကုန်ထိ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်းနှင့် ဂိုကာရက်စ်တို့ ချုပ်ဆိုထားသည့် စာချုပ်အရ စာချုပ်လျော်ကြေးမှာ စတာလင်ပေါင် သန်း ၆၀ သာရှိနေသော်လည်း စပို့တင်းလစ္စဘွန်းအသင်းက စာချုပ်ဖျက်သိမ်းကြေးကို စတာလင်ပေါင် ၈၅ သန်းထိ အလိုရှိနေသည့်အတွက် ဂိုကာရက်စ်အနေဖြင့် အသင်းလုပ်ရပ်အပေါ် ဒေါသထွက်ခဲ့ပြီးနောက် လာမည့်ရာသီကြိုခြေစမ်းပွဲကာလတွင် အသင်းနှင့်မပူးပေါင်းဘဲ ဆန့်ကျင်ရန် ပြင်ဆင်ထားခြင်းဖြစ်သည်။

ဂိုကာရက်စ်ကိုအစောပိုင်းက မန်ယူအသင်းက ခေါ်ယူလိုသော်လည်း ဂိုကာရက်စ်ကိုယ်တိုင်က ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားလိုနေသည့်အတွက် မန်ယူအသင်းထက် အာဆင်နယ်အသင်းသို့သာ ပြောင်းရွှေ့ကစားလိုသောကြောင့် အာဆင်နယ်အသင်းက စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင်သန်း ၆၀ ဖြင့် ကာလရှည် စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# အေတီကိုအသင်းက ဗီလာရီးရဲလ်ကစားသမား ဘေနာကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်

မက်ဒရစ် ဇူလိုင် ၃

အေတီကိုအသင်းသည် ကွင်းလယ်ပိုင်း လိုအပ်ချက်အတွက် ဗီလာရီးရဲလ်အသင်း ကွင်းလယ်ကစားသမား ဘေနာကို ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ဝန်းကျင်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက် ငါးနှစ်သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အသက် ၂၃ နှစ်ရှိ ကွင်းလယ်ကစားသမား ဘေနာအတွက် အေတီကိုအသင်းက အပိုဆုကြေးအပါအဝင် ပြောင်းရွှေ့ကြေး ယူရိုသန်း ၅၀ ထိ ပေးချေခဲ့ရပြီးနောက် ယနေ့တွင် အေတီကိုအသင်းနှင့် ဆေးစစ်မှု အောင်မြင်ခဲ့သောကြောင့် လာမည့် ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပြီး မကြာမီ တရားဝင်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ဗီလာရီးရဲလ်အသင်း ကစားသမား ဘေနာသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကွင်းလယ်ပိုင်းတွင် အကောင်းဆုံး ပါဝင်၍ အမှတ်ပေးပြိုင်ပွဲ ၃၂ ပွဲတွင် သွင်းဂိုး ခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှုကိုးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီးနောက် အသင်းကို အမှတ်ပေးဇယား အဆင့်(၅)နေရာသို့ ပို့ဆောင်ပေးခဲ့ကာ ချန်ပီယံလိဂ်ဝင်ခွင့် ရယူပေးနိုင်ခဲ့သည်။

လက်ရှိ နွေရာသီအပြောင်းအရွှေ့ကာလတွင် အေတီကိုအသင်းသည် အစောပိုင်းက ဘက်တစ်အသင်း ကွင်းလယ်ကစားသမား ကာဒိုဆိုကိုခေါ်ယူရန် သဘောတူညီမှုရယူနိုင်ခဲ့ပြီးနောက် ယခုအခါ အတ္တလန်တာအသင်းမှ ရီဂါရီကို ပြောင်းရွှေ့ကြေး ယူရို ၁၇ သန်း၊ ဗီလာရီးရဲလ်အသင်းမှ ဘေနာကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၅၀ တို့ဖြင့် တစ်ပြိုင်တည်းခေါ်ယူနိုင်ခဲ့ပြီး ကစားသမားသုံးဦးထိ ဖြည့်တင်းနိုင်ခဲ့ကြောင်း သိရသည်။




**Ref : Espn**
**Trs : ML**

# အတ္တလန်တာအသင်းက လွတ်မန်းအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၅၂ သန်းသတ်မှတ်

ရောမ ဇူလိုင် ၃

အတ္တလန်တာ အသင်းက အသင်းမှ တိုက်စစ်ကစားသမား လွတ်မန်းအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၅၂ သန်း သတ်မှတ်ခဲ့ကြောင်း သိရသည်။

လွတ်မန်းသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က လိုက်ပ်ဇစ်အသင်းမှ အတ္တလန်တာအသင်းသို့ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက အတ္တလန်တာအသင်း ယူရိုပါလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့ရာတွင်လည်း အဓိက ကစားသမားတစ်ဦး အဖြစ်ပါဝင်ခဲ့သူဖြစ်သည်။




လွတ်မန်းသည် ယခုနှစ် ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၄၀ တွင် သွင်းဂိုး ၂၀ ထိ သွင်းယူနိုင်ခဲ့ကာ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သူဖြစ်ပြီး လက်ရှိ နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန်အတွက် ဆုံးဖြတ်ထားသူဖြစ်သည်။

လက်ရှိတွင် လွတ်မန်းကို အာဆင်နယ်အသင်း အပါအဝင် ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန် ပစ်မှတ်ထားနေသည့်အတွက် အတ္တလန်တာအသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၅၂ သန်း သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ကမ္ဘာ့အကောင်းဆုံးကစားသမားဆု ရရှိခဲ့သည့် ရိုဒရီ ယခုနှစ်အကောင်းဆုံး ဆန်ခါတင် ဦးရေ ၅၀ စာရင်းတွင် မပါဝင်နိုင်သည့် မှတ်တမ်းဆိုးပိုင်ဆိုင်ရန်နီးစပ်နေ

မန်ချက်စတာ ဇူလိုင် ၃

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ရိုဒရီသည် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်အတွက် ဆန်ခါတင်ကစားသမား ဦးရေ ၅၀ စာရင်းတွင် မပါဝင်ခဲ့သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်နိုင်ရန်အတွက် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

ရိုဒရီသည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်စီးတီးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီးနောက် အမ်ဘက်ပီနှင့် ဗင်နီစီးယပ်စ်တို့ကို ကျော်ဖြတ်ပြီး ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည် အနားယူခဲ့ရခြင်းဖြစ်သည်။

ရိုဒရီသည် လက်ရှိအမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ဖီဖာကလပ်ကမ္ဘာ့ပြိုင်ပွဲတွင် မန်စီးတီးအသင်းနှင့်အတူ ချန်ပီယံဆုဆွတ်ခူးနိုင်မည်ဆိုပါက ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင် ကစားသမား ၅၀ စာရင်းတွင် ပါဝင်နိုင်ဖွယ် ရှိနေသော်လည်း မန်စီးတီးအသင်းအနေဖြင့် အယ်လ်ဟိုင်လာအသင်းကို ရှုံးနိမ့်ပြီး ရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရသည့်အတွက် ရိုဒရီအနေဖြင့်လည်း ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားဦးရေ ၅၀ စာရင်းတွင် ပါဝင်ရန်မသေချာခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်ထိ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားများအနေဖြင့် နောက်နှစ်တွင် အနည်းဆုံး ဆန်ခါတင်ကစားသမားဦးရေ ၅၀ စာရင်းတွင် ဝင်ရောက်ခဲ့ပြီး ယခုအခါ ဆန်ခါတင်ဦးရေ ၅၀ စာရင်းတွင် မပါဝင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် ရိုဒရီက မှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်ရန် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# US Ryder Cup အသင်း ဒုတိယအသင်းခေါင်းဆောင်ရာထူးအတွက် ဝုဒ်လန်းကို ရွေးချယ်ကြောင်း ဘရက်ဒ်လေထုတ်ပြန်



ဝါရှင်တန် ဇူလိုင် ၃

Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် US Ryder Cup အသင်း၏ အသင်းခေါင်းဆောင်ဖြစ်သူ ဘရက်ဒ်လေသည် ပြိုင်ပွဲဝင်မည့်အသင်းကို ဦးဆောင်မည့် ဒုတိယ အသင်းခေါင်းဆောင် လေးဦးကို ရွေးချယ်ထားပြီးနောက် နောက်ဆုံးလက်ကျန် တစ်နေရာအတွက် ဝုဒ်လန်းကို ရွေးချယ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အသင်းခေါင်းဆောင် ဘရက်ဒ်လေအနေဖြင့် ဦးဆောင်မည့် အသင်းခေါင်းဆောင် အဖွဲ့အစည်းကို နေရာအပြည့်ခန့်အပ်ထားပြီးနောက် ကစားသမားရွေးချယ်မှုအပိုင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဦးဆောင်သည့် အဖွဲ့တွင် အသင်းခေါင်းဆောင် ဘရက်ဒ်လေနှင့် ဒုတိယအသင်းခေါင်းဆောင်ငါးဦး ပါဝင်မည်ဖြစ်ပြီး ကစားသမား ၁၂ ဦး ရွေးချယ်သွားမည်ဖြစ်သည်။

ရွေးချယ်သွားမည့် ကစားသမား ၁၂ ဦးတွင် ခြောက်ဦးမှာ ပြိုင်ပွဲများတွင် ရရှိခဲ့သည့် အောင်မြင်မှုပေါ်မူတည်၍ ရမှတ်များဖြင့် အမှတ်အများဆုံးကစားသမားခြောက်ဦးမှ အသင်းတွင် အလိုအလျောက် ပါဝင်ခွင့်ရမည်ဖြစ်သည်။

ကျန်ကစားသမား ခြောက်ဦးအား အသင်းခေါင်းဆောင် ဦးဆောင်သည့် ဦးဆောင်သူအဖွဲ့မှ ၎င်းတို့စိတ်ကြိုက် ကစားသမားကို ရွေးချယ်သွားမည်ဖြစ်သည်။

ဘရက်ဒ်လေက “ကျန်နေတဲ့ ဒုတိယအသင်းခေါင်းဆောင်နေရာ တစ်နေရာအတွက် ဝုဒ်လန်းကို ရွေးချယ်လိုက်ပါတယ်။ အဓိကဆုဖလားဆွတ်ခူးထားပြီး မြင့်မားတဲ့လယ်ဗယ်တစ်ခုနဲ့ ပြိုင်ပွဲဝင်နေဆဲဖြစ်တဲ့ ဝုဒ်လန်းကို ရွေးချယ်ရတာ အရမ်းကိုလွယ်ကူပါတယ်။ ကမ်းလှမ်းမှုကို လက်ခံပေးခဲ့တဲ့ ဝုဒ်လန်းကိုလဲ ကျေးဇူးတင်ပါတယ်။ Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ဝုဒ်လန်းဟာ အရမ်းတန်ဖိုးရှိတဲ့ ဒုတိယအသင်းခေါင်းဆောင်တစ်ယောက်ဖြစ်လာမယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ဝင်ဘယ်ဒန်ပြိုင်ပွဲ တတိယအဆင့်သို့ ဘယ်လာရုစ် တင်းနစ်မယ် ဆာဘာလင်ကာတက်ရောက်

လန်ဒန် ဇူလိုင် ၃

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) နေရာတွင်ရပ်တည်နေသည့် ဘယ်လာရုစ် တင်းနစ်မယ် ဆာဘာလင်ကာနှင့် ချက်တင်းနစ်မယ် ဘောက်ကိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၇-၆၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ဆာဘာလင်ကာသည် ဘောက်ကိုဗာအား ပထမပွဲငယ်တွင် ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး tie-break အဆင့်အထိ ယှဉ်ပြိုင်ကစားခဲ့ရသည်။

ဘောက်ကိုဗာ၏ ပထမပွဲငယ် စွမ်းဆောင်ရည်သည် ချန်ပီယံကို စိန်ခေါ်နိုင်သည့် စွမ်းဆောင်ရည်မျိုးဖြစ်သော်လည်း ဒုတိယပွဲငယ်တွင် Double faults များခဲ့သည့်အတွက်ကြောင့်လည်း ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဆာဘာလင်ကာက “ပထမပွဲငယ်မှာ တော်တော်လေးကို ခက်ခက်ခဲခဲ ကစားခဲ့ရတယ်။ နောက်ကနေ လိုက်ကစားခဲ့ရတဲ့ အခြေအနေလဲ ဖြစ်ပါတယ်။ ဘောက်ကိုဗာ ကစားသွားတာ အရမ်းကောင်းပါတယ်။ ပထမပွဲငယ်မှာ သူ့ရဲ့စပေးဘောတွေက အရမ်းကို ထိန်းရခက်တယ်။ ပထမပွဲငယ်မှာ စိတ်ပိုင်းဆိုင်ရာမှာလဲ အဆင်မပြေခဲ့ပါဘူး။ ဒီနှစ်ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲက ထူးခြားပါတယ်။ ကမ္ဘာ့အဆင့်ကစားသမားတော်တော်များများ ပထမအဆင့်မှာ ရှုံးနိမ့်သွားခဲ့ကြတယ်။ လာမဲ့အဆင့်တွေမှာ ကျွန်မအနေနဲ့ အခုဒီပွဲစဉ်မှာလို ဖိအားတွေနဲ့ ကစားရတာမျိုးမရှိအောင် အကောင်းဆုံး ပြင်ဆင်သွားမယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# လီဗာပူးအသင်းက လက်ထောက်နည်းပြသစ်အဖြစ် ကစားသမားဟောင်း ဗန်ဘရွန့်ကို ခန့်အပ်

လန်ဒန် ဇူလိုင် ၃

လီဗာပူးအသင်းက အသင်းမှ ထွက်ခွာခဲ့သည့် လက်ထောက်နည်းပြ ဟိုက်တင်ဂါ၏နေရာတွင် အာဆင်နယ်အသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဗန်ဘရွန့်ကို အစားထိုးခန့်အပ်ခဲ့ကြောင်း သိရသည်။

ဟိုက်တင်ဂါသည် ယခုနှစ် ဘောလုံးရာသီတွင် လီဗာပူးအသင်း၌ နည်းပြအာနီစလော့လက်အောက်တွင် လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အေဂျက်အသင်း နည်းပြအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် ယခုနှစ်ဘောလုံးရာသီအကုန်တွင် လီဗာပူးအသင်းမှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

အသက် ၅၀ ရှိ နည်းပြ ဗန်ဘရွန့်သည် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဖီရင်နုအသင်းနှင့် စတင်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ဖီရင်နုအသင်းနှင့်အတူ နယ်သာလန် အမှတ်ပေးဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

ထို့နောက် နည်းပြ ဗန်ဘရွန့်သည် ၂၀၁၉ ခုနှစ်က ဖီရင်နုအသင်းမှ ထွက်ခွာခဲ့ပြီးနောက် ရိန်းဂျားအသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၂ ခုနှစ်က စကော့တလန်ဖလား ဆွတ်ခူးပေးနိုင်ခဲ့သကဲ့သို့ ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်တက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ထို့နောက် နည်းပြ ဗန်ဘရွန့်သည် ယခုနှစ်ဘောလုံးရာသီတွင် ဘက်ဆစ်တပ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သော်လည်း ပွဲ ၂၀ သာ တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် အသင်းနှင့်လမ်းခွဲခဲ့ကာ ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ လီဗာပူးအသင်း လက်ထောက် နည်းပြအဖြစ် တာဝန် ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# မန်းတက္ကသိုလ် ဒုတိယအဓိပတိ ဦးကိုလေးရုပ်တုကပြောပြနေသည့် ဆရာတပည့်တို့၏မြင့်မြတ်စိတ်ထား



အနှစ် ၁၀၀ ပြည့်ပြီဖြစ်သည့် မန္တလေးတက္ကသိုလ် ရာပြည့်ပွဲကိုလာနွှဲခဲ့လျှင် ကျောင်းရှေ့ကဆရာကြီး ဦးကိုလေးရုပ်တုကိုရောက်လျှင် အသင်စာရှုသူမိတ်ဆွေ လေ့လာစေချင်သည်။ မန်းတက္ကသိုလ်သို့ ပါမောက္ခချုပ် တာဝန်ထမ်းဆောင်ရန် ပြန်လာသောအခါ ဆရာကြီး ၏ရုပ်တုက ကျောင်းရှေ့မှာရှိနေပါပြီ။ သို့ပါ၍ စာရေး သူသည် ကျောင်းအတွင်းရှိရုံးခန်းသို့ တာဝန်ထမ်း ဆောင်ရန်တိုက်ရိုက်မဝင်ပါ။ ဆရာကြီးရုပ်တုရှေ့သို့ သွား၍ ဦးညွှတ်ဂါရဝပြုရင်း "စစ်ပြီးခေတ်မှ ယနေ့ အခြေအနေရောက်သည်အထိ ဆရာကြီး တည်ထောင်ခဲ့သည့် မန်းတက္ကသိုလ်ကြီးကိုကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ ပိုကောင်းအောင်ကြိုးစားဆောင် ရွက်သွားပါမည်ခင်ဗျာ"ဟု ကတိပြုပြီးမှ ကျောင်း ပေါ်တက်၊ ပါမောက္ခချုပ်တာဝန်ကိုထမ်းဆောင်ခဲ့ပါ သည်။ ဆရာကြီး၏ရုပ်တုကိုဆရာကြီး၏ "သပည့်" များကဆရာကြီး၏အနှစ် ၁၀၀ ပြည့်ဖြစ်သည့် ၂၀၁၃ ခုနှစ် ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီတွင် စိုက်ထူ ခဲ့ခြင်းဖြစ်သည်။ ကျောင်းသို့ရောက်လာသော နိုင်ငံ ခြားသားဧည့်သည်အပေါင်းကို ဂုဏ်ယူစွာဖြင့် ကျွန်တော်ရှင်းပြခဲ့ပါသည်။ ဆရာကြီး၏ရုပ်တုက "ဆရာတပည့်တို့၏ကြီးမြတ်သည့်လေးစားရိုသေမှု၊ ကျောင်းကြီးအတွက် ကြိုးပမ်းနိုင်ခဲ့မှု"ကို ဖော်ပြ နေပေသည်။

**ဆရာကြီး၏ သပည့်များ**

တပည့် လေးမျိုးရှိပါသည်။ ၎င်းတို့မှာ တင်းပည့်၊ တုပည့်၊ သပည့်နှင့် အိုးလဲမထူတပည့် တို့ဖြစ်သည်။ ကျန်သုံးမျိုးကိုတော့ မရှင်းပြလိုတော့ ပါ။ သပည့်ဆိုသည်မှာ ဆရာက တသသချီးမွမ်းရ လောက်အောင်တော်သည့် တပည့်မျိုးပါ။ ယနေ့ မန္တလေးတက္ကသိုလ်၏ရှေ့တွင်မားမားမတ်မတ်တည် ရှိနေသော ၁၂ နှစ်သက်တမ်းရှိပြီဖြစ်သည့် ဒုတိယ အဓိပတိဦးကိုလေးရုပ်တုသည် လွယ်လွယ်ကူကူပေါ် ထွန်းလာသည်မဟုတ်ပေ။ ၂၀၁၂ ခုနှစ် မတ် ၂၅ ရက် တွင် ဆရာကြီးရာပြည့်ပွဲကျင်းပရေးကော်မတီတစ်ခု ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌမှာ နေပြည်တော် အလွတ် ပညာသင်ကျောင်းဟောင်း ကျောင်းအုပ်ကြီး ဦးညွှန့်မောင် (Mandalay Royal Hotel)ဖြစ်သည်။ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးအဖွဲ့၊ ဘဏ္ဍာ ရေးအဖွဲ့၊ စာရင်းစစ်အဖွဲ့၊ ပြန်ကြားရေးအဖွဲ့၊ စည်းရုံး ရေးအဖွဲ့ စသည်ဖြင့် စနစ်တကျဖွဲ့စည်းခဲ့သည်။ အစည်းအဝေးပေါင်း ၃၃ ကြိမ်ကျင်းပခဲ့သည်။ ရုပ်တုအဆင်သင့်၊ ကျောက်တိုင်ပါ ကျောက်စာထွင်း ပြီးဖြစ်သော်လည်း စိုက်ထူခွင့်ပြုချက်မရသေးပါ။ ဦးနေဝင်း(ကျောင်းအုပ်ကြီး(ငြိမ်း) ကလေး ကောလိပ်) ၏ အကြိမ်ကြိမ်ကြိုးပမ်းမှုဖြင့် သမ္မတရုံး ဝန်ကြီး ဦးအောင်မင်းမှတစ်ဆင့် သမ္မတကြီး ဦး သိန်းစိန်ခွင့်ပြုချက်ကိုရယူနိုင်သဖြင့် ဆရာကြီး၏ ရုပ်တုသည် ယခုလိုကြွားကြွားဝင့်ဝင့်စိုက်ထူနိုင်ခဲ့ ခြင်းဖြစ်သည်။

မည်၍မည်မျှဂုဏ်ပြုခံထိုက်သူဖြစ်ပါစေ၊ ဂုဏ် ပြုခံထိုက်သူဟုမြင်သူကရှားပါးလှသည်။ မြင်တတ် သည့်ပညာနှင့်လည်း ပြည့်စုံရပေဦးမည်။ မြင် သော်လည်း ဂုဏ်ပြုပူဇော်ထိုက်ပါတကားဟူသည့် ကျေးဇူးတရားသိတတ်သူများ ဖြစ်ရပေဦးမည်။ ဥက္ကဋ္ဌဆရာကြီး ဦးညွှန့်မောင်အပါအဝင် ယခုရာပြည့် ဖြစ်မြောက်ရေးကော်မတီဝင်များသည် တပည့် လေးမျိုးအနက် တတိယအမျိုးအစား၏အရည် အချင်းနှင့် ပြည့်စုံသူများဖြစ်၍ ဆရာကြီးကဲ့သို့ မြင့်မြတ်သူများဟုကျွန်တော်မြင်သည်။ ဆရာက လည်းပူဇော်ထိုက်ခြင်း၊ တပည့်များကလည်း ဆရာ့ ကျေးဇူးကိုသိခြင်းကြောင့်သာ ဤရုပ်တုပေါ်ထွက် လာခြင်းဖြစ်သည်။ သို့ပါ၍ ဤရုပ်တုတွင် ဆရာနှင့်တပည့်တို့၏ မြင့်မြတ်စိတ်ထားဝိညာဉ် ပေါင်းစည်းကိန်းအောင်းလျက်ရှိသည်။ ထို့အတူ ဆရာကတပည့်ကို အကျိုးပြု၊ တပည့်များကလည်း ဆရာ့ကျေးဇူးတရားကိုအထူးသိလျက် လက်တွေ့ ဆပ်နိုင်ခဲ့ခြင်းသည် အောင်မြင်သည့် မြန်မာ့ပညာ ရေး၏ ပြယုဂ်တစ်ခုအဖြစ် ကျွန်တော်တို့ကိုပြသနေ ခြင်းပါ။ မြန်မာ့ ယဉ်ကျေးမှုနယ်ပယ်ကဆရာတပည့် ဆက်ဆံရေးတွင် ထင်ဟပ်သော-

(က) ဆရာကတပည့်များအပေါ်ထားသည့်မေတ္တာ။

(ခ) ဆရာ၊ တပည့်အပြန်အလှန်ထားသည့်မေတ္တာ နှင့် သံယောဇဉ်။

(ဂ) တပည့်များကကျေးဇူးသိပြီး ကျေးဇူးဆပ်နိုင် မှုတို့ကိုဤရုပ်တုတွင် တွေ့မြင်နိုင်ပေသည်။

အထက်ပါအချက်များသည် နောက်မျိုး ဆက်များဖြစ်ကြသည့် ဆရာနှင့်တပည့်အပေါင်းတို့ ကိုမြင့်မြတ်သည့် ဆရာတပည့်ဆက်ဆံရေးကို ဆက်လက်ခံယူရန်နှင့်ပြန့်ပွားရန် အမွေအဖြစ် ရုပ်တုကတိုက်တွန်းနေသည်။ ဤသို့ သားစဉ်မြေး ဆက် ဆက်ခံနိုင်မည့်ကောင်းမွန်သည့်အမွေကို နောက်မျိုးဆက်ကိုပြသခဲ့ကြသည့် ဆရာကြီးဦးညွှန့် မောင်နှင့် ရာပြည့်ကော်မတီဝင်များကို ဘယ်ဆရာက မဆို၊ အထူးသဖြင့် မြင့်မြတ်ရာဘုံဘဝသို့ ရောက်နေ သည့် ဆရာကြီးဦးကိုလေးကလည်း တသသရှိပြီး ချီးမွမ်းနေကြပါလိမ့်မည်။ ထိုကဲ့သို့ ဆရာက အမြဲတမ်းသတိရ၊ ချီးမွမ်းရသည့် **သပည့်**များမန္တလေး တက္ကသိုလ်ကပေါ်ထွန်းခဲ့သည့်အတွက်လည်း ဆရာ ကြီးဦးညွှန့်မောင်တို့ ရာပြည့်ကျင်းပရေး **သပည့်** အဖွဲ့အတွက် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) တစ်ဦးအနေဖြင့် ဂုဏ်ယူပါကြောင်းနှင့် အထူးပင် လေးစားမိပါကြောင်းပြောပါရစေ။

နောက်မျိုးဆက်များဖြစ်သည့် ကျွန်တော်တို့ အနေဖြင့် ဆရာများကလည်း ဆရာကြီးဦးကိုလေး ကဲ့သို့ ဆရာကောင်း၊ ဆရာမြတ် ပီသမှုကိုပြနိုင်ပါမှ တပည့်များကလည်း သပည့်များပေါ်ထွန်းလာမှာမို့ ဆရာကြီးဦးကိုလေးနှင့် သူ၏ သပည့်များကိုအတုယူ ပြီး မန်းတက္ကသိုလ်၏ဂုဏ်ကို မြှင့်တင်ပေးကြပါရန် တိုက်တွန်းရင်း ၂၀၂၅ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ကျရောက်မည့် ဆရာကြီးဦးကိုလေး ရုပ်တု၏ ၁၂ နှစ်ပြည့်ကို ဂုဏ်ပြုရေးသားအပ်သည်။

**စစ်ပြီးခေတ်မန်းတက္ကသိုလ်ပြန်လည်ထူထောင်ရန် ကြိုးပမ်းမှုသမိုင်း**

ဆရာကြီးဦးကိုလေးရုပ်တုတွင် အစိတ်အပိုင်း နှစ်ခုပါသည်။ အပေါ်ဆုံးအပိုင်းမှာ ဦးကိုလေး၏ ကြေးသွန်းရုပ်တုပါ။ အောက်ခြေပိုင်းမှာကြေးရုပ်တု တင်ထားသည့် အုတ်ခုံတို့ဖြစ်ပါသည်။

**ကြေးရုပ်တုအချက်အလက်များ**

ဆရာကြီးဦးကိုလေး၏ ကြေးရုပ်တုတွင်-

၁။ မောင့်ကျက်သရေခေါင်းပေါင်း ပေါင်းထား ပြီး ဘွဲ့ဝတ်စုံဝတ်ထားကာ မျက်မှန် တပ်ထားသည်။

၂။ ရုပ်တုမှာကိုယ်တစ်ပိုင်းပုံဖြစ်ပြီး အမြင့် လေးပေ၊ အနံနှစ်ပေရှိကာကြေးပိဿာချိန် အလေးချိန် ၁၁၀ ရှိ၏။

**ကြေးရုပ်တုကျောက်တိုင်အချက်အလက်များ**

၁။ ကျောက်တိုင်အမြင့်မှာ ၁၀ ပေ ၅ လက်မ ဖြစ်သည်။

၂။ အောက်ခြေမှာ ၁၀ ပေပတ်လည်ဖြစ်သည်။

၃။ ကျောက်တိုင်သည် မျက်နှာစာလေးဖက်ရှိသည်။

၄။ မျက်နှာစာတစ်ခုစီတွင် ကျောက်ထက် အက္ခရာဖြင့် ကျောက်စာမှတ်တမ်းရေး ထိုးထားသည်။

**(၄-က) ရုပ်တုမျက်နှာမူရာဘက် ကျောက်စာ မှတ်တမ်း**

ဆရာကြီးဦးကိုလေးကြေးရုပ်တုသည် မန္တလေး တက္ကသိုလ် မျက်နှာမူရာမြောက်အရပ်သို့ မျက်နှာ မူထားပါသဖြင့် ပင်မအဆောက်အအုံကိုကျောပေး ထားသည်။ ထိုမျက်နှာစာတွင် "မန္တလေးတက္ကသိုလ် တည်ထောင်သူဒုတိယအဓိပတိဦးကိုလေး ၁၉၁၃- ၂၀၁၃၊ အထိမ်းအမှတ်ရုပ်တု၊ ဦးကိုလေး(ရာပြည့် ကျောင်းသားဟောင်းများ) ကော်မတီကစိုက်ထူ လှူဒါန်းသည်"ဟူသော မှတ်တမ်းကိုအပေါ်ဘက်တွင် မြန်မာဘာသာဖြင့်လည်းကောင်း၊ အောက်ဘက် တွင် အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ရေးထိုး ထားသည်။

**(၄-ခ) ရုပ်တု၏ ဝဲဘက်ခြမ်းကျောက်စာမှတ်တမ်း**

ရုပ်တုသည် မြောက်အရပ်သို့မျက်နှာမူထား သဖြင့် ရုပ်တု၏ဝဲဘက်ခြမ်းသည် အနောက်ဘက် အရပ်တွင်တည်ရှိသည်။ ၎င်းဘက်အခြမ်းတွင် အောက်ပါအတိုင်းရေးထိုးထားပါသည်-

**ဒုတိယအဓိပတိဆရာကြီး ဦးကိုလေး၏ အတ္ထုပ္ပတ္တိ အကျဉ်း**

- အဖဦးဘကောင်း (မြို့ဝန်နွယ်)၊ အမိဒေါ်တင် (အတွင်းဝန်နွယ်)
- ၁၉၁၃ ခုနှစ် ဩဂုတ် ၂၃ ရက်၊ စနေနေ့၊ စစ်ကိုင်း မြို့၌မွေးဖွား
- M.Sc.(Landon);A.I.C;D.I.C;F.I.c.(Pracitical)

ပညာရေးဝန်ကြီးဦးရာဇတ်၏ တာဝန်ပေးချက် အရ ၁၉၄၇ ခုနှစ် မေ ၂၉ ရက် မန္တလေးရောက်၊ နေရာ၊ အဆောက်အအုံရုံး၊ ကျောင်းသုံးပရိဘောဂ၊ ဆရာ၊ ကျောင်းသားဘာမှမရှိသည်ကို အရှိဖြစ်အောင် အခက်အခဲအမျိုးမျိုးကြားမှ ကြိုးစားဆောင်ရွက်၍ လုပ်ငန်းစတင်ပြီး ၄၉ ရက်အကြာ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် မန္တလေးယူနီဗာစတီကောလိပ် (UCM) ကိုအောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့် ပထမဦးဆုံး ကျောင်းအုပ်ကြီး။

ရည်ရွယ်ချက်အတိုင်း ၁၀ နှစ်အကြာ ၁၉၅၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ်(M.U)ဖွင့်လှစ်နိုင် ခဲ့သည့် ပထမဦးဆုံး ဒုတိယအဓိပတိ။

အင်္ဂလိပ်-မြန်မာနှစ်ဘာသာ ကျွမ်းကျင်စွာဖြင့် ကဗျာ၊ အလင်္ကာ၊ ဆောင်းပါး၊ နိုင်ငံရေးစာပေများ၊ ဘာသာပြန်စာပေများကိုယ်စဉ်ကပင်ရေးသားခဲ့သည်။

ပင်စင်ယူပြီးနောက် ဘာသာရေးစာပေများ ရေးသား၍ ဆရာကောင်းများထံဝိပဿနာတရား အားထုတ်ခဲ့သည်။ မင်းကွန်းဆရာတော်ကြီး၏ မြန်မာဗုဒ္ဓဝင်ခြောက်တွဲ၊ အုပ်ရေရှစ်အုပ်နှင့် အခြား ဗုဒ္ဓဘာသာကျမ်းစာအုပ် ကိုးအုပ်ကိုအင်္ဂလိပ်ဘာသာ ပြန်၍ကမ္ဘာသို့ ဗုဒ္ဓသာသနာဖြန့်ဝေခဲ့သည်။

ဝဏ္ဏကျော်ထင်၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဦးအုန်းဖေတစ်သက်တာစာပေဆု၊ စာပေဗိမာန်စာပေ ဆုများ၊ ဘွဲ့များရရှိခဲ့သည်။

၂၀၁၃ ခုနှစ် ဇွန် ၅ရက် ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ၊ ဇေယျာရွှေမြေ၊ ညေ့ပါမောက္ခရိပ်သာ၌ ကွယ်လွန်သည် ဟူ၍ဖြစ်သည်။

**(၄-ဂ) ရုပ်တု၏ ယာဘက်ခြမ်းကျောက်စာမှတ်တမ်း**

ရုပ်တုယာဘက်ခြမ်းသည် အရှေ့ဘက်အရပ် တွင်ဖြစ်၍ အောက်ပါအတိုင်း မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် မှတ်တမ်းရေးထိုးထားပါသည်-

**မန္တလေးတက္ကသိုလ်မှာပို့ချမည့် ပညာရေးစနစ်၏ ရည်ရွယ်ချက်**

မန္တလေးတက္ကသိုလ်တွင် ပို့ချလျက်ရှိသော ပညာရေးစနစ်မှာ အောင်လက်မှတ်ဘွဲ့ရရုံပညာသင် ကြားနည်းမဟုတ်ဘဲရှေ့သွားနမူနာများကို အားကျ စေရန် လက်ညှိုးညွှန်ပြလျက် ယဉ်ကျေးသိမ်မွေ့၊ ကိုယ်ကျင့်တရားကောင်းမွန်၊ တာဝန်ဝတ္တရားသိ နားလည်၍ စည်းကမ်းဥပဒေစောင့်သိရိုသေတတ် သော၊ ကိုယ်ထူးကိုယ်ချွန်ပုဂ္ဂိုလ်များဖြစ်မြောက်ရေး ရည်ရွယ်ရင်းဖြင့် သင်ကြားပို့ချခြင်းဖြစ်သည်။

တက္ကသိုလ်မှ မွေးထုတ်သူများသည်အရည် အချင်းပြည့်ရမည်။ စိတ်ကောင်းစေတနာကောင်းရှိရ မည်။ မျိုးချစ်စိတ်ဓာတ်ရှိရမည်။ တိုင်းပြည်အတွက် ဆောင်ရွက်ရမည်။

**(၄-ဃ) ရုပ်တု၏ နောက်ဘက်ခြမ်းကျောက်စာ မှတ်တမ်း**

ရုပ်တု၏နောက်ဘက်ခြမ်းသည် တောင်ဘက် အရပ်တွင်တည်ရှိသည်။ ထိုမျက်နှာစာတွင် ဆရာကြီး ဦးကိုလေးနှင့်အတူ စစ်ပြီးခေတ် မန္တလေးယူနီဗာစတီ ကောလိပ်ကိုစတင်တည်ထောင်စဉ်က အတူတကွ ကြိုးပမ်းခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများကို အောက်ပါအတိုင်းမှတ်တမ်းရေးထိုးထားပါသည်-

မန္တလေးယူနီဗာစတီကောလိပ်၏ မန္တလေး တက္ကသိုလ်ပညာနန်းတော်ကြီးကို အောက်ပါပုဂ္ဂိုလ် ၂၄ ဦးက ၁၉၄၇ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ဦးကိုလေး နှင့် ပူးတွဲစတင်တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း မော်ကွန်းကမ္ပည်းတင်ပါသည်-

| | | |
|---|---|---|
| ၁ | ဦးကိုလေး (ကျောင်းအုပ်ကြီး) | ဓာတုဗေဒနှင့် စိုက်ပျိုးရေးဓာတုဗေဒကထိက |
| ၂ | မစ္စတာဂျေမူနီ | အင်္ဂလိပ်စာကထိက |
| ၃ | ဦးစိန်ဝင်း | မြန်မာစာကထိက |
| ၄ | ဦးဘတုတ် | သင်္ချာကထိက |
| ၅ | ဦးသိန်းမောင် | ပထဝီဝင်ကထိက |
| ၆ | မစ္စတာအလီအာမက် | ရူပဗေဒကထိက |
| ၇ | ဒေါ်အုံး | အရှေ့တိုင်းပညာဌာန |
| ၈ | ဒေါ်မမကြီး | ရာဇဝင်ကထိက |
| ၉ | အက်စ်အာချောင်ဒရီး | တက္ကဗေဒ |
| ၁၀ | ဦးအေးလှိုင် | ဘောဂဗေဒကထိက |
| ၁၁ | မစ္စတာအက်စ်အာနူး | အင်္ဂလိပ်စာနည်းပြဆရာ |
| ၁၂ | ဦးကိုကိုကြီး | အင်္ဂလိပ်စာနည်းပြဆရာ |
| ၁၃ | ဒေါ်သန်းမေ | မြန်မာစာနည်းပြဆရာ |
| ၁၄ | ဦးလှတင် | ပထမကျော်ဓမ္မာစရိယ၊ မြန်မာစာနည်းပြဆရာ |
| ၁၅ | ဦးဘရှိန် | ဓာတုဗေဒသရုပ်ပြဆရာ |
| ၁၆ | မစ္စတာမီးဆူဘရာမူနီ | ဓာတုဗေဒသရုပ်ပြဆရာ |
| ၁၇ | ဦးကိုကို | ပါဠိနည်းပြဆရာ |
| ၁၈ | ဦးတင်ဝင်း | ရူပဗေဒသရုပ်ပြဆရာ |
| ၁၉ | ဦးလှအုံး | စိုက် ပျိုး ရေး ရုက္ခ ဗေ ဒ ကထိက |
| ၂၀ | ဒေါက်တာအယ် | စိုက်ပျိုးရေးရုက္ခဗေဒ ကထိကအင်ဆက် ဘီအေအက်စ်(၂) |
| ၂၁ | ဦးလှထွန်း (ဘီအေအက်စ်) | စိုက်ပျိုးရေးကထိက |
| ၂၂ | ဦးမြတ်စိုး | စိုက် ပျိုး ရေး ရုက္ခ ဗေ ဒ ကထိက |
| ၂၃ | ဦးဘဘေ (ဘီအေအက်စ် ၂) | စိုက်ပျိုးရေးကိမိလဗေဒ ကထိက |
| ၂၄ | မစ္စတာအမ်အမ်မီနွမ် | စိုက်ပျိုးရေးဓာတုဗေဒ ကထိက |

စာမျက်နှာ ၁၁ သို့ ➤

# တေးသံရှင် ရွှေထူး၏ တံခါးဖွင့်ထားပါတယ် တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar တွင် ပြုလုပ်သွားမည်ဖြစ်




ရန်ကုန် ဇူလိုင် ၃

တေးသံရှင် ရွှေထူး၏ တံခါးဖွင့်ထားပါတယ် တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ဇူလိုင် ၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ရွှေထူးထံမှ သိရသည်။

အဆိုပါ တေးသံရှင် ရွှေထူး၏ တစ်ကိုယ်တော်တေးဂီတ ဖျော်ဖြေပွဲတွင် Transporter Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီ တီးခတ်ပေးသွားမည်ဖြစ်သည့်အပြင် Transporter Music Band ၏ ပင်တိုင်တေးသံရှင်များက အားဖြည့်ကူညီ သီဆိုပေးသွားမည် ဖြစ်ကြောင်း သိရသည်။

" Transporter Bar မှာ လာမဲ့ ဇူလိုင် ၆ ရက်ညမှာ ရှိနေပါမယ်။ ကျွန်တော့်ရဲ့ သီဆိုမှုတွေအပြင် Transporter ရဲ့ စင်မြင့်ထက်မှာ Transporter Music Band နဲ့ ပင်တိုင် Vocals တွေကလဲ အကောင်းဆုံး တီးခတ်သီဆိုသွားမှာဖြစ်ပါတယ်။ မီးရောင်စုံတွေအောက်မှာ အတူတူဒွန့်ဖို့အတွက်လဲ DJ Artists တွေက အကြမ်းဆုံး Beats တွေနဲ့ စောင့်နေပြီဆိုတော့ အပြတ်လန်းမဲ့ ဇူလိုင် ၆ ရက်ညကို ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ရွှေထူးက ပြောပြသည်။

တေးသံရှင် ရွှေထူး ၏ တံခါးဖွင့်ထားပါတယ် တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ဇူလိုင် ၆ ရက် ည ၇ နာရီတွင် စတင်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ASH

# မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက ၁၅ ကြိမ်မြောက် သက်ကြီးဟာသပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တွင် ပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးက ၁၅ ကြိမ်မြောက် သက်ကြီး ဟာသပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို အစဉ်အလာမပျက် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ လူရွှင်တော် ဒိန်းဒေါင်ထံမှ သိရသည်။

အဆိုပါ ၁၅ ကြိမ်မြောက် သက်ကြီး ဟာသပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဇူလိုင် ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ် (၄၈) ရပ်ကွက်၊ မိဘကျေးဇူးဆပ်ဘုရားဝင်းအတွင်းရှိ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး (ရန်ကုန်တိုင်းဒေသကြီး) ရုံးတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

" ပွဲစီစဉ်မှုနဲ့ ပတ်သက်တဲ့ အခြေအနေကို ပွင့်ပွင့်လင်းလင်း ပြောရရင် ဘယ်လိုမှ အဆင်မပြေပါဘူး။ အလှူရှင်တွေကိုလဲတအား အားနာပါတယ်။ လျှောင် ပြန်လည်ထူထောင်ရေး အခြေအနေမှာ အလှူရှင်တွေကို လှူပါ လှူပါလို့ လဲမပြောရက်ပါဘူး။ အဓိက အခက်အခဲဆို ငွေကြေးပိုင်းပေါ့။ နေပြည်တော်မှာ ကပွဲစီစဉ်ဖို့နဲ့ သွားလာရေး အခက်အခဲရှိတယ်လေ။ ရန်ကုန်မှာက လမ်းပန်း ဆက်သွယ်ရေးက အဆင်ပြေပြီး နေထိုင်ရေးအတွက် သက်သာတာကြောင့်လဲ ရန်ကုန်မှာပဲ ကျင်းပဖို့ စီစဉ်လိုက်တာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ သက်ကြီးလူရွှင်တော်အဖေကြီးတို့အတွက် ဆေးပဒေသာပင်စိုက်ထူကာ လစဉ်လှူဒါန်းပေးနိုင်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ဘက်ကလဲ တတ်နိုင်သလောက် လှူဒါန်းကူညီသွားဖို့ရှိပါတယ်"ဟု မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ လူရွှင်တော် ဒိန်းဒေါင်ကပြောပြ၍ သိရသည်။

ASH

➢ စာမျက်နှာ ၁၀ မှအဆက်

စသည်တို့ကိုမှတ်တမ်းတင်ထားပါသည်။

အထက်ပါ ပုဂ္ဂိုလ်များအနက်မှ သင်္ချာကထိကဆရာကြီး ဦးဘတုတ်သည် အသက်တစ်ရာအတွင်း ရောက်သည့် ၂၀၂၀ ပြည့်နှစ်၌ ရန်ကုန်မြို့တွင် ကွယ်လွန်သွားပါသည်။

အထက်ပါကျောက်စာမှတ်တမ်းများသည် စစ်ပြီးခေတ် မန္တလေးတက္ကသိုလ်ပြန်လည်ဖွင့်လှစ်ရေးကြိုးပမ်းမှုသမိုင်းပင်ဖြစ်သည်။ ထိုစဉ်က ပူးပေါင်းပါဝင်သူများကိုလည်းမှတ်တမ်းတင်ထားသည်။ ထိုကျောက်စာမှတ်တမ်းတွင် "မန္တလေးတက္ကသိုလ်ပညာရေးရည်မှန်းချက်" လည်း ပါဝင်နေသည်။ နောက်ဆုံးတွင် လှူဒါန်းသူအဖွဲ့ဖြစ်သည့် ရာပြည့်ကော်မတီကိုပါ မှတ်တမ်းထားသည်။ ပုံမှန်အားဖြင့် တက္ကသိုလ်တည်ထောင်သူရုပ်တုကို တက္ကသိုလ်အာဏာပိုင်များကသာ ထုလုပ်လေ့ရှိကြ၍ မန္တလေးတက္ကသိုလ်ကသာ စိုက်ထူသည်ဟု ထင်ကြပေလိမ့်မည်။ ဆရာကြီး၏ရုပ်တုကား ထိုသို့မဟုတ်ကြောင်းနှင့်ကျောင်းသားဟောင်းများဖြစ်ကြသည့် ဆရာကြီးဦးကိုလေးရာပြည့်ကော်မတီကဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းကိုလည်း တစ်ပါတည်းရေးထိုးခဲ့ကြခြင်းဖြစ်သည်။ နောင်တွင် အငြင်းပွားစရာမလိုတော့ပေ။ အမှန်တွင် "မနေ့က အဖြစ်အပျက်ဟာဒီနေ့အဖို့သမိုင်းပါပဲ" မနေ့က အားနည်းခဲ့ခြင်း၊ အောင်မြင်ခဲ့ခြင်း၊ မလုပ်ခဲ့ခြင်း၊ လုပ်ခဲ့ခြင်းများသည် သည်နေ့အတွက် ကောင်းသည့် သင်ခန်းစာ သို့မဟုတ် ရှောင်ရှားစရာများမို့ မှတ်တမ်းရေးထိုးထားနိုင်ခြင်းသည် သမိုင်းသက်သေပင်။

သို့ပါ၍ ဆရာကြီးဦးကိုလေး၏ရုပ်တုသည် "ဆရာနှင့်တပည့်တို့ကြီးမြတ်သည့် သံယောဇဉ်" ဆရာကောင်းဆရာမြတ်အပေါ် ကျေးဇူးသိတတ်သည့် "သပည့်များ"၏မြင့်မြတ်စိတ်ထားကိုထင်ရှားစွာဖော်ညွှန်းနေပါသည်။ ထို့အတူရုပ်တုတွင် ရေးထိုးထားသည့်ကျောက်စာမှတ်တမ်းတို့သည်လည်း မန္တလေးတက္ကသိုလ်၏သမိုင်းအစိတ်အပိုင်းတစ်ခုကိုဖော်ပြနေပါသည်။ ရုပ်တုမရှိမီက ကျောင်းတက်ခဲ့ကြသော အဝေးရောက် မန္တလေးတက္ကသိုလ်ကျောင်းသားဟောင်းများ၊ မန္တလေးမြို့သူ၊ မြို့သားများ၊ သုတေသီများနှင့် အထက်အညာက သတင်းစာဖတ်ပရိသတ်များ ခင်ဗျာ မန်းတက္ကသိုလ်ရာပြည့်ပွဲလာခဲ့လျှင် ဆရာကြီးဦးကိုလေး၏ ရုပ်တုကိုလည်း လေ့လာသွားသင့်ပါကြောင်း ဆရာကြီးဦးကိုလေး ရုပ်တုက ပြောပြနေသည့် "ဆရာတပည့်အပြန်အလှန်လေးစားမှုနှင့် မန်းတက္ကသိုလ်၏ သမိုင်းအစိတ်အပိုင်းတစ်ခုကို မျှဝေလိုက်ရပါသည်။

**ဒေါက်တာမောင်သင်း**

# The Devil Wears Prada-2 ဇာတ်ကား၌ မင်းသား ကင်နက်ဘရာနက် ပါဝင်လာ

နယူးယောက် ဇူလိုင် ၃

၂၀ ရာစုရုပ်ရှင်၏The Devil Wears Prada–2 ဇာတ်ကားတွင် အော်စကာဆုရမင်းသား ကင်နက်ဘရာနက်ပါဝင်လာကြောင်း ဇူလိုင် ၂ ရက် သတင်းများအရ သိရသည်။

၎င်းဇာတ်ကားတွင် မင်းသား ကင်နက်ဘရာနက်နှင့်အတူ မင်းသမီး မာရီစထရစ်၊ အန်နီဟေသာဝေး၊ အမ်မလီဘလန့်နှင့် စတန်လေ တူစီတို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ၂၀ ရာစု ရုပ်ရှင်စတူဒီယိုသည် The Devil Wears Prada–2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို စတင်နေပြီဖြစ်သည်။

အဆိုပါဇာတ်ကားကို မူလ The Devil Wears Prada ဒါရိုက်တာ ဒေးဗစ်ဖရန့်ကယ်က တာဝန်ယူ ရိုက်ကူးလျက်ရှိသည်။

ဇာတ်ညွှန်းကိုလည်း မူလ The Devil Wears Prada ဇာတ်ညွှန်းရေးဆရာ ဘရော့မက္ကင်နာက ရေးသားပေးထားသည်။

လက်ရှိအချိန်တွင် The Devil Wears Prada–2 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ၂၀ ရာစုရုပ်ရှင် စတူဒီယိုက ပြောကြားထားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# House of Games ဇာတ်ကားသစ်၌ ဗိုင်အိုလာဒေးဗစ်နှင့် အက်ဘီဒူမာတင်း-၂ တို့ ပါဝင်မည်

နယူးယောက် ဇူလိုင် ၃

Amazon MGM ၏ House of Games ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး ဗိုင်အိုလာဒေးဗစ်နှင့် မင်းသား ယာယား အက်ဘီဒူမာတင်း–၂ တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၂ ရက် သတင်းများအရ သိရသည်။

House of Games ဇာတ်ကားသည် လူနာတစ်ဦးကို ကူညီရန်ကြိုးစားရင်း လောင်းကစား ကမ္ဘာထဲ ရောက်ရှိသွားသော အမျိုးသမီးစိတ်ရောဂါကု ဆရာဝန်တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားသည် MGM ရုပ်ရှင်၏ House of Games (1987) ကိုပြန်လည်ဆန်းသစ် ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

မူလ House of Games ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဖာမက်က ရိုက်ကူးခဲ့ပြီးဝတ္ထုဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားခဲ့သည်။

Amazon MGM ၏ House of Games ဇာတ်ကားကို ရိုက်ကူးပေးမည့် ဒါရိုက်တာကို မသိရသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် ဗိုင်အိုလာဒေးဗစ်နှင့် ယာယားအက်ဘီဒူမာတင်း–၂ တို့သည် ထုတ်လုပ်သူများအဖြစ်လည်း တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# A video speech delivered by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing at the ceremony to mark the Myanmar Women's Day

## (3 July 2025)

**Ladies and Gentlemen, Mingalaba!**

First of all, I would like to extend my greetings and best wishes for peace of mind, good health, and all kinds of auspicious blessings to all the distinguished guests attending today's ceremony in honour of the 2025 Myanmar Women's Day.

Today's Myanmar Women's Day is a special and significant day for all Myanmar women living across the country. It is a day to honour outstanding women who are actively contributing to various important sectors of the nation. At the same time, it is also an occasion organized to inspire and empower women from all walks of life. Therefore, I would like to express my heartfelt tribute to all Myanmar women.



Senior General Min Aung Hlaing delivers a video speech at the ceremony to mark Myanmar Women's Day.

Myanmar women are compassionate, resilient, and capable individuals. They have made strong and active contributions not only to the fields such as politics, economics, social affairs, education, craftsmanship, and the arts, but also alongside men in national defence, security, and administration. Their dedication to the nation's development is clearly evident. Today, it is also increasingly apparent that Myanmar women are participating in decision-making roles across various sectors, reflecting their growing leadership and influence.

At a time when the State Administration Council has assumed responsibilities of the State unavoidably, many patriotic and dedicated women have stepped forward to serve bravely in various sectors such as national defence, security, education, health, and administration. Likewise, they have also made remarkable and commendable contributions to the realms of religion, literature, and fine arts. Therefore, as part of honouring Myanmar Women's Day, the State proudly recognizes these outstanding women by conferring honorary titles and awards in appreciation of their exceptional service.

The International Women's Day, which fell on 8 March, was celebrated around the world—including in Myanmar—under the theme "Invest in Women: Accelerate Progress Towards Equality." This year also marks the 30th anniversary of the Beijing Declaration and Platform for Action. In alignment with this milestone, efforts have been encouraged globally to further enhance the capacity of women and girls across all sectors and ensure they have greater access to opportunities.

In implementing these initiatives, actions are being carried out in alignment with the 12 key areas of the National Strategic Plan for the Advancement of Women. These efforts are also being implemented in accordance with the provisions of the 2008 Constitution of the Republic of the Union of Myanmar.

Myanmar is actively participating in international commitments aimed at promoting the advancement of women and ensuring gender equality. The country is implementing actions based on the Beijing Declaration and Platform for Action, which includes 12 critical areas of concern and was adopted at the Fourth World Conference on Women held in Beijing, China, in 1995. Myanmar is also working in line with the Convention on the Elimination of All Forms of Discrimination Against Women (CEDAW), adopted by the United Nations in 1979, and the Sustainable Development Goals (SDGs) established by the UN in 2015.

In addition, Myanmar is actively taking part in initiatives of ASEAN region, including programmes for the prevention of violence against women, the Women, Peace and Security (WPS) agenda, the Gender Mainstreaming Strategic Framework, and action plans promoting women's political participation and leadership. Similarly, Myanmar is also engaged in implementing gender-related strategic plans in collaboration with Mekong region countries, aiming to promote and enhance the rights of women.

In advancing the role of women, individual capacity is important, but it is equally essential to ensure that more women can participate in decision-making positions. According to the 2024 Myanmar Statistical Yearbook, as of the end of March 2024, women made up 60.14 per cent of the civil service workforce. Among those in decision-making positions, women accounted for 53.63 per cent of officials at the level of deputy director and above.

According to the 2024 Myanmar Statistical Yearbook, based on birth and death records in the health sector, the average life expectancy in 2022 was about 63 years for men and about 72 years for women, indicating that women live longer than men. Moreover, the rates of infant mortality (under one year), under-five child mortality, and overall birth rates have been declining year by year. This shows that women's health awareness and healthcare have been improving.

The foundation of a nation's development lies in the abundance of educated and skilled people. Therefore, it is essential to increase the number of knowledgeable and skilled human resources. The government is committed to promoting higher education levels and well-rounded development for all citizens. We are also actively working to enhance modern education and technology training to empower our youth—who are the future leaders—and striving to improve literacy rates and education completion levels.

According to the 2024 ASEAN Regional Gender Review Report, jointly conducted by the ASEAN Secretariat and UN Women, women's political participation in ASEAN countries stands at 22 per cent. Annually, 9 per cent of women experience violence from intimate partners. Women also spend more than twice the amount of time men do on unpaid care and household work. Regarding access to technology, 69 per cent of men own mobile phones compared to only 63 per cent of women. There is also a noted gender disparity in land ownership. In Myanmar, the adolescent birth rate is only 0.2 per cent—the lowest among ASEAN countries—indicating progress in reproductive health awareness and education.

According to research surveys, Myanmar is working through national, operational, and regional women's committees to enhance the capacities and development of women and girls across various sectors. The government urges all relevant ministries and organizations involved in the National Strategic Plan for the Advancement of Women (2023-2032)—including the steering committee and the 12 working committees—to increase their efforts and collaboration in implementing this plan effectively.

Furthermore, when carrying out reconstruction efforts in disaster-affected areas, it is requested that gender-sensitive plans be implemented. Everyone is encouraged to come together to support all women—both in rural and urban areas—to regain livelihoods and improve their economic capacities through sustainable income-generating activities.

In conclusion, for the success of peace processes and the establishment of a Union based on the federalism and democratic system, it is essential that the entire women's community work together hand in hand with all men in unity and cooperation. Therefore, I urge all citizens—including women—to come together in greater solidarity and active participation than ever before for the development and future of the nation. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses International Conference on Intellectual Property – 2025



Senior General Min Aung Hlaing addresses the International Conference on Intellectual Property – 2025.

**Nay Pyi Taw July 3**

International Conference on Intellectual Property – 2025 was held at Jasmine Naypyitaw Hotel here this morning with an address delivered by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Joint SAC Secretary General Ye Win Oo, SAC members, union level dignitaries, union ministers, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Council chair, deputy ministers, departmental officials, internal and external intellectual property (IP) experts, rectors, local and foreign resource persons, legal experts, intellectual property doctoral students, members of associations and honoured guests.

The Senior General formally inaugurated the International Conference on Intellectual Property – 2025 through the application of digital technology.

Artistees of the Fine Arts Department, Ministry of Religious Affairs and Culture sang songs in commemoration of the conference.

In his keynote address, the Senior General said the improvement of a country's economy and living standard depends on the factors including creativity, MSME development, and increase in investment and trade flow. Especially, the scope of intellectual property rights is growing and has become an essential part in the areas of foreign trade, foreign investment and science and technology cooperation. In this regard, a firm intellectual property system is very supportive of industrial development and foreign investment growth in modernizing and developing a country.

Identification of the international method of exercising the intellectual property system, pros and cons and future action are the aims of the conference. Moreover, promotion of intellectual property knowledge, innovation, creativity and entrepreneurship, development of investment, trade and commerce, and supportive of national economic growth are also its other goals. The conference is organized for holding discussions aimed at strengthening the intellectual property (IP) ecosystem that encourages innovation, economic progress and cultural conservation in Myanmar.

Section 37 (c) of the 2008 Constitution states, "The Union shall permit citizens right of private property, right of inheritance, right of private initiative and patent in accord with the law." Section 372 also states, "The Union guarantees the right to ownership, the use of property and the right to private invention and patent in the conduct of business if it is not contrary to the provisions of this Constitution and the existing laws."

In Myanmar, the four key intellectual property (IP) laws are the Trademark Law, Industrial Design Law, Copyright Law, and Patent Law. These laws were enacted in 2019 and provide a framework for protecting various forms of IP. Trademark Law, Industrial Design Law, and Patent Law came into force in 2023 and Copyright Law in 2024, and they are being implemented as special laws.

As Myanmar is a member of World Trade Organization (WTO) and World Intellectual Property Organization (WIPO), it must abide by the Trade Related Aspect of Intellectual Property Rights (TRIPS Agreement). Likewise, it should partake in the ASEAN Framework Agreement on Intellectual Property Co-operation.

In addition, the country is materializing the ASEAN intellectual property rights action plan included in ASEAN Economic Community (AEC) and like other regional and ASEAN countries, it is exercising intellectual property rights.

As a nation, we are actively working with regional countries to achieve the Sustainable Development Goals set by the United Nations. Additionally, Myanmar is implementing the Myanmar Sustainable Development Plan (MSDP) (2018-2030), a comprehensive, long-term, and balanced national development plan. Intellectual property rights play a significant role in these plans, contributing greatly to fostering innovation and establishing sustainable industries by promoting the use of intellectual property systems.

Innovation is an ongoing necessity for humanity, and the advancements we enjoy today are due to the contributions of early innovators. To enhance innovation and creativity, there is a need to create an ecosystem that connects universities, research institutions, and MSME entrepreneurs. Furthermore, the trademarks, creative designs, inventions, and literary and artistic works used by MSME entrepreneurs can be protected through intellectual property systems.

Collaboration between universities, research institutions, and MSMEs to commercialize innovations is a common practice in economically developed countries worldwide. Therefore, promoting the use of intellectual property rights in the MSME sector is essential.

The International Intellectual Property Conference 2025, starting today, will discuss efforts by ASEAN and partner countries to advance intellectual property systems, technological progress, intellectual property protection for MSME development, digital media and intellectual property, and the protection of local products and traditional knowledge. Through research papers presented by domestic and international experts, participants will gain a deeper understanding of the importance of intellectual property and related knowledge.

Entrepreneurs and future generations of youth will have the opportunity to learn successful approaches, best practices, and lessons in the field of intellectual property. Attendees will benefit from the knowledge and insights shared through research papers, enabling them to address intellectual property challenges and issues while enhancing their understanding and sharing the acquired knowledge for broader impact.

The outcomes and insights gained from the International Intellectual Property Conference will serve as a driving force to develop a modern and effective intellectual property system to foster a thriving economic ecosystem. Relevant ministries, organizations, and experts are urged to collaborate responsibly in their respective sectors.

Following this, the Senior General and attendees watched a documentary on the International Conference on Intellectual Property – 2025.

They then took a group photo and toured the commemorative exhibition of the conference with great interest.

The International Conference on Intellectual Property – 2025 will be held until July 4, with domestic and international presenters discussing relevant topics.


Senior General Min Aung Hlaing visits the commemorative exhibition of the conference.

# Daw Kyu Kyu Hla, wife of SAC Chairman Prime Minister, graces Myanmar Women's Day 2025 ceremony



Daw Kyu Kyu Hla watches a video clip depicting the milestones in development of women at the Myanmar Women's Day 2025 ceremony.

**Nay Pyi Taw July 3**

The Myanmar Women's Day 2025 ceremony was held at Thiriyadana Hall of Myanmar Women's Affairs Federation in Dekkhinathiri Township in Nay Pyi Taw this morning and Honorary Patron of Myanmar Women's Affairs Federation Daw Kyu Kyu Hla, the wife of the Chairman of the State Administration Council Prime Minister, attended the ceremony.

Also present at the ceremony were Honorary Patrons of the federation Daw Khin Thet Htay and Daw Than Than Nwe, the wife of the SAC secretary, the wife of the SAC joint secretary, wives of SAC members, the wife of the chairman of Constitutional Tribunal of the Republic of the Union of Myanmar, union ministers and their wives, the wives the auditor general of the union and the chairman of the Union Civil Service Board, the wife of the chairman of Nay Pyi Taw Council, the governor of the Central Bank of Myanmar, wives of senior military officers, the wife of the chairman of the Union of Myanmar Economic Holding Public Company, the wife of the commander of Nay Pyi Taw Command, guests of honour, judges of the Union Supreme Court, female members of the Constitutional Tribunal of the Union, deputy ministers and their wives, the deputy auditor general, members of the Union Civil Service Board, members of Anti-corruption Commission, the wife of the chairman of the Revenue Appellate Tribunal, the chairman of Nay Pyi Taw Union Territory Women's Affairs Committee and his wife, permanent secretaries, director generals, officials from the MWAF and women's affairs organization, department heads, outstanding women from respective sectors and guests.

First, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an opening speech through a video message. (The opening speech of the Senior General is published separately.)

Then, Chairman of Myanmar National Committee on Woman Union Minister for Social Welfare, Relief and Resettlement Dr Soe Win clarified the efforts for development of women, promotion of women's rights and prevention of all forms of violence against women.

Afterward, a video clip depicting the milestones in development of women was screened.

Then, honorary prizes were presented to outstanding women in various sector in 2024 and Honorary Patron of the MWAF Daw Kyu Kyu Hla presented honorary medal, certificate and cash awards to Second Lieutenant Daw Nandar Kyaw of the Office of the Commander-in-Chief (Army), who won the best parade award, Second Lieutenant Daw Lapyae Win of the Office of the Commander-in- Chief (Navy), who won the best cadet award, and Captain Daw Shwe Wutyee of the Office of the Commander-in-Chief (Air), who honorary award of the Commander-in-Chief (Air).



Daw Kyu Kyu Hla presents honorary medal, certificate and cash award to a winner.

Then, Honorary Patron Daw Khin Thet Htay presented honorary medals, certificates and cash awards to Police Lance Corporal Lutchmee, who won the outstanding women police award, and outstanding member of the Red Cross Society Daw Lin Lin Htike while Honorary Patron Daw Than Than Nwe presented honorary medals, certificates and cash award to Ma Htet Htet Aye, who won an outstanding athlete award in the 2024 women paralympic sports event and Ma Khin Cherry Thet, who won outstanding award in the 2024 women petanque sports event.

Then, the wife of the SAC secretary presented honorary medals, certificates and cash awards to Daw Cho Cho Maw, who accepted the honorary awards on behalf of national literary prize winner Daw Mya Mya Than and Daw Khin Wutyee while the wife of the SAC joint secretary presented honorar medals, certificates and cash awards to Dr Thin Myo Myo Aung, who won an outstanding award, and Daw Kyay Kyay Zin, who won outstanding women entrepreneur award.



Daw Than Than Nwe presents honorary medal, certificate and cash award to a winner.



A winner accepts honorary medal, certificate and cash award.



A winner accepts honorary medal, certificate and cash award.

Afterward, wives of SAC members and Union Minister for SWRR Dr Soe Win presented honorary medals, certificates and cash awards to outstanding women entrepreneurs.

Then, Honorary Patron MWAF Daw Kyu Kyu Hla posed for documentary photographs together with the participants and inspected the products manufactured by girls' school and women organizations under the ministry and displayed in commemoration of the Myanmar Women's Day 2025.

100

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဘရာဇီးနိုင်ငံက အိန္ဒိယထုတ် Akash ဒုံးကျည်နှင့် Garuda ဟောင်ဝစ်အမြောက်လက်နက်များဝယ်ယူရန် စီစဉ်နေ




ဘရာဇီးနိုင်ငံသည် အိန္ဒိယနိုင်ငံထုတ် Akash မြေပြင်မှဝေဟင်ပစ် ဒုံးကျည်နှင့် Garuda ဟောင်ဝဇ်အမြောက်လက်နက်များ ဝယ်ယူရန်စီစဉ်နေကြောင်း အိန္ဒိယနိုင်ငံ Bharat သတင်းဌာနက ဖော်ပြခဲ့သည်ဟု The Defense Post သတင်းဌာနက ဇူလိုင် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဝယ်ယူမှုသည် ဘရာဇီးနိုင်ငံအနေဖြင့် နိုင်ငံတကာ ကန်ထရိုက်တာကုမ္ပဏီများနှင့်ပူးပေါင်း၍ နိုင်ငံ့တပ်မတော်ကို ခေတ်မီအဆင့်မြှင့်တင်ရေး ကြိုးပမ်းချက် တစ်ရပ်လည်းဖြစ်သည်။ ယခုအခါ အိန္ဒိယနိုင်ငံသည် ဘရာဇီးနိုင်ငံသို့ စစ်လက်နက်ပစ္စည်းများရောင်းချပေးနိုင်ရေးအတွက် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတိုင်း ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။

နှစ်နိုင်ငံသဘောတူညီမှုများ ရရှိမည်ဆိုပါက ဝယ်ယူရေးဆောင်ရွက်မှုတွင် နည်းပညာဆိုင်ရာ လွှဲပြောင်းပေးအပ်မှု၊ ပူးတွဲသုတေသနလုပ်ဆောင်မှု၊ လေ့ကျင့်သင်တန်းပေးမှုနှင့် ပူးပေါင်းထုတ်လုပ်မှုတို့ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

Akash ဒုံးကျည်နှင့် Garudaလက်နက်များအပြင် အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့သည် စစ်မြေပြင်ဆက်သွယ်ရေးစနစ်များ၊ ကမ်းရိုးတန်းစောင့်ကြပ်ကြည့်ရှုရေး၊ ကမ်းလွန်ကင်းလှည့် ရေယာဉ်သစ်များ တိုးတက်ဖွံ့ဖြိုးရေး အစရှိသည်များကိုပါ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် ကြိုးပမ်းသွားရန်ရှိနေသည်။ နှစ်နိုင်ငံစလုံးသည် ၎င်းတို့၏ သက်ဆိုင်ရာ ရေတပ်များတွင် တပ်တော်ဝင်အသုံးပြုလျက်ရှိသော ပြင်သစ်နိုင်ငံထုတ် Scorpène အတန်းအစား ရေငုပ်သင်္ဘောများအတွက် ပံ့ပိုးရေးလုပ်ငန်းများ ပူးတွဲလုပ်ဆောင်နိုင်မှုအပေါ်လည်း အကဲဖြတ်ဆန်းစစ်သွားမည်ဖြစ်သည်။

Akash ဒုံးကျည်သည် အလျားခြောက်မီတာ၊ အချင်း စင်တီမီတာ ၃၀ ရှိပြီး အလေးချိန် ကီလိုဂရမ် ၇၂၀ ရှိသည်။ ၎င်းတွင် အစိုင်အခဲလောင်စာသုံး တွန်းကန်အားစနစ်၊ လေအားဖြည့်ရော့ကတ်နှင့် ရမ်ဂျက်မော်တာတို့ကို ပေါင်းစပ်ထားသည့် အင်ဂျင်၊ ပေါက်ကွဲစများ ပြန့်ကြဲတိုက်ခိုက်နိုင်သော အဖျက်စွမ်းအားပြင်း Frag-mentation ထိပ်ဖူး၊ Radio-Proximity Fuze စနက်တံတို့ တပ်ဆင်အသုံးပြုထားသည်။Akash ဒုံးကျည်သည် အမြန်ဆုံး အလျင်နှုန်း (တစ်နာရီလျှင် ၃၀၈၇ ကီလိုမီတာ)ဖြင့် အမြင့်မီတာ ၂၀၀၀၀ နှင့် အကွာအဝေး ကီလိုမီတာ ၃၀ ထိ ပစ်မှတ်များကိုတိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ Garuda ဟောင်ဝဇ်ဇာအမြောက်စနစ်သည် လေးဘီးတပ်ယာဉ်ပေါ်တွင် တပ်ဆင်ထားသော ၁၀၅ မီလီမီတာ စစ်မြေပြင်သုံး အပေါ့စားအမြောက်ဖြစ်ကြောင်း သိရသည်။

အဆိုပါအမြောက်စနစ်သည် မြေမျက်နှာသွင်ပြင် အနေအထားအားလုံးတွင် ဖြန့်ကြက်အသုံးပြုနိုင်ပြီး ၁၀ မိနစ်လျှင် အမြောက်ကျည် ခြောက်တောင့် ပစ်ခတ်နိုင်မည်ဖြစ်သည်။ ၎င်းသည် အလျင်နှုန်း တစ်စက္ကန့်လျှင် ၄၇၅ မီတာနှင့် အများဆုံး ပစ်ခတ်နိုင်သော အကွာအဝေး ကီလိုမီတာ ၂၀ ထိ တိုက်ခိုက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**India’s Akash Missile, Garuda Artillery Draw Interest From Brazil ကို ဘာသာပြန်ဆိုထားပါသည်။**

## ရိုမေးနီးယားက လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များဝယ်ယူမှုတွင် အစ္စရေး Rafael ကုမ္ပဏီကို ရွေးချယ်ခဲ့

ရိုမေးနီးယားနိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာနသည် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များ Very Short and Short Range Air Defense (V/SHORAD) ဝယ်ယူမှုတွင် တင်ဒါယှဉ်ပြိုင်ခဲ့သည့် အစ္စရေးနိုင်ငံ Rafael ကုမ္ပဏီကို တရားဝင်ရွေးချယ်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရားဝင် ထုတ်ပြန်ချက်တစ်ခုအရ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးက Rafael ကုမ္ပဏီ၏ ကမ်းလှမ်းမှုကို ထုတ်ပြန်ကြေညာပြီးနောက် ကန့်ကွက်ခြင်းမရှိဘဲ အတည်ပြုနိုင်ခဲ့သည့်အတွက် လာမည့် ရက်သတ္တပတ်များအတွင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် တင်ဒါယှဉ်ပြိုင်မှုလုပ်ငန်းစဉ်ကို အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

VAT (ထပ်ဆောင်းအခွန်နှုန်းထား) အပါအဝင် ခန့်မှန်းခြေအားဖြင့် ယူရို ၁ ဒသမ ၉ ဘီလီယံ ရှိသော ဤမဟာဗျူဟာမြောက် သဘောတူစာချုပ်သည် ယနေ့ထိ ရိုမေးနီးယားနိုင်ငံ၏ အကြီးမားဆုံးလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များဝယ်ယူဖြည့်တင်းမှုတစ်ရပ်ဖြစ်ကာ နိုင်ငံ၏ အလွှာလိုက်လေကြောင်းရန်ကာကွယ်ရေး ဖွဲ့စည်းတည်ဆောက်မှုကို ခေတ်မီအောင် လုပ်ဆောင်ရာတွင် အဓိကလုပ်ဆောင်ချက်တစ်ရပ်လည်းဖြစ်သည်။

အဆိုပါဝယ်ယူမှုသည် ခရုဇ်ဒုံးကျည်များ၊ ဒရုန်းများ၊ ပုံသေတပ်တောင်ပံများ၊ ပန်ကာတပ်လေယာဉ်များနှင့် ဒေသတွင်း ပဋိပက္ခများတွင် ပိုမိုမြင်တွေ့နေရသည့် အနိမ့်နှင့် အလယ်အလတ်ပျံ လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်နိုင်စွမ်း တိုးမြှင့်ပေးခြင်းဖြင့် NATO အဖွဲ့၏ အရှေ့ဘက်ခြမ်းကိုလွှမ်းခြုံ ကာကွယ်ထားနိုင်ရန် ရည်မှန်းထားသည်။

ရိုမေးနီးယား ကာကွယ်ရေးဝန်ကြီးဌာနက မည်သည့်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် ဝယ်ယူမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း Rafael ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ NATO အဖွဲ့ဝင်နိုင်ငံများနှင့် မဟာမိတ်နိုင်ငံများ အများဆုံးအသုံးပြုနေသည့် SPYDER (Surface-to-air Python and Derby) လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်ကိုဝယ်ယူရန် ရာခိုင်နှုန်းအများဆုံး ဖြစ်ကြောင်း၊ Rafael ၏ SPYDER လက်နက်စနစ်သည် လေယာဉ်၊ မောင်းသူမဲ့လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် တာတိုပစ် ပဲ့ထိန်းဒုံးကျည်များကဲ့သို့သော အမျိုးမျိုးသော လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။



လက်နက်စနစ်တွင် တာတိုနှင့် တာလတ်ပစ် ကြားဖြတ်တိုက်ပွဲဝင်စွမ်းရည်များ ပေါင်းစပ်အသုံးပြုနိုင်မှုသည် ရိုမေးနီးယားနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်တွင် အဆင့်မြင့် Patriot တပ်ခွဲများနှင့် အနာဂတ်တွင် ဝယ်ယူဖြည့်တင်းနိုင်မည့် တာဝေးပစ် လေကြောင်းရန် ကာကွယ်ရေးစနစ်များကဲ့သို့သော မဟာဗျူဟာမြောက် လေကြောင်းရန် ကာကွယ်ရေးစွမ်းအားများကြား အရေးကြီးသောကွာဟချက်ကိုဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း သိရသည်။

လုံခြုံရေးဆိုင်ရာစိုးရိမ်မှုများမြင့်တက်လာနေသည့် ဒေသတွင်းအခြေအနေများအရ လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များ (V/SHORAD)ဝယ်ယူရေးသဘောတူစာချုပ်သည် ရိုမေးနီးယားနိုင်ငံ၏ အတားအဆီးနှင့် လေပိုင်နက်ကာကွယ်ရေးကို တိုးတက်ကောင်းမွန်စေကာ အပြန်အလှန် လုပ်ဆောင်နိုင်သောဖြေရှင်းနည်းများဖြင့် တားဆီးကာကွယ်မှုအားကောင်းစေရန် တိကျရှင်းလင်းသည့် ရည်ရွယ်ချက်ကို ထင်ဟပ်စေလျက်ရှိသည်။ Rafael ကုမ္ပဏီအတွက်၊ ရိုမေးနီးယားနိုင်ငံ၏ရွေးချယ်ခံရမှုသည် ယနေ့ထိ ၎င်း၏အကြီးမားဆုံး ဥရောပ၏ လေကြောင်းရန်ကာကွယ်ရေးဝယ်ယူမှုသဘောတူညီချက်များထဲမှ တစ်ခုကို ကိုယ်စားပြုနေပြီး ဥရောပတိုက်ပေါ်တွင် ၎င်း၏ရပ်တည်ချက်ကို တိုးချဲ့နိုင်ရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်လာနိုင်မှုကို ဖော်ညွှန်းပြသလျက်ရှိကြောင်း သိရသည်။

**Breaking News: Romania Awards €1.9 Billion Short Range Air Defense Contract to Israel’s Rafael ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ- ၂၀၂၅(International Conference on Intellectual Property–2025)ကို Digital နည်းပညာအသုံးပြု၍ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။

**ရှေ့ဖုံးမှအဆက်**

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ-၂၀၂၅ (International Conference on Intellectual Property–2025 ကို Digital နည်းပညာအသုံးပြု၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ညီလာခံအထိမ်းအမှတ် တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးနှင့်လူနေမှုအဆင့်အတန်းမြင့်မားမှုသည် ကဏ္ဍအလိုက် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှု၊နိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်စီးဆင်းမှုများပြားလာမှုစသည့် အချက်များအပေါ်တွင်မူတည်လျက်ရှိကြောင်း၊ အထူးသဖြင့် နိုင်ငံခြားကုန်သွယ်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် မူပိုင်ခွင့်ကိစ္စသည် ပိုမိုကျယ်ပြန့်လာပြီး မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ **ထို့ကြောင့်နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် ခိုင်မာတောင့်တင်းသည့် မူပိုင်ခွင့်စနစ်တည်ရှိနေခြင်းသည် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမြင့်မားလာစေရေးတို့အတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။**

မူပိုင်ခွင့်ကဏ္ဍနှင့်စပ်လျဉ်းပြီး နိုင်ငံတကာ၏ မူပိုင်ခွင့်စနစ်ကျင့်သုံးနေမှုအခြေအနေ၊ အားသာချက်၊အားနည်းချက်နှင့်ဆက်လက်ဆောင်ရွက်သင့်သည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရန်အတွက် ယခုကဲ့သို့ နိုင်ငံတကာမူပိုင်ခွင့်ညီလာခံကို ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ပြင် မူပိုင်ခွင့်ဆိုင်ရာအသိပညာဗဟုသုတများ မြင့်မားတိုးတက်စေရန်၊ ဆန်းသစ်တီထွင်မှု၊ ဖန်တီးနိုင်မှုနှင့် စွန့်ဦးတီထွင်မှုတို့ကိုမြှင့်တင်ပေးရန်၊ရင်းနှီးမြှုပ်နှံမှု၊ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်မှုပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်တို့သည်လည်း ညီလာခံ၏ရည်ရွယ်ချက်များပင်ဖြစ်ကြောင်း၊ ယခုညီလာခံကြီးကို "မြန်မာနိုင်ငံတွင်ဆန်းသစ်တီထွင်မှု၊စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုထိန်းသိမ်းမှုတို့ကို အားပေးလှုံ့ဆော်သော မူပိုင်ခွင့်ဂေဟစနစ်ကိုအားကောင်းစေရန်"ဆိုသည့်ဦးတည်ချက်ဖြင့်ဆွေးနွေးသွားကြရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် ခိုင်မာတောင့်တင်းသည့် မူပိုင်ခွင့်စနစ်တည်ရှိနေခြင်းသည် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမြင့်မားလာစေရေးတို့အတွက် များစွာအထောက်အကူပြုစေမည်ဖြစ် . . .**

**ပညာရှင်များဖတ်ကြားမည့် မူပိုင်ခွင့်ဆိုင်ရာသုတေသနစာတမ်းများမှ ဗဟုသုတများနှင့် တွေ့ရှိချက်များကိုလေ့လာသုံးသပ်ပြီး မူပိုင်ခွင့်ဆိုင်ရာစိန်ခေါ်မှုများ၊ ပြဿနာများကို ဖြေရှင်းပေးနိုင်မည့် မူပိုင်ခွင့်ဆိုင်ရာအသိအမြင်များကို ပိုမိုတိုးတက်မြင့်မားလာပြီး ရရှိသည့် အသိပညာများကို လက်ဆင့်ကမ်းမျှဝေအကျိုးပြုနိုင်ကြလိမ့်မည်ဟု ယုံကြည် . . .**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ပုဒ်မ၃၇(ဂ)တွင် "နိုင်ငံသားများအားပစ္စည်းပိုင်ဆိုင်ခွင့်၊အမွေဆက်ခံခွင့်၊ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊တီထွင်ခွင့်နှင့်မူပိုင်ခွင့်တို့ကိုဥပဒေပြဋ္ဌာန်းချက်နှင့်အညီခွင့်ပြုရမည်"ဟု ပြဋ္ဌာန်းထားကြောင်း၊ ထို့ပြင် ပုဒ်မ ၃၇၂ တွင်လည်း "ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊သုံးစွဲခွင့်နှင့်ကိုယ်ပိုင်တီထွင်ခွင့်၊မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်"ဟုလည်း ပြဋ္ဌာန်းထားကြောင်း။

ထို့ကြောင့် ပြည်သူများ၏ အကျိုးစီးပွားနှင့် တီထွင်ဖန်တီးမှုများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်စေရန်အတွက် မူပိုင်ခွင့်ဥပဒေ လေးမျိုးဖြစ်သည့်ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေများကို ၂၀၁၉ ခုနှစ်အတွင်း၌ အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့်စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေများကို ၂၀၂၃ ခုနှစ်ထဲတွင် လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေကို ၂၀၂၄ ခုနှစ်တွင် လည်းကောင်းအာဏာတည်ခဲ့ပြီး အထူးဥပဒေ(Special Law)များအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေး

## နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ ပထမနေ့ Session 1 သို့ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံတကာမူပိုင်ခွင့်ညီလာခံကို ယနေ့နှင့် ဇူလိုင် ၄ ရက်တို့တွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ယနေ့ ပထမနေ့Session 1 တွင် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးက တက်ရောက်၍ အမှာစကားပြောကြားသည်။

မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌက နိုင်ငံတကာမူပိုင်ခွင့်ညီလာခံကို မြန်မာနိုင်ငံတွင် ဆန်းသစ်တီထွင်မှု၊စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးတို့ကို အားပေးလှုံ့ဆော်သည့် မူပိုင်ခွင့်ဂေဟစနစ်အားကောင်းစေရန်ဦးတည်ချက်ဖြင့် စီးပွားရေးကဏ္ဍ၊လူမှုရေးကဏ္ဍ၊သိပ္ပံနှင့်ယဉ်ကျေးမှုကဏ္ဍများတွင် မူပိုင်ခွင့်၏အရေးပါပုံကို သိရှိစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း၊နိုင်ငံတကာအဆင့်မူပိုင်ခွင့်ညီလာခံသည် နိုင်ငံတော်တွင် လက်ရှိကျင့်သုံးဆောင်ရွက်နေသည့် မူပိုင်ခွင့်စနစ်၏ အားသာချက်၊ အားနည်းချက်များကို အခြားမူပိုင်ခွင့်စနစ် ဖွံ့ဖြိုးသောနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာနိုင်စေရန်၊ ပိုမိုကောင်းမွန်သည့်စနစ်တစ်ရပ်ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် ညီလာခံ၏ပြည်တွင်း၊ ပြည်ပ စာတမ်းများမှတစ်ဆင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်မည်ဖြစ်၍ မူပိုင်ခွင့်စနစ်တစ်ရပ်တည်ထောင်နိုင်ရန် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးသော ကမ္ဘာ့နိုင်ငံအသီးသီးတွင်စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်မှာ အရေးကြီးသည်ဖြစ်ရာ ကျောင်းသား၊ကျောင်းသူများ၊ လူငယ်လူရွယ်များကို အရွယ်အပိုင်းအခြားအလိုက် မူပိုင်ခွင့်အသိပညာပေးခြင်း၊တီထွင်ဖန်တီးလိုစိတ်များမြင့်မားစေရန် အားပေးလှုံ့ဆော်ခြင်း၊ တက္ကသိုလ်သုတေသနဌာနများမှတီထွင်ဖန်တီးမှုများကိုဈေးကွက်တွင် ဖြန့်ဖြူးနိုင်ရန် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်းများကိုမူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အသုံးပြုသူပြည်သူများ၊ တီထွင်သူ၊ ဖန်တီးသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကို မူပိုင်ခွင့်ဆိုင်ရာအသိပညာဗဟုသုတများ စဉ်ဆက်မပြတ်ဖြန့်ဝေသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ဖြင့် ပြောကြားသည်။

နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ Session 1 သို့ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဝင်ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ ဖိတ်ကြားထားသော ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်တွင်း၊ ပြည်ပမှမူပိုင်ခွင့်ပညာရှင်များ၊ Keynote Speaker များနှင့်စာတမ်းရှင်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ညီလာခံအထိမ်းအမှတ်တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

အဖွဲ့(WTO)နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့(WIPO) တို့၏အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူပိုင်ခွင့်နှင့်ဆက်စပ်သည့်ကုန်သွယ်မှုဆိုင်ရာသဘောတူစာချုပ် (Trade Related Aspect of In-tellectual Property Rights-TRIPS Agreement)ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများအကြား မူပိုင်ခွင့်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (ASEAN Framework Agreement on In-tellectual Property Co-operation)ကိုလည်း ပါဝင်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။

ထို့ပြင် အာဆီယံစီးပွားရေးအသိုက်အဝန်း(ASEAN Economic Community-AEC)တွင်ပါရှိသည့် အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းစီမံချက်ကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အခြားသောဒေသတွင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများနည်းတူမူပိုင်ခွင့်ကိစ္စများတွင် လိုက်နာကျင့်သုံး အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ကုလသမဂ္ဂအဖွဲ့က သတ်မှတ်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို ဒေသတွင်းနိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့်ဘက်စုံရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈-၂၀၃၀) (Myanmar Sustainable Development-Plan-MSDP)ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းများတွင် မူပိုင်ခွင့်က အခန်းကဏ္ဍတစ်ခုအနေဖြင့်ပါဝင်နေသည့်အတွက် ကဏ္ဍအားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့သည့်စက်မှုလုပ်ငန်းတည်ထောင်ခြင်း အပါအဝင်ဆန်းသစ်တီထွင်မှုများကို အားပေးမြှင့်တင်ရာတွင် မူပိုင်ခွင့်စနစ်ကျင့်သုံးခြင်းကများစွာအထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း။

ဆန်းသစ်တီထွင်မှုများသည် လူသားအားလုံးအတွက် အစဉ်အမြဲလိုအပ်နေသည့်အရာဖြစ်ကြောင်း၊ရှေးဦးတီထွင်ဆန်းသစ်သူများကြောင့်လည်း ယနေ့ဖွံ့ဖြိုးတိုးတက်မှုများကို မိမိတို့ရရှိခံစားနေကြရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆန်းသစ်တီထွင်မှုနှင့်ဖန်တီးမှုများ မြင့်မားတိုးတက်လာစေရန်အတွက်တက္ကသိုလ်များ၊သုတေသနဌာနများနှင့် MSME လုပ်ငန်းရှင်များအကြားချိတ်ဆက်ပေးမည့် ဂေဟာစနစ်တစ်ရပ်ကိုလည်းဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းရှင်များအသုံးပြုလျက်ရှိကြသည့် အမှတ်တံဆိပ်များ၊ ထုတ်လုပ်သည့် ဖန်တီးမှုဒီဇိုင်းများ၊တီထွင်ဖန်တီးမှုများနှင့် စာပေနှင့် အနုပညာလက်ရာများသည် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်ဖြင့်အကာအကွယ်ရယူနိုင်မည်ဖြစ်ကြောင်း။

တက္ကသိုလ်များနှင့်သုတေသနဌာနများက တီထွင်ဖန်တီးမှုများကို ဈေးကွက်တွင်ဖြန့်ဖြူးနိုင်စေရန်အတွက် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးနေသည့်စနစ်တစ်ရပ်ဖြစ်သည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME ကဏ္ဍတွင်မူပိုင်ခွင့်အသုံးချမှုမြှင့်တင်နိုင်ရေးကိုလည်း တွန်းအားပေးဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယနေ့ကစပြီးကျင်းပပြုလုပ်မည့် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ-၂၀၂၅တွင် အာဆီယံနိုင်ငံများနှင့်မိတ်ဖက်နိုင်ငံများ၏ မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍအစုံကဆောင်ရွက်နေမှုများ၊နည်းပညာတိုးတက်မှုများ၊အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်မူပိုင်ခွင့်အကာအကွယ်ယူခြင်းကဏ္ဍ၊ ဒစ်ဂျစ်တယ်မီဒီယာနှင့်မူပိုင်ခွင့်၊ဒေသထွက်ကုန်နှင့် ရိုးရာအသိပညာများကို မူပိုင်ခွင့်နှင့်အကာအကွယ်ပေးခြင်းစသည့်ကဏ္ဍများကို ဆွေးနွေးသိရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်း၊ ပြည်ပက ပညာရှင်များ၏ သုတေသနစာတမ်းများကတစ်ဆင့် မူပိုင်ခွင့်၏ အရေးပါပုံနှင့် မူပိုင်ခွင့်ဆိုင်ရာအသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်နိုင်စေမည်လည်းဖြစ်ကြောင်း။

ထို့ပြင် စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် အနာဂတ်လူငယ်များအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာနယ်ပယ်တွင် အောင်မြင်သည့်နည်းလမ်းများ၊အကောင်းဆုံးအလေ့အကျင့်များနှင့်သင်ခန်းစာများကိုလေ့လာဆည်းပူးအသုံးပြုနိုင်ကြမည်လည်းဖြစ်ကြောင်း၊ ညီလာခံကိုတက်ရောက်လာကြသူများအနေဖြင့်လည်း **ပညာရှင်များဖတ်ကြားမည့် မူပိုင်ခွင့်ဆိုင်ရာသုတေသနစာတမ်းများမှ ဗဟုသုတများနှင့်တွေ့ရှိချက်များကိုလေ့လာသုံးသပ်ပြီး မူပိုင်ခွင့်ဆိုင်ရာစိန်ခေါ်မှုများ၊ ပြဿနာများကိုဖြေရှင်းပေးနိုင်မည့် မူပိုင်ခွင့်ဆိုင်ရာအသိအမြင်များကို ပိုမိုတိုးတက်မြင့်မားလာပြီး ရရှိသည့် အသိပညာများကို လက်ဆင့်ကမ်းမျှဝေအကျိုးပြုနိုင်ကြလိမ့်မည်ဟု ယုံကြည်**ကြောင်း။

နိုင်ငံတကာမူပိုင်ခွင့်ညီလာခံမှတစ်ဆင့် ရရှိလာမည့် ဆွေးနွေးသုံးသပ်ချက်ရလဒ်ကောင်းများနှင့် လေ့လာတွေ့ရှိချက်များကို စီးပွားရေးဂေဟာစနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ခေတ်မီကောင်းမွန်သည့်မူပိုင်ခွင့်စနစ်တစ်ရပ်ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားတစ်ရပ်အဖြစ် အသုံးချသွားကြရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ပညာရှင်များအနေဖြင့် မိမိတို့၏ကဏ္ဍအလိုက်တာဝန်ခံဝန်ကြီးဌာနနှင့် ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ-၂၀၂၅ (International Conference on Intellec-tual Property-2025) Documenteary ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ-၂၀၂၅ (International Conference on Intellec-tual Property – 2025)အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ-၂၀၂၅ (International Conference on Intellectual Property – 2025)ကို ဇူလိုင် ၄ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ စာတမ်းရှင်များက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)





**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအစီရင်ခံစာအပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

၂၀၂၄ ခုနှစ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာကို ၁၇-၆-၂၀၂၅ ရက်တွင် စာရွက်စာတမ်းအမှတ် A/79/878-S/2025/247 ဖြင့် ထုတ်ပြန်ခဲ့ပြီး ယင်းအစီရင်ခံစာကို ဇွန် ၂၅ နှင့် ၂၆ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတံခါးဖွင့် အစည်းအဝေး၌ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အပြည်ပြည်ဆိုင်ရာစံချိန်စံနှုန်းများကို လေးစားလိုက်နာဆောင်ရွက်ထားရှိမှုအခြေအနေများကို အသိပေးလိုသည်။

အရွယ်မရောက်သေးသူများ စစ်မှုထမ်းခြင်းမှ ကာကွယ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနက ဦးဆောင်သည့် အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် ကုလသမဂ္ဂစောင့်ကြည့်လေ့လာ အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့ (UN CTFMR) တို့ နှစ်ဖက်တွေ့ဆုံပူးပေါင်း၍ တိုက်ဆိုင်စိစစ်မှုများကို နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄ ခုနှစ်အတွင်း နှစ်ဖက်အကြား အစည်းအဝေး လေးကြိမ်တိုင်ကျင်းပခဲ့ပြီး စိစစ်တွေ့ရှိသည့် အသက်မပြည့်သေးသည့် စစ်သည် ၉၃ ဦး တပ်မတော်မှ နုတ်ထွက်ခွင့်ပေးကာ မိဘများထံကောင်းမွန်စွာ ပြန်လည်အပ်နှံခဲ့ပါသည်။ နုတ်ထွက်ခွင့်ရသည့် စစ်သည်တစ်ဦးချင်းအလိုက် ထောက်ပံ့ကြေးငွေများ ပံ့ပိုးခဲ့ပြီးဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် နှစ်ဖက်ပူးတွဲတိုက်ဆိုင်စိစစ်မှုပြုလုပ်ခဲ့ရာ အသက်မပြည့်ဟု သံသယရှိသူစစ်သည် ၁၈ ဦးသာကျန်ရှိသည်။

ကလေးသူငယ်များကို အကာအကွယ်ပေးရန်နှင့် ကောင်းကျိုးချမ်းသာရရှိစေရေး ဆောင်ရွက်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဦးဆောင်သည့် ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးအမျိုးသားအဆင့်ကော်မတီကို ၂၀၁၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ တားဆီးနိုင်ရေးအတွက် အမျိုးသားအဆင့်တိုင်ကြားမှုယန္တရားအဖြစ် 4 Digits (1566) Helpline ဝန်ဆောင်မှုကို ၂၅-၁၀-၂၀၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ တိုင်ကြားမှုဖြစ်စဉ် ၉၈ ခုကို ဆောင်ရွက်ပေးခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခအတွင်းကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများနှင့် သက်ဆိုင်ခြင်းမရှိသည့်ဖြစ်စဉ်များသာ တွေ့ရှိသည်။

ထို့ပြင် တပ်မတော်သားများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများကို ကလေးသူငယ်များ အကာအကွယ်ပေးရေးနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုခြောက်ရပ်နှင့်ဆက်စပ်သည့် သင်ခန်းစာများကို ပို့ချပေးလျက်ရှိသည်။

အထက်ဖော်ပြပါအချက်များသည် မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်များနှင့်ပတ်သက်၍ နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်သည်။

သို့ရာတွင် ကုလသမဂ္ဂ၏ ယခုနှစ်အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ စွပ်စွဲချက်များသည် စနစ်တကျစိစစ်ထားခြင်းမရှိသည့် ကိန်းဂဏန်းအချက်အလက်များ လွဲမှားစွာဖော်ပြထားကြောင်း တွေ့ရှိရပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်၏ မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံက တရားဝင်ပေးပို့ထားသည့် သက်သေအထောက်အထားအချက်အလက်အမှန်များနှင့် တိုက်ဆိုင်စစ်ဆေးအတည်ပြုထားခြင်းမျိုးလည်းမရှိကြောင်း တွေ့ရှိရသည်။

ဥပမာပြရမည်ဆိုရပါက မြန်မာ့တပ်မတော်သည် အသက်မပြည့်သေးသူကလေးသူငယ် ၄၈၂ ဦးကို စစ်သည်အဖြစ် စုဆောင်းအသုံးပြုခဲ့ကြောင်း စွပ်စွဲထားသော်လည်း ၂၀၂၄ ခုနှစ်တွင်း ကုလသမဂ္ဂက မြန်မာနိုင်ငံအစိုးရဘက်သို့ ပေးပို့လာသည့် အမှုတွဲမှာ ရှစ်မှုသာဖြစ်၍ အစီရင်ခံစာပါ စွပ်စွဲထားသည့် ကိန်းဂဏန်းများသည် လုံးဝလွဲမှားစွာ ဖော်ပြနေခြင်းဖြစ်သည်မှာ ထင်ရှားနေပါသည်။ ထို့ပြင် ၂၀၂၁-၂၀၂၄ ကာလအတွင်း NUG နှင့် ယင်းလက်ဝေခံ PDF အကြမ်းဖက်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ တိုက်ခိုက်မှုများကြောင့် ကလေးသူငယ် ၃၁၈ ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ၈၅၈၈ ဦးသေဆုံးခဲ့ပြီး ကလေးသူငယ် ၁၂၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သို့သော် အစီရင်ခံစာတွင် ဤအချက်များကိုလုံးဝဖော်ပြထားခြင်းမရှိဘဲ တပ်မတော်အပေါ် စွပ်စွဲချက်များကိုသာ အလေးပေးဖော်ပြထားသည်။

ကုလသမဂ္ဂသည် မြန်မာနိုင်ငံအပေါ်မျှတမှုမရှိသော အစီရင်ခံစာများကို ထုတ်ပြန်ကာ အကြမ်းဖက်အဖွဲ့များ၏ ရာဇဝတ်မှုများကို "အမည်မသိ ကျူးလွန်သူများ" ဟု ရှင်းလင်းပြတ်သားမှုမရှိဘဲ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ကုလသမဂ္ဂအနေဖြင့် တစ်နိုင်ငံတည်းအပေါ်ပစ်မှတ်ထားသည့် ဘက်လိုက်သော အစီရင်ခံစာများပြုစုခြင်းနှင့် နိုင်ငံရေးအရ ဖိအားပေးမှုများပြုလုပ်နေခြင်းသည် အဖွဲ့ဝင်နိုင်ငံကို ကူညီရာမရောက်ဘဲ ကုလသမဂ္ဂ၏ သမာသမတ်ကျမှုနှင့် အချက်အလက်စုဆောင်းသည့်ပုံစံ (methodology)အပေါ် မေးခွန်းထုတ်စရာဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံက အစီရင်ခံစာတွင်ပါဝင်သည့် အခြေအမြစ်မရှိသော စွပ်စွဲချက်များနှင့် မြေပြင်အခြေအနေမှန်များကို ထင်ဟပ်မှုမရှိသည့် မှားယွင်းသောကိန်းဂဏန်းအရေအတွက် ဖော်ပြချက်ကို ကန့်ကွက်ပယ်ချသည်။ မြန်မာနိုင်ငံသည် ကလေးသူငယ်များ၏ လုံခြုံရေးနှင့်အခွင့်အရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအပေါ် အပြုသဘောဆောင်သော ချဉ်းကပ်မှုဖြင့် မျှတမှုရှိပြီး ယုံကြည်လက်ခံနိုင်သော အစီရင်ခံစာများကို ထုတ်ပြန်ရန် ပြင်းထန်စွာ တောင်းဆိုသည်။

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ**

**၂၀၂၅ ခုနှစ် ဇူလိုင်လ ၃ ရက်**

---

☆ **ကျောဖုံးမှအဆက်**

တာဝန်ယူရတဲ့အချိန်မှာ နိုင်ငံနဲ့ မိမိရဲ့တာဝန်ကို ချစ်မြတ်နိုးတန်ဖိုးထားတဲ့ အမျိုးသမီးများအနက် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး စတဲ့နယ်ပယ်အသီးသီးမှာ သက်စွန့်တာဝန်ထမ်းဆောင်သူများလည်းရှိခဲ့ကြပါတယ်။ အလားတူပဲ ဘာသာသာသနာ၊ စာပေ၊ အနုသုခုမနယ်ပယ်များမှာလည်း ဂုဏ်ယူဖွယ်ရာ ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါကြောင့် နိုင်ငံတော်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ထူးခြားလေးနက်စွာ ဆောင်ရွက်ခဲ့ကြတဲ့ ၎င်းတို့ကို ဘွဲ့တံဆိပ်များ ချီးမြှင့်ဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

မတ် ၈ ရက်ကကျရောက်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို "တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများစွမ်းရည်မြှင့်တင်စို့" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှာကျင်းပခဲ့ပါတယ်။ ဒီနှစ်ကတော့ ဘေဂျင်းကြေညာစာတမ်းနဲ့ လုပ်ငန်းစီမံချက် နှစ် ၃၀ ပြည့် နှစ်ဖြစ်တာနဲ့အညီ ဘက်စုံ၊ ကဏ္ဍစုံက အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေရဲ့ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးဖို့နဲ့ အခွင့်အလမ်းတွေ ပိုမိုလက်လှမ်းမီရရှိစေဖို့ ဆောင်ရွက်ပေးရန်အသိပေးနှိုးဆော်ထားပါတယ်။

ဒီလုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်းရဲ့ လုပ်ငန်းနယ်ပယ် ၁၂ ရပ်နဲ့ချိတ်ဆက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျားမတန်းတူညီမျှအခွင့်အရေးများရရှိစေဖို့အတွက် နိုင်ငံတကာကတိကဝတ်များမှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့မှာ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက်ကမ္ဘာ့အမျိုးသမီးညီလာခံရဲ့ လုပ်ငန်းနယ်ပယ် ၁၂ ရပ်ပါဝင်တဲ့ ဘေဂျင်းကြေညာစာတမ်း၊ ၁၉၇၉ ခုနှစ်မှာ ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ အမျိုးသမီးများကို နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနဲ့ ၂၀၁၅ ခုနှစ်မှာ ကုလသမဂ္ဂကချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ အာဆီယံဒေသတွင်း လုပ်ငန်းများဖြစ်တဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှကာကွယ်တားဆီးရေး၊ အမျိုးသမီးငြိမ်းချမ်းရေးနဲ့ လုံခြုံရေး၊ ကျားမရေးရာထည့်သွင်းစဉ်းစားခြင်းမဟာဗျူဟာမူဘောင်၊ အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်မှုနဲ့ ခေါင်းဆောင်မှု စတဲ့လုပ်ငန်းစီမံချက်တွေမှာ ပါဝင်ဆောင်ရွက်လျက်ရှိနေပါတယ်။ အလားတူ မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ကျားမရေးရာမဟာဗျူဟာ အကောင်အထည်ဖော်ရေးစီမံကိန်းတွေမှာလည်းပါဝင်ပြီး အမျိုးသမီးများရဲ့ အခွင့်အရေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အမျိုးသမီးကဏ္ဍမြှင့်တင်ဆောင်ရွက်ရာမှာ အမျိုးသမီးများရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ရှိမှုဟာ အရေးပါသလို ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့အဆင့်တွေမှာလည်း အမျိုးသမီးများ ပိုမိုပါဝင်နိုင်ဖို့လိုအပ်ပါတယ်။ မြန်မာစာရင်းအင်းစာစောင်(၂၀၂၄)အရ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အချက်အလက်စာရင်းဇယားတွေမှာ ၂၀၂၄ ခုနှစ် မတ်လကုန်အထိ နိုင်ငံ့ဝန်ထမ်းများရဲ့ ၆၀ ဒသမ ၁၄ ရာခိုင်နှုန်းဟာ အမျိုးသမီးများဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့ အမျိုးသမီးအချိုးအစားမှာလည်း ဒုတိယညွှန်ကြားရေးမှူးနဲ့အထက် ဝန်ထမ်းဦးရေမှာ အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်းမှာ ၅၃ ဒသမ ၆၃ ရာခိုင်နှုန်းဖြစ်တာကို တွေ့ရှိရပါတယ်။

မြန်မာစာရင်းအင်းစာစောင်(၂၀၂၄)အရ ကျန်းမာရေးကဏ္ဍမှာ မွေးဖွားမှုနဲ့ သေဆုံးမှုစာရင်းအင်းများအရ မျှော်မှန်းသက်တမ်းဟာ ၂၀၂၂ ခုနှစ်မှာ အမျိုးသားများဟာ ၆၃ နှစ်ခန့်ရှိပြီး အမျိုးသမီးများဟာ ၇၂ နှစ်ခန့်ရှိတဲ့အတွက် အမျိုးသမီးများက အမျိုးသားများထက် အသက်ပိုရှည်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် တစ်နှစ်အောက်ကလေးသေဆုံးမှုနှုန်း၊ ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းနဲ့ စုစုပေါင်းမွေးဖွားမှုနှုန်းတို့မှာ နှစ်အလိုက်ကျဆင်းလာတဲ့အတွက် အမျိုးသမီးများအနေနဲ့ ကျန်းမာရေးဗဟုသုတနဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာ ပိုမိုကောင်းမွန်လာကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

တိုင်းပြည်တိုးတက်ခြင်းရဲ့အခြေခံဟာ ပညာတတ်များပေါ်ကြွယ်ဝခြင်းပဲဖြစ်ပါတယ်။ ဒါ့ကြောင့် အသိပညာ၊ အတတ်ပညာနဲ့ပြည့်စုံတဲ့ လူသားအရင်းအမြစ်ကောင်းတွေ များပြားတိုးတက်လာစေဖို့အတွက် မဖြစ်မနေလိုအပ်တဲ့အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးနဲ့ ဗလငါးတန်ပြည့်စုံရေးကို အစိုးရအနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အနာဂတ်ရဲ့မျိုးဆက်သစ်ခေါင်းဆောင်များဖြစ်တဲ့ လူငယ်တွေကို စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ဖို့အတွက် ခေတ်မီပညာရေးနဲ့ ခေတ်မီနည်းပညာများ သင်ကြားရာမှာ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသလို စာတတ်မြောက်ရေးနဲ့ ပညာရေးပြီးဆုံးမှုတို့ မြင့်မားအောင်လည်း ပဲကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အာဆီယံအတွင်းရေးမှူးချုပ်ရုံးနဲ့ UN Women တို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ အာဆီယံဒေသတွင်း ကျားမရေးရာလေ့လာတွေ့ရှိချက်အစီရင်ခံစာ(၂၀၂၄)အရ အာဆီယံနိုင်ငံများအတွင်း အမျိုးသမီးများ နိုင်ငံရေးမှာ ပါဝင်မှု ၂၂ ရာခိုင်နှုန်း၊ ရင်းနှီးကျွမ်းဝင်သူလက်တွဲဖော်ရဲ့ အကြမ်းဖက်ခံရမှုမှာ နှစ်စဉ် ၉ ရာခိုင်နှုန်း၊ လုပ်ခလစာမရရှိတဲ့ ပြုစုစောင့်ရှောက်မှုနဲ့ အိမ်မှုကိစ္စများမှာ အမျိုးသမီးများရဲ့ အချိန်ကုန်ဆုံးမှုမှာ အမျိုးသားများထက် အချိန်နှစ်ဆကျော်ရှိကြောင်း တွေ့ရပါတယ်။ နည်းပညာလက်လှမ်းမီမှုနဲ့ပတ်သက်ပြီး မိုဘိုင်းဖုန်းပိုင်ဆိုင်မှုမှာ အမျိုးသား ၆၉ ရာခိုင်နှုန်းရှိပြီး အမျိုးသမီး ၆၃ ရာခိုင်နှုန်းသာရှိကြောင်းနဲ့ မြေယာပိုင်ဆိုင်မှုမှာ ကျားမရေးရာကွာဟမှုရှိကြောင်းလည်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆယ်ကျော်သက်အရွယ်ကလေးမွေးဖွားမှုနှုန်းမှာ သုည ဒသမ ၂ ရာခိုင်နှုန်းသာရှိပြီး အာဆီယံနိုင်ငံများအကြား အနည်းဆုံးဖြစ်တဲ့အတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးတက်မှုရှိတာကိုလည်း တွေ့ရှိရပါတယ်။

လေ့လာမှုစစ်တမ်းတွေအရ နယ်ပယ်အသီးသီးက အမျိုးသမီးများနဲ့ မိန်းကလေးငယ်များ စွမ်းဆောင်ရည်မြင့်မားပြီး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်တို့နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂)ကို အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဦးဆောင်ကော်မတီနဲ့ လုပ်ငန်းကော်မတီ ၁၂ ရပ်တို့မှာ ပါဝင်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ အဖွဲ့အစည်းများအားလုံးက ပိုမိုကြိုးပမ်းဆောင်ရွက်ပေးဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ဒါ့အပြင် သဘာဝဘေးဒဏ်သင့်ဒေသတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာလည်း ကျားမရေးရာအလေးထားတဲ့ လုပ်ငန်းစီမံချက်များ ဆောင်ရွက်ပေးနိုင်ဖို့၊ ကျေးလက်နဲ့မြို့ပြမှာရှိတဲ့ အမျိုးသမီးများအားလုံး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ပြန်လည်လုပ်ကိုင်နိုင်ပြီး စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ဖို့ အားလုံးဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးကြပါလို့ မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ အောင်မြင်ရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရာမှာ အမျိုးသမီးထုကြီးတစ်ရပ်လုံးက အမျိုးသားအားလုံးနဲ့အတူ တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အနာဂတ်နိုင်ငံတော်အတွက် အမျိုးသမီးများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး စည်းလုံးညီညွတ်စွာနဲ့ ယခုထက်ပိုမိုပါဝင်ဆောင်ရွက်ပေးဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကျောင်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများမှ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးစဉ်။

နေပြည်တော် ဇူလိုင် ၃

၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၏ဇနီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အမျိုးသမီးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ အခွန်အယူခံခုံရုံးအဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကဏ္ဍအလိုက်ထူးချွန်ဆုရရှိသော အမျိုးသမီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Massage ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ ၃၂ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်မှုနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးပြအကောင်းဆုံးဆုရရှိသူ ဒုတိယဗိုလ်ဒေါ်နန္ဒာကျော်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ချီးကျူးဂုဏ်ပြုဆုရရှိသူ ဗိုလ်ကြီးဒေါ်ရွှေဝတ်ရည်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး ထူးချွန်အမျိုးသမီးကြက်ခြေနီဆုရရှိသူ ဒေါ်လင်းလင်းထိုက်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ် ၂၀၂၄ ခုနှစ် မသန်စွမ်းအမျိုးသမီးပြေးခုန်ပစ်အားကစားထူးချွန်ဆုရရှိသူ မထက်ထက်အေးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ဇနီးက ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆုရရှိသူ ဒေါ်မြမြသန်း ကိုယ်စား ဒေါ်ချိုချိုမော်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၅)သို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဇူလိုင် ၃

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်မောင်အေးက "ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့် ပတ်သက်၍စည်းကမ်းတကျစုဆောင်းမှုကို အလေးထားရန်" လမ်းညွှန်ထားမှုအပေါ် အဆင့်ဆင့်သော ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြရန် ဦးစွာမှာကြားလိုပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပြီး ဥပဒေအရ အသက်သတ်မှတ်ချက်နှင့် ကိုက်ညီအကျုံးဝင်သူများအနေဖြင့် သတ်မှတ်ကာလအလိုက် အဆင်ပြေချောမွေ့စွာတာဝန်ထမ်းဆောင်နိုင်ရေး စီမံဆင့်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ထိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၁)ထိ သင်တန်းဆင်းခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပါကြောင်း၊ ၎င်းတို့အထဲမှ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ချီးကျူးဂုဏ်ပြုလက်မှတ်များ ရရှိခဲ့သူများလည်း ပေါ်ထွန်းနေပြီဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)ခု တက်ရောက်လေ့ကျင့်လျက်ရှိပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆောင်ရွက်ကြသည့် တာဝန်ရှိသူအဆင့်ဆင့်က သိရှိနားလည်ပြီး လိုက်နာလုပ်ဆောင်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသူများကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်ကို ထိခိုက်စေမည့် မမှန်မကန်တိုင်ကြားမှုများ၊ လုပ်ကြံဝါဒဖြန့်ခြင်းများကိုလည်း ဖော်ထုတ်အရေးယူလျက်ရှိကြောင်း၊ ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဖွဲ့များအနေဖြင့် လူမှုဆက်ဆံရေးကောင်းမွန်စေရေး၊ ငွေကြေးမသမာမှုမရှိစေရေး၊ အဂတိမဖြစ်ပေါ်စေရေး၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ပေးရန်လိုပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ပြည်သူလူထုအသိပညာပေးမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးကြရန်လိုပါကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့်စာရင်းဇယားမှန်ကန်ရန်နှင့် ရေရှည်တွင် မှတ်တမ်းထည့်သွင်းမှုလွယ်ကူစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဆိုင်ရာ IT နည်းပညာနှင့် အချက်အလက်မှတ်တမ်းတင်ခြင်း အထောက်အကူပြုအလုပ်အဖွဲ့မှ ပြည်သူ့စစ်မှုထမ်းကိုယ်ရေးအချက်အလက် စီမံခန့်ခွဲမှုစနစ် (National Service Information Management System-NSIMS)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက်ရောက်လာကြသူများ အနေဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့် စပ်လျဉ်း၍ တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်း၊ နေပြည်တော်ကောင်စီနှင့် ပြည်နယ်၊ တိုင်းဒေသကြီးပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များက တင်ပြလာသည့် ကင်းလွတ်၊ လျှော့ပေါ့၊ ရွှေ့ဆိုင်းခွင့်များနှင့် ပတ်သက်၍ ဗဟိုအဖွဲ့အနေဖြင့် အလေးထား၍ စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ထိုသို့ခွင့်ပြုခဲ့သူများမှ ရွှေ့ဆိုင်းခွင့်ပြုခဲ့သူများအား နေပြည်တော်ကောင်စီနှင့် ပြည်နယ်၊တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် စနစ်တကျမှတ်တမ်းရေးသွင်း၍ ပြန်လည်ဆင့်ခေါ်ရမည့်အချိန်တွင် ရာနှုန်းပြည့် ပြန်လည်ဆင့်ခေါ်နိုင်ရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးရန်လိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ပုံမှန်ဖွင့်လှစ်သွားနိုင်ပါက နိုင်ငံအတွက်၊ နိုင်ငံကာကွယ်ရေးအတွက်၊ နိုင်ငံတော်နှင့် ပတ်သက်သည့် ကာကွယ်ရေးစွမ်းအားများနှင့် လုံခြုံရေးဆိုင်ရာများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ ဆင့်ခေါ်ရာတွင် ဆင့်ခေါ်ရေးအဖွဲ့ကဆင့်ခေါ်ပြီး ဝင်ရောက်လာကြသူများကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များကလည်း သေချာစိစစ်ကြပ်မတ် လက်ခံဆောင်ရွက်သွားရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များကလည်း ဆင့်ခေါ်ရေးနှင့်ပတ်သက်၍ စိစစ်ကြပ်မတ်ပေးသွားရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

စာမျက်နှာ ၁၉ မှအဆက်

ယင်းနောက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များ Video Clip ကိုပြသသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ်အတွင်း ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးများကို ဆုချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးပြအကောင်းဆုံးဆုရရှိသူ ဒုတိယဗိုလ်ဒေါ်နန္ဒာကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဒုတိယဗိုလ်ဒေါ်လပြည့်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ချီးကျူးဂုဏ်ပြုဆုရရှိသူ ဗိုလ်ကြီးဒေါ်ရွှေဝတ်ရည်တို့ကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ထူးချွန်အမျိုးသမီး ရဲမေဆုရရှိသူ ရဲဒုတိယတပ်ကြပ်လက်ချ်မီး နှင့် ထူးချွန်အမျိုးသမီးကြက်ခြေနီဆု ရရှိသူ ဒေါ်လင်းလင်းထိုက်တို့ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က ၂၀၂၄ ခုနှစ် မသန်စွမ်း အမျိုးသမီးပြေးခုန်ပစ် အားကစားထူးချွန်ဆုရရှိသူ မထက်ထက်အေးနှင့် ၂၀၂၄ ခုနှစ် အမျိုးသမီး ပီတန်းအားကစားထူးချွန်ဆုရရှိသူ မခင်ချယ်ရီသက်တို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ဇနီးက ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆုရရှိသူ ဒေါ်မြမြသန်း ကိုယ်စား ဒေါ်ချိုချိုမော်နှင့် ဒေါ်ခင်ဝတ်ရည်တို့ကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး၏ဇနီးက ထူးချွန်အမျိုးသမီးဆုရရှိသူ ဒေါက်တာသင်းမျိုးမျိုးအောင်နှင့် အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်ဆုရရှိသူ ဒေါ်ကြွေကြွေဇင်တို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၏ ဇနီးများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆု ရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကျောင်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများမှ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# "ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union- EAEU)နှင့် မြန်မာနိုင်ငံ၏ အခွင့်အလမ်း"

**မောင်မိုး**




Eurasian Economic Union: Russia, Belarus, Kazakhstan, Armenia, Kyrgyzstan

**ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union- EAEU)သည် ဥရောပ-အာရှတိုက်ရှိ အဖွဲ့ဝင်နိုင်ငံ ၅ နိုင်ငံမှတည်ထောင်ထားသည့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တစ်ခုလည်းဖြစ်သည်။ EAEU ၏အဓိကရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်၊ ဝန်ဆောင်မှု၊ အလုပ်သမားနှင့် ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာစီးဆင်းနိုင်ရန်အတွက် တစ်ခုတည်းသောဈေးကွက်တစ်ခုကို ဖန်တီးရန်ဖြစ် . . .**






### သမိုင်းကြောင်း

ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ(Eurasian Economic Union- EAEU)သည် ၂၀၁၄ ခုနှစ် မေလ ၂၉ ရက်တွင် ဘယ်လာရုစ်၊ ကာဇက်စတန်၊ ရုရှားသမ္မတနိုင်ငံတို့မှ စာချုပ်လက်မှတ်ရေးထိုးခြင်းဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း စတင်၍ တရားဝင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် အာမေးနီးယားနှင့်ကာဂျစ်စတန်တို့သည် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပါသည်။ ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (Eurasian Economic Union- EAEU)သည် ဥရောပ-အာရှတိုက်ရှိ အဖွဲ့ဝင်နိုင်ငံ ၅ နိုင်ငံမှတည်ထောင်ထားသည့်ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တစ်ခုလည်းဖြစ်သည်။ EAEU ၏ အဓိကရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်၊ ဝန်ဆောင်မှု၊ အလုပ်သမားနှင့်ရင်းနှီးမြှုပ်နှံမှုများလွတ်လပ်စွာ စီးဆင်းနိုင်ရန်အတွက် တစ်ခုတည်းသော ဈေးကွက်တစ်ခုကို ဖန်တီးရန်ဖြစ်သည်။ ယခုအခါ EAEU သည် လူဦးရေ ၁၈၃ သန်းကျော်၊ စုစုပေါင်း GDP ၂ ဒသမ ၄ အမေရိကန်ထရီလီယံကျော်ရှိပြီး ကမ္ဘာ့စီးပွားရေးတွင် အရေးပါသည့် စီးပွားရေးသမဂ္ဂတစ်ခုအဖြစ် ရပ်တည်လာသည်။ EAEU သည် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ၁၄ ဒသမ ၅ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၂၀ ဒသမ ၃ ရာခိုင်နှုန်း ထုတ်လုပ်နိုင်သည်။

### အဖွဲ့ဝင်နိုင်ငံများ၏ အခန်းကဏ္ဍ

**ရုရှားနိုင်ငံ**သည် EAEU တွင် အကြီးဆုံးစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပြီး ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ၏မူဝါဒများနှင့် ဦးတည်ချက်များကို လွှမ်းမိုးနိုင်စွမ်းရှိသည်။ စွမ်းအင်အရင်းအမြစ်များ ကြွယ်ဝသောကြောင့် ရုရှားသည် အခြားအဖွဲ့ဝင်နိုင်ငံများအတွက်အရေးပါသော ကုန်သွယ်ဖက်နှင့်စွမ်းအင်ထောက်ပံ့သူနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ **ဘယ်လာရုစ်နိုင်ငံ**သည် စက်မှုထွန်းကားသော နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးနှင့် စက်မှုကုန်ထုတ်လုပ်မှုတွင် အားသာချက်များစွာရှိသည်။ ရုရှားနှင့်မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးရှိပြီး EAEU ၏ အဓိကမိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ **ကာဇက်စတန်နိုင်ငံ**သည် သဘာဝအရင်းအမြစ်များကြွယ်ဝပြီး ရေနံနှင့်သတ္တုများထုတ်လုပ်ရာတွင် အဓိကကျသည်။ EAEU ၏ အလယ်ဗဟိုတွင်တည်ရှိပြီး ကုန်သွယ်ရေးလမ်းကြောင်းအတွက် အရေးပါသောနိုင်ငံဖြစ်သည်။ **အာမေးနီးယားနှင့် ကာဂျစ်စတန်နိုင်ငံ**တို့သည် စီးပွားရေးအရ သေးငယ်သော်လည်း EAEU တွင် ပါဝင်ခြင်းအားဖြင့် ၎င်းတို့၏စီးပွားရေးကိုမြှင့်တင်ရန်နှင့်ရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်ရန် အခွင့်အလမ်းများရရှိနေကြသည်။ ထို့ပြင် **မော်လ်ဒိုဗာ၊ ဥဇဘက်ကစ္စတန်၊ ကျူးဘားနိုင်ငံနှင့်အီရန်**တို့သည် လေ့လာသူနိုင်ငံ(Observer Status)များအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

### EAEU နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ

EAEU သည် အခြားသောနိုင်ငံများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် Belt and Road Initiative (BRI) နှင့်ချိတ်ဆက်ကာ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့်

**စာမျက်နှာ ၂၂ သို့**










**စာမျက်နှာ ၂၁ မှအဆက်**

ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် EAEU-China Trade and Economic Cooperation Agreement ကို လက်မှတ်ရေးထိုးခဲ့ပြီး ကုန်သွယ်ရေးအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာခဲ့သည်။ ထို့အတူ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)နှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဗီယက်နမ်၊ ဆားဘီးယား၊ အင်ဒိုနီးရှား၊ အီရန်နိုင်ငံတို့ဖြင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များ(FTAs)ချုပ်ဆိုထားရှိသည်။ အိန္ဒိယ၊ အီဂျစ်၊ တူကီယဲနိုင်ငံများနှင့် စီးပွားရေးဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။ ယခုအခါ EAEU သည် တတိယနိုင်ငံများနှင့် ပိုမိုကျယ်ပြန့်သောကုန်သွယ်မှုဆက်ဆံရေးများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်တည်ဆောက်နေပြီး ဥရောပ-အာရှတိုက်အတွင်း စီးပွားရေးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှပါဝင်နေသည်။ စိန်ခေါ်မှုများရှိသော်လည်း ဒေသတွင်းနှင့်ကမ္ဘာ့စီးပွားရေးတွင် ၎င်း၏ဩဇာလွှမ်းမိုးမှုကို ဆက်လက်တည်ဆောက်နိုင်ရန် အလားအလာကောင်းများရှိနေသည်။ သို့ဖြစ်ရာ ရုရှားသမ္မတဗလာဒီမာပူတင်က ယခုပြုလုပ်သည့် ဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးတွင် "တရားမျှတသည့် ဘက်ပေါင်းစုံပါဝင်သောကမ္ဘာကိုပုံဖော်ရာတွင် EAEU ၏အခန်းကဏ္ဍမှာ အရေးကြီးကြောင်း၊ မိမိတို့၏ မဟာမိတ်အဖွဲ့အစည်းသည် စိတ်ဝင်စားသည့် နိုင်ငံခြားမိတ်ဖက်အားလုံးနှင့်ပူးပေါင်းဆောင်ရွက်ရန်အတွက် အမြဲတမ်းလမ်းဖွင့်ထားပါကြောင်း၊ အပြန်အလှန်အကျိုးရှိသည့် ဆက်ဆံရေးများသည် ဥရောပ-အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတစ်ခွင်ရှိ နိုင်ငံများနှင့်အတူ တက်ကြွစွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမှာဖြစ်ကြောင်း"အလေးအနက်ပြောကြားခဲ့ခြင်းဖြစ်သည်။

**EAEU နှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ**

EAEU နိုင်ငံများသို့ မြန်မာ၏အဓိကပို့ကုန်များတွင် ဆန်၊ ကော်ဖီ၊ စားအုန်းဆီ၊ ကိုကိုးစေ့များ ပါဝင်သည်။ မြန်မာနိုင်ငံသို့သွင်းကုန်ပြုလုပ်ရာတွင် ဓာတ်မြေဩဇာများ၊ စားသုံးကုန်၊ လူသုံးကုန်ပစ္စည်းများ၊ စက်ကိရိယာများနှင့်ပစ္စည်းများ၊ သတ္တုများ၊ စားသုံးဆီများ၊ ဘိလပ်မြေနှင့်ဆေးဝါးများက အဓိကနေရာယူထားသည်။ ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU)နှင့် မြန်မာနိုင်ငံတို့အကြားရှိ ကုန်သွယ်မှုသည် ၂၀၁၉ ခုနှစ်မှစ၍သုံးဆကျော် တိုးလာခဲ့ကြောင်း ဥရောပ-အာရှစီးပွားရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ မင့်စ်မြို့၌ ပြုလုပ်ခဲ့သော ဥရောပ-အာရှ စီးပွားရေးဖိုရမ်၏ ဆွေးနွေးပွဲ၌ ဥရောပ-အာရှ စီးပွားရေးကော်မရှင်၏ဘုတ်အဖွဲ့ ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အလုပ်သဘောတွေ့ဆုံဆွေးနွေးစဉ် **"၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ EAEU နိုင်ငံများနှင့် မြန်မာနိုင်ငံအကြားရှိ ကုန်သွယ်မှုပမာဏသည် သုံးဆကျော်အထိ တိုးတက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော်လွန်သွားပါတယ်"**ဟု ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂတို့ကြား ထိတွေ့ဆက်ဆံမှုသည် ၂၀၂၂ ခုနှစ်က စတင်ခဲ့ကာ မြန်မာနိုင်ငံ၏ဖိတ်ကြားချက်အရ EAEU နှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်(EEC)၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံကို လာရောက်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍစသည့်ကဏ္ဍပေါင်းစုံကို ကျယ်ပြန့်စွာဆွေးနွေးနိုင်ခဲ့ပြီး ထိတွေ့ဆက်ဆံမှုသည် ၂၀၂၃ ခုနှစ်က စပြီး အရှိန်အဟုန်မြင့်တက်လာခဲ့ကာ (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်တို့ကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

**စာမျက်နှာ ၂၃ သို့**



**EAEU နိုင်ငံများသို့ မြန်မာ၏အဓိကပို့ကုန်များတွင် ဆန်၊ ကော်ဖီ၊ စားအုန်းဆီ၊ ကိုကိုးစေ့များ ပါဝင်သည်။ မြန်မာနိုင်ငံသို့ သွင်းကုန်ပြုလုပ်ရာတွင် ဓာတ်မြေဩဇာများ၊ စားသုံးကုန်၊ လူသုံးကုန်ပစ္စည်းများ၊ စက်ကိရိယာများနှင့်ပစ္စည်းများ၊ သတ္တုများ၊ စားသုံးဆီများ၊ ဘိလပ်မြေနှင့် ဆေးဝါးများက အဓိကနေရာယူထားသည်။ ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU)နှင့် မြန်မာနိုင်ငံတို့အကြားရှိ ကုန်သွယ်မှုသည် ၂၀၁၉ ခုနှစ်မှစ၍ သုံးဆကျော်တိုးလာ . . .**

**စာမျက်နှာ ၂၂ မှအဆက်**

ယနေ့အချိန်တွင် EAEU အနေဖြင့် စိန်ခေါ်မှုများကိုလည်း ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရုရှား-ယူကရိန်းပဋိပက္ခအခြေအနေကြောင့် အနောက်နိုင်ငံများ၏ပိတ်ဆို့မှုများကိုရင်ဆိုင်နေရပြီး EAEU ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလှုပ်ရှားမှုများကို ထိခိုက်စေသည်။ ဥပမာအားဖြင့် SWIFT Digital ငွေလွှဲစနစ်မှ ရုရှားနိုင်ငံ၏ဘဏ်များကိုပိတ်ပင်ခြင်း၊ ဖယ်ရှားခံရခြင်းအခြေအနေများသည် EAEU အဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံတကာငွေလဲလှယ်မှုကို အနည်းငယ်ထိခိုက်ခက်ခဲစေခဲ့သည်။ သို့ဖြစ်၍လည်း ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU)သည် နိုင်ငံတကာ၏အာရုံစိုက်မှုကိုဆွဲဆောင်လျက်ရှိပြီး အချို့က ၎င်း၏ကောင်းကျိုးကိုလိုလားကြသကဲ့သို့ အချို့ကလည်း ၎င်းအားယိုင်နဲ့သွားသည်ကိုသို့မဟုတ် ပြိုကွဲသွားသည်ကိုပင် လိုလားကြကြောင်း ဘယ်လာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကိုကထုတ်ဖော်ပြောကြားခဲ့ခြင်းသည် ယနေ့ EAEU အဖွဲ့အစည်း၏ကမ္ဘာ့အလယ်တွင် မည်မျှအရေးပါမှုအခြေအနေများကို မီးမောင်းထိုးပြခဲ့ခြင်းဖြစ်သည်။

**ကမ္ဘာလုံးဆိုင်ရာမတည်မငြိမ်မှုများနှင့် မဟာမိတ်စုဖွဲ့မှုအပြောင်းအလဲများဖြစ်ပေါ်နေသော ယခုကဲ့သို့ကာလမျိုးတွင် EAEU ကဲ့သို့သောအဖွဲ့အစည်းများသည် ဝန်ဆောင်မှုလွတ်လပ်ခွင့်၊ ကုန်သွယ်ရေးလွယ်ကူမှုနှင့် ကျယ်ပြန့်သော အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု စသည့်အရေးကြီးသောကိစ္စရပ်များကို အတူတကွ ပူးပေါင်းရင်ဆိုင်နိုင်မည့် အဖွဲ့အစည်းတစ်ခုဖြစ် . . .**

**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သဖြင့် EAEU အဖွဲ့ဝင်နိုင်ငံများ၏ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်ဝင်ရောက်မှုအခွင့်အလမ်းများက စိုက်ပျိုးရေးထွက်ကုန်များ၊ စက်မှုထုတ်ကုန်များ တိုးတက်မှုအတွက် အထောက်အကူဖြစ်စေနိုင် . . .**

**မြန်မာနိုင်ငံ၏ အခွင့်အလမ်းများ**

ကမ္ဘာလုံးဆိုင်ရာမတည်မငြိမ်မှုများနှင့် မဟာမိတ်စုဖွဲ့မှုအပြောင်းအလဲများဖြစ်ပေါ်နေသော ယခုကဲ့သို့ကာလမျိုးတွင် EAEU ကဲ့သို့သောအဖွဲ့အစည်းများသည် ဝန်ဆောင်မှုလွတ်လပ်ခွင့်၊ ကုန်သွယ်ရေးလွယ်ကူမှုနှင့် ကျယ်ပြန့်သောအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု စသည့်အရေးကြီးသောကိစ္စရပ်များကို အတူတကွပူးပေါင်းရင်ဆိုင်နိုင်မည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ၊ စိုက်ပျိုးရေးထွက်ကုန်များ၊ သတ္တုတွင်းထွက်ကုန်များနှင့် အခြားထွက်ကုန်များအတွက် EAEU အဖွဲ့ဝင်နိုင်ငံများသို့တင်ပို့နိုင်သည့် အလားအလာများစွာရှိသည်။ အလားတူပင် ရုရှားနှင့်အခြား EAEU အဖွဲ့ဝင်နိုင်ငံများ၏စက်မှုထုတ်ကုန်၊ နည်းပညာနှင့် စွမ်းအင်ထုတ်ကုန်များကို မြန်မာနိုင်ငံသို့တင်သွင်းနိုင်မည်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာသစ်များ၊ စွမ်းအင်နည်းပညာ၊ အခြားစက်မှုလုပ်ငန်းများအတွက် ရုရှားနှင့် EAEU အဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများလည်းရှိနေသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သဖြင့် EAEU အဖွဲ့ဝင်နိုင်ငံများ၏ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဈေးကွက်ဝင်ရောက်မှုအခွင့်အလမ်းများက စိုက်ပျိုးရေးထွက်ကုန်များ၊ စက်မှုထုတ်ကုန်များတိုးတက်မှုအတွက် အထောက်အကူဖြစ်စေနိုင်သည်။ အထူးသဖြင့် စိုက်ပျိုးရေးနည်းပညာ၊ စိုက်ပျိုးရေးစက်ယန္တရား၊ အရည်အသွေးမြှင့်တင်ရေးနည်းပညာများ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဝင်ရောက်လာနိုင်သည်။

EAEU နိုင်ငံများမှ နည်းပညာသစ်များ၊ စက်မှုလုပ်ငန်းနည်းပညာ၊ သုတေသနနှင့်ပညာရေးပူးပေါင်းမှုများသည် မြန်မာနိုင်ငံ၏လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည်။ ပညာရေး၊ သုတေသန၊ လူမှုရေးပူးပေါင်းမှုများအတွက်လည်း အလားအလာများစွာရှိသည်။ အထူးသဖြင့် ပညာရေးအတန်းမြှင့်တင်ရေး၊ နည်းပညာလေ့လာရေး၊ ကျောင်းသားလဲလှယ်ရေးအစီအစဉ်များတွင် ပိုမိုတိုးတက်လာနိုင်သည်။ မြန်မာနိုင်ငံအတွက် လိုအပ်သည့် ဓာတ်မြေဩဇာ၊ ရေနံထွက်ပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများကို EAEU နိုင်ငံများမှ တင်သွင်းနိုင်သလို မြန်မာ့ထုတ်ကုန်များကိုလည်း ဈေးကွက်အသစ်များသို့ ပို့နိုင်မည်ဖြစ်သည်။ EAEU သည် ဒေသတွင်းနှင့်နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာလွှဲပြောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို မြန်မာနိုင်ငံအတွက် တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ ရုရှားနှင့်အခြား EAEU အဖွဲ့ဝင်နိုင်ငံများနှင့် သံတမန်ဆက်ဆံရေး၊ စီးပွားရေးသဘောတူညီချက်များတိုးမြှင့်ခြင်းက မြန်မာနိုင်ငံအတွက် နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာစေသည်။ ကမ္ဘာ့စီးပွားရေး ဩဇာသက်ရောက်မှုများပြောင်းလဲလာပြီး အသစ်အသစ်သောကုန်သွယ်ရေးလမ်းကြောင်းများ ပေါ်ထွန်းလာသည်နှင့်အမျှ မြန်မာနိုင်ငံအနေဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်-

(က) **မဟာဗျူဟာကျသော ချိတ်ဆက်မှုများကို စူးစမ်းရှာဖွေခြင်း။** ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် EAEU တွင် လေ့လာသူနိုင်ငံ(Observer Status)အဖြစ် အဆိုပြုခဲ့ခြင်းသည် EAEU ၏ အာရှဒေသသို့ ချဲ့ထွင်မှုအတွက် အခွင့်အလမ်းတစ်ရပ်အဖြစ်လည်း ပုံဖော်လာနိုင်စွမ်းရှိမည်ဖြစ်သည်။ EAEU အဖွဲ့ဝင်နိုင်ငံမဟုတ်သေးသော်လည်း မြန်မာနိုင်ငံသည် အဖွဲ့၏ပူးပေါင်းဆက်ဆံရေး ဗျူဟာများကို အနီးကပ်လေ့လာနိုင်သည်။ ဤသို့လေ့လာခြင်းမှတစ်ဆင့် မြန်မာနိုင်ငံအနေဖြင့် ရှိပြီးသား သမားရိုးကျဈေးကွက်များအပြင် အခြားသောနိုင်ငံတကာဈေးကွက်များသို့ ချဉ်းကပ်ရေးနည်းလမ်းများ၊ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် နည်းဗျူဟာများ၊ ဒေသတွင်းနှင့်နိုင်ငံတကာအဆင့်တွင် မိမိ၏စီးပွားရေးအခန်းကဏ္ဍကိုမြှင့်တင်ရန် နည်းလမ်းများစသည်တို့ကို ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

(ခ) **ကုန်သွယ်ရေးနှင့် ဈေးကွက်အခွင့်အလမ်းများ။** EAEU သည် ဝန်ဆောင်မှုလွတ်လပ်ခွင့်(Service Liberation)နှင့် ပြင်ပမိတ်ဖက်များနှင့် ကုန်သွယ်ရေးချဲ့ထွင်မှုဆိုင်ရာဆွေးနွေးမှုများကို ပြုလုပ်နေခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စွမ်းအင်နှင့်သယ်ယူပို့ဆောင်ရေး၊ အထည်ချုပ်လုပ်ငန်းကဲ့သို့သောကဏ္ဍများတွင် အထူးအခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်နိုင်သည်။

(ဂ) **ဒေသတွင်းပေါင်းစည်းမှု ပုံစံများကို လေ့လာခြင်း။** EAEU သည် ဒေသတွင်းပေါင်းစည်းမှု၏ ဥပဒေသတစ်ခုဖြစ်သည်။ ASEAN တွင် တက်ကြွစွာပါဝင်နေသော မြန်မာနိုင်ငံအတွက် ဒေသတွင်းအဖွဲ့အစည်းများသည် အချုပ်အခြာအာဏာနှင့် စီးပွားရေးညှိနှိုင်းမှုတို့အား မည်သို့ချိန်ညှိကြပုံကို နားလည်ရန် အထောက်အကူဖြစ်စေနိုင်သည်။

(ဃ) **နည်းပညာနှင့် အခြေခံအဆောက်အဦဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အလားအလာများ။** ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများနှင့် ရေရှည်တည်တံ့သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဲ့သို့သောကဏ္ဍများသည် မြန်မာနိုင်ငံအတွက် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုသို့မဟုတ် အသိပညာဖလှယ်ရန် ရှာဖွေနိုင်သည့် နယ်ပယ်အသစ်များဖြစ်သည်။

(င) **ဒေသတွင်းအဆင့်တွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို ပိုမိုထင်ရှားစွာပြသနိုင်ခြင်း။** လေ့လာသူအဆင့်ဖြင့်သော်လည်းကောင်း၊ ဆက်စပ်ဖိုရမ်များတွင်သော်လည်းကောင်းပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံသည် တောင်အာရှနှင့်အရှေ့တောင်အာရှကြားရှိ ၎င်း၏မဟာဗျူဟာကျသော တည်နေရာကိုအသုံးချခြင်းဖြင့် နိုင်ငံပေါင်းစုံနှင့်စီးပွားရေးချိတ်ဆက်ဆောင်ရွက်မှုများကိုဖွင့်လှစ်ထားကြောင်း ပြသနိုင်သည်။

သို့ဖြစ်၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘယ်လာရုစ်နိုင်ငံ၌ကျင်းပပြုလုပ်သည့် ဥရောပ-အာရှ စီးပွားရေးဖိုရမ်၌ **“ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU)၏ အခြေခံမူများတွင် အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာတူညီမှုနှင့် နယ်နိမိတ်တည်တံ့မှုအပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေများကို လေးစားလိုက်နာခြင်း၊ အမျိုးသားအကျိုးစီးပွားကိုလေးစားခြင်းတို့သည် ကမ္ဘာတွင်လက်တွေ့လိုအပ်နေသည့်အရာများပင်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးမှုများ၊ ပိတ်ဆို့မှုများသည် ကမ္ဘာ့နိုင်ငံများ၏အခြေခံမူများကို ချိုးဖောက်နေခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိသင့်ရှိထိုက်သည့်ကောင်းမွန်သည့်အခြေခံမူများကိုအလေးထားပြီး ကမ္ဘာ့နိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နေသည့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ(EAEU)၏လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများအတွက် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ထောက်ခံကြောင်းကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် EAEU ၏ လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများကို အလေးထားစိတ်ဝင်စားသကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဥရောပ-အာရှစီးပွားရေးသမဂ္ဂ၏ မိသားစုအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရန် များစွာစိတ်အားထက်သန်လျက်ရှိပါကြောင်း”**အလေးအနက်ထားပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့ကမ္ဘာတွင် ဒေသတွင်းစီးပွားရေးပူးပေါင်းချိတ်ဆက်မှုများ အရှိန်အဟုန်မြင့်တိုးမြင့်လာသည်နှင့်အမျှ ယခုကဲ့သို့ EAEU အဖွဲ့အစည်းအတွင်း လေ့လာသူနိုင်ငံအဆင့်၊ ၎င်းမှအမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်လာပါက မြန်မာနိုင်ငံအတွက် မိမိ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေကိုမှန်တစ်ချပ်ကဲ့သို့ ပြန်လည်သုံးသပ်နိုင်ပြီး အနာဂတ်ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အရေးလမ်းကြောင်းများပါဝင်သည့်မြေပုံတစ်ချပ်ကို လက်ဝယ်ရရှိလိုက်သကဲ့သို့ အခွင့်အလမ်းများရရှိမည်ဖြစ်ပါကြောင်း..... ။ ။

**ကိုးကား**


(1) https://sacoffice.gov.mm/my/niu-ngngnttea-aciimnaupkhuprekeaan-gciiukktttth-niungngntte-aawn-kiikhup-biulkhupmuukii-297

(2) https://www.eaeunion.org/?lang=en

(3) https://eng.belta.by/economics/view/trade-between-eaeu-myanmar-triples-since-2019-169293-2025/

(4) https://eng.belta.by/economics/view/putin-lauds-eaeus-role-in-shaping-fair-multipolar-world-169339-2025/

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိလေးကျွန်းမြေအုဋ္ဌ်ကျောင်း၌ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိရပ်ကွက်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်နေရာများဖြစ်သည့် ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ ရွှေမုဋ္ဌောစေတီနှင့် လေးကျွန်းမြေအုဋ္ဌ်ကျောင်း ပရိယတ္တိစာသင်တိုက်တို့ရှိ သာသနိကအဆောက်အအုံအပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ မဟိယင်္ဂဏစေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုနှင့် စစ်ကိုင်းမြို့အတွင်း နေအိမ်အဆောက်အအုံ အပျက်အစီးများအား အဖွဲ့အစည်းအသီးသီးက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်း ဆောင်ရွက်နေသူများကို အားဖြည့်အချိုရည်များ ပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက်နှင့် မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် Sky Villa နေရာရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန်ကျန်ရှိနေသည့် “ A ” ဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားနေမှု၊ လုပ်ငန်းခွင်အနီးရှိပစ္စည်း လက်ခံ၊ လွှဲပြောင်းရေးအဖွဲ့ယာယီရုံးတွင် Sky Villa မှ ရှာဖွေတွေ့ရှိသောပစ္စည်းများကို ပစ္စည်းလက်ခံရှာဖွေစုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့စနစ်တကျအပ်နှံမှု၊ ထိန်းသိမ်းထားရှိမှုနှင့် သက်ဆိုင်ရာပိုင်ရှင်များလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၆ ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကျင်းပ

**တောင်ကြီး ဇူလိုင် ၃**

၂၆ ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တောင်ကြီးမြို့ တောင်ကြီးဟိုတယ်၌ ကျင်းပရာ အစည်းအဝေးဖွင့်ပွဲအခမ်းအနား၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ အတွင်းရေးမှူးချုပ် Pol. Lt. Gen. PhanuratLukboon တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။




မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးက မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုးကာ အဆိုပါကွန်ဗင်းရှင်းများနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုဖြစ်စဉ်မှုများနှင့် သယ်ဆောင်ရာလမ်းကြောင်းပြောင်းလဲမှုများကို သုံးသပ်ပြီး အထူးစစ်ဆင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုများလျှော့ချနိုင်ရေး၊ နှစ်နိုင်ငံ ပရိကာဆာဓာတုပစ္စည်း ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးချက်လုပ်ရာ၌ အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မူးယစ်ဆေးဝါးချက်လုပ်ရာဒေသများသို့ မရောက်ရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် ထိုင်းနိုင်ငံနှင့်လည်း အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထိုင်းနိုင်ငံ မယ်ဖာလုံးဖောင်ဒေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့နယ်ရှိ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းသည် ထိရောက်မှုရှိပြီး အောင်မြင်မှုများစွာရရှိနေသည့်အတွက် အဆိုပါစီမံကိန်းများကို ဆက်လက်ကူညီပံ့ပိုးစေလိုပါကြောင်း။

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးစု တစ်စုတည်းကိုသာ ထိခိုက်စေခြင်းမဟုတ်ဘဲ ဒေသတစ်ခုလုံးမှ တစ်ကမ္ဘာလုံးထိ ဆက်စပ်ထိခိုက်စေသောကြောင့် နှစ်နိုင်ငံမူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အတူလက်တွဲဖြေရှင်းသွားရမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကြာမြင့်စွာတည်ရှိခဲ့သည့် ကောင်းမွန်သောဆက်ဆံရေးကိုဆက်လက်ခိုင်မာစွာတည်ရှိနေရန်အတွက် မြန်မာနိုင်ငံမှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ “နိုင်ငံနှစ်ခု အမြင်တစ်ခုဖြင့် ပိုမိုတောက်ပသော မနက်ဖြန်များစွာအတွက် မူးယစ်ဆေးဝါးကင်းစင်သော ဒေသဖြစ်စေရေး ပူးပေါင်းဆောင်ရွက်သွားကြပါစို့” "Two Nations, One Vision – Collaborating for Brighter Tommorrows" ဆောင်ပုဒ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သောကိုယ်စားလှယ် ၁၄ ဦးနှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ အတွင်းရေးမှူးချုပ် Pol. Lt. Gen. PhanuratLukboon ဦးဆောင်သော ကိုယ်စားလှယ် ၁၁ ဦးတို့ တက်ရောက်ခဲ့ကြပြီး နှစ်ဖက်ကိုယ်စားလှယ်များက နှစ်နိုင်ငံအကြား လတ်တလောဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးအခြေအနေနှင့် တားဆီးနှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အနာဂတ် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုဖြစ်စဉ်များ၊ ပရိကာဆာဓာတုပစ္စည်းများထိန်းချုပ်ရေး၊ မူးယစ်ဆေးဝါးစိစစ်လေ့လာရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးကိစ္စရပ်များနှင့် ၂၇ ကြိမ်မြောက်အစည်းအဝေးကို ထိုင်းနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပဲခူးမြစ်ရေ ပဲခူးမြို့၏စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၃**

ယနေ့နံနက် ၇ ခွဲနာရီအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်တွင် ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့်ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ခေမာသီရိကျောင်းတိုက်အတွင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ခေမာသီရိကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)


# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ဖြစ်ပေါ်နိုင်


**နေပြည်တော် ဇူလိုင် ၃**

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသောလေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ ညနေမှ ဇူလိုင် ၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)




# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဇော်ထွန်းဦး | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) ဦးကျော်ညွန့်ဦး | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၃) ဒေါက်တာထိန်လင်း | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၉ ပါတီကို တည်ထောင်ခွင့်ပြုပြီး ဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၉ ပါတီအနက် ဦးထန်ရှင်းခိုင်ခေါင်းဆောင်သည့် **ဇိုမီးအမျိုးသားပါတီ (Zomi National Party)** က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၈ ပါတီအနက် ပါတီ ၁၄ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ( သတင်းစဉ် )

# ၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# အမည်မည်းစာရင်းကြေညာခြင်း

(ယမန်နေ့မှအဆက်)

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေး ကတ်မှတ် |
|---|---|---|---|---|
| ၁၂၃ | PALM SUPPLY INTERNATIONAL COMPANY LIMITED. | U Pyae Sone Aung<br>U Khine Oo<br>U Aung Ko Lwin<br>U Min Min Oo<br>U Nyi Nyi Tun | Padonemar Street, No(1) Quarter, HPA-AN Township, Kayin State | 3/BAABNA(N)322679<br>3/MAWATA(N)023055<br>3/BAAHNA(N)267827<br>3/BAAHNA(N)202988<br>3/BAAHNA(N)354122 |
| ၁၂၄ | PATAMYAR GONEYAY COMPANY LIMITED. | U Han Maung<br>U Kyaw Thein Oo<br>U Zar Ni Aung | Merchant Street, No (504-506), (3-A), 7th Ward, Kyauktadar Township, Yangon | 11/MATANA(N)008474<br>11/SATANA(N)059238<br>11/SATANA(N)078099 |
| ၁၂၅ | PENG SHENG EXPORT & IMPORT YOU XIAN COMPANY LIMITED.(Royal Gold Wod Co.,Ltd) | Daw Sandar Lin<br>Daw Ye Ye Cho | Myawaddy Mingyi(2) Street, No.765/ Shwe Paukkan 16 Quarter, North Oakkalapa Township, Yangon | 14/LAPATA(N)113341<br>14/AHGAPA(N)000991 |
| ၁၂၆ | PENG SHENG WOOD CHINA COMPANY LIMITED. | Mr. QIN, CHANGCHUN<br>Mr. MENG, JIANYU | nawarat Street, No. (129), Thardukan Industrial Zone, Shwe Pyi Thar Township, Yangon | E31033223<br>E24877967 |
| ၁၂၇ | PHONE NAY HTUT KHAUNG COMPANY LIMITED. | U Phyo Min Shein<br>U Tin Htut | No.93, 30 Street, Between (65x66) Street, Pyi Gyi Myat Shin Ward, Chan Aye Thar Zan Township, Mandalay | 12/YAKANA(N)067261<br>12/PABATA(N)024006 |
| ၁၂၈ | PHYU HNIN AUNG COMPANY LIMITED. | U Ally Hoke<br>U Min Khant Aung<br>Daw Phyu Hnin Aung<br>Daw Phyu Hnin Khine<br>Daw Phyu Wai Lwin<br>Daw Yi Yi Khine | Flat No(161/BB), Kyaik Ka San RD, 1st Floor, Nat Maut/ Tamwe Township, Yangon | 12/MAGATA(N)016026<br>12/TAMANA(N)126358<br>12/TAMANA(N)124031<br>12/TAMANA(N)117692<br>12/TAMANA(N)114406<br>10/MALAMA(N)151615 |
| ၁၂၉ | PIXIO MYANMAR COMPANY LIMITED. | Mr. Wong Tooe Hawk<br>Mr. Tham Khai Wor<br>Ms.Wee Swee Neo Doris | No.81, Yadanar Road, (8) Quarter, South Oakkalapa Township, Yangon | E3103783J<br>E2932162L<br>E3302156K |
| ၁၃၀ | PK EX MYANMAR COMPANY LIMITED | U Aung Htet Htet Kyaw<br>Daw May Phyu Khin | Myaynigone Zay Street, No.51 Sanchaung Township, Yangon | 12/DAGATA(N)082869<br>14/HATHATA(N)323248 |
| ၁၃၁ | PRECIOUS MYAWADDY LOGISTICS AND SUPPLY CHAIN LIMITED. | Daw Su Mon Htwe | Bogyoke Street,, No.(E/2), No.(1) Quarter, Myawaddy City,, Kayin State | 12/OUKATA(N)189299 |
| ၁၃၂ | PRO MYANMAR TRADING CO.,LTD. | Daw Nyein Pyae Sone Soe<br>U Thet Tun | Pathein Nyunt 7th Street, No.13, Room (4-A) Mingalar Taung Nyunt Township, Yangon | 10/MALAMA(N)192223<br>12/OUKAMA(N)007867 |
| ၁၃၃ | PUCE MOE COMPANY LIMITED. | Daw Ei Phyo Oo<br>U Soe Htet Win | U Wisara Street, No. (828/A-2) (34) Quarter, North Dagon Township, Yangon | 7/KAWANA(N)166845<br>12/DALANA(N)053187 |
| ၁၃၄ | PWINT NADI SOE COMPANY LIMITED. | Daw San Pwint Thu<br>U Aung Thwin<br>U Nyan Soe | Mya Yadanar Street,, No.(152), Toeche Yadanar Tun Pweyonetan Quarter, Mawlanyaing Township, Mon State | 12/YAPATHA(N)053066<br>12/YAPATHA(N)032622<br>10/MALAMA(N)050011 |
| ၁၃၅ | PWINT SEESAR COMPANY LIMITED. | Daw Nang Kyi Kyi Lwin<br>U Si Thu<br>U Si Thu Tun | (23) Street,, No.(Kagyi/127) Padamyar Industrial Zone, Sagaing Township, Sagaing Region Shwe Taung Kyar (1) Street, No.(9) Shwe Taung Kyar (1) Quarter, Bahan Township, Yangon | 13/MAHSATA(N)029849<br>5/SAKANA(N)002596<br>5/SAKANA(N)190502 |
| ၁၃၆ | R R R NON WOVEN MANUFACTURE COMPANY LIMITED. | LI FUYUN | No.68, U Myel Street, Hlaing Thar Yar Industry Zone4, Yangon | G43949333 |
| ၁၃၇ | RAX MYANMAR COMPANY LIMITED | U Ismile Islam | 92 Street, 66/68/70 6D Mingalar Taung Nyunt Township, Yangon | 12/DAGATA(N)118187 |
| ၁၃၈ | REGAL LIGHT COMPANY LIMITED. | Daw Aye Aye Maw<br>U Kyaw Zin Htike<br>Daw Nan Mae Thwe Sein<br>U Thaung Tun<br>U Zaw Win Tun | Bayint Naung Street, No.(C/14), 3rd Floor (1) Quarter, Myawaddy Township, Kayin State | 12/HTATAPA(N)073306<br>7/PAKHANA(N)252976<br>3/BAAHNA(N)229223<br>7/DAOUNA(N)076300<br>10/KHAHSANA(N)074978 |
| ၁၃၉ | RIMO COMPANY LIMITED. | U Hlaing Win Htut<br>Daw Khin Aye Mu<br>Daw Moh Moh Myint Aung | Aungmingalar Street, 2830 South Dagon, Yangon | 12/OUKAMA(N)160786<br>12/OUKAMA(N)118023<br>12/OUKAMA(N)178604 |
| ၁၄၀ | ROYAL CROWN SUPPLY CHAIN COMPANY LIMITED. | Daw Hsu Mon Htwe | Yadanarbow University Street, No.(30), Htain Kone Quarter, Pyigyithkhon Township, Mandalay | 12/OUKATA(N)189299 |
| ၁၄၁ | RUBY TIGER TIMBER LIMITED. | U Soe Myint @ Zaw Win<br>U Than Htut | Kyun Shwe War Street, No.38, Shwe Nantthar Ywarma Ward, Pearl Myothit, Mingalardon Township, Yangon | 12/THAKATA(N)092548<br>12/OUKAMA(N)124223 |
| ၁၄၂ | SAUNG HNIN CHERRY COMPANY LIMITED. | Daw Ei Shwe Zin<br>U Aung Naing Oo<br>U Aung Than | Corner Of Seik Kan Thar Street & U Chain Street, No.247/D, Industry Zone (2), Hlaing Thar Yar Township, Yangon | 9/AHMAZA(N)036821<br>9/MANATA(N)078912<br>9/MANATA(N)083566 |
| ၁၄၃ | SEA BROTHERS COMPANY LIMITED. | U Thein Soe @ Thein Soe Hla<br>Daw Wai Wai Htay | No.(209), 6th Floor(Left), 37-Street, 5-Ward, Kyauktatar Township, Yangon | 12/PABATA(N)013700<br>13/TAKANA(N)142480 |
| ၁၄၄ | SEAIR LOGISTICS (MYANMAR) COMPANY LIMITED. | Daw Khin Htwe Kyi<br>U Yu Naing | Inya Myanig Road, No.24-A Golden Valley (1) Ward, Bahan Township, Yangon | 12/LATHANA(N)004807<br>8/THAYANA(N)004215 |
| ၁၄၅ | SEE SEINN SAN MINING CO.,LTD. | U Than Htay<br>Daw Thu Zar Thet | Bo Myat Tun Street, No. (116/118), (6B) (5) Quarter, Botataung Township, Yangon | 12/KAMAYA(N)002161<br>12/OUKAMA(N)183209 |
| ၁၄၆ | SEINUS CLIQ FASHION COMPANY LIMITED. | KIM HYUK KEE<br>LEE YUN CHUL | No.21, R-2 Street, Yangon Industrial Zone, Mingaladon Garden City Mingaladon Township, Yangon | M32089599<br>M55038473 |
| ၁၄၇ | SETTLER INTERNATIONAL TRADING CO., LTD. | Daw Aye Aye Aung | Aung Thit Sar Street, Between 51x52 Street, No.28 (Za Za-20), Chan Mya Thar Si Township, Mandalay | 14/PATHANA(N)244218 |
| ၁၄၈ | SHOGUN COMPANY LIMITED. | U Tin Tun Aung | Anawyatar Street, No.16/B 14 Quarter/ Yankin Township, Yangon | 9/PAOULA(N)003092 |
| ၁၄၉ | SHWE CHY NGWE CHY CO.,LTD. | Daw Wai Htike Htike Soe<br>Daw Nay Chy Lin<br>U Myatt Thura | Building No.22, Room No.201, Aung Thapyae Street, Thatyar Gone Quarter, Minglar Taung Nyunt T/S, Yangon | 12/LAMANA(N)008368<br>12/MAYAKA(N)116657<br>12/PABATA(N)014064 |

ဆက်လက်ဖော်ပြပါမည်

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၂၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၂၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၈၀၄ ဧကနှင့် ဖူးစားပြောင်း ဧက ၂၅၀ စုစုပေါင်း ၂၀၅၄ ဧကစိုက်ပျိုးရန် လျာထားပြီး ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင်အစေ့ထုတ်ပြောင်း ၁၀၅၅ ဧကနှင့် ဖူးစားပြောင်း ၁၆၃ ဧက စုစုပေါင်း ၁၂၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်းနှင့် ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ဘားအံမြို့နယ် ပိန္နဲကုန်း(ကမ်းနား-၁)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇူလိုင် ၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပိန္နဲကုန်း(ကမ်းနား-၁)ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး ဦးစီးအရာရှိနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**

# တောင်အာရှဒေသတွင် စစ်လက်နက်ရောင်းချမှု သံခင်းတမန်ခင်းတိုးချဲ့လာသောတရုတ်နိုင်ငံ

တရုတ်နိုင်ငံသည် ပါကစ္စတန်နှင့် အဇာဘိုင်ဂျန်တို့ကို နည်းပညာမြင့်မားသောဂျက်တိုက်လေယာဉ်များ၊ ဒုံးကျည်ကာကွယ်ရေးစနစ်များနှင့် ကင်းထောက်လေယာဉ်များ ရောင်းချပေးလျက်ရှိသောကြောင့် တောင်အာရှနှင့် ကော့ကေးဆပ်ဒေသတို့တွင် အာဏာဟန်ချက်ထိန်းညှိရန် ကြိုးပမ်းဆောင်ရွက်နေမှုကိုထင်ဟပ်စေလျက်ရှိသည်။

ပဉ္စမမျိုးဆက် Shenyang J-35 ကိုယ်ပျောက်တိုက်လေယာဉ်အစင်း ၄၀၊ KJ-500 AEW&C လေယာဉ်နှင့် HQ-19 အမျိုးအစားလေကြောင်းရန်ကာကွယ်ရေးစနစ်များရောင်းချပေးမည့် တရုတ်နိုင်ငံ၏ကမ်းလှမ်းချက်ကို ပါကစ္စတန်က အတည်ပြုခဲ့ကြောင်း ယခုလထုတ် ကြားဖြတ်ကာကွယ်ရေးသတင်းစာ၌ ဖော်ပြထားသည်။ ၎င်းစာချုပ်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကနဦးသိရှိခဲ့ရပြီး လက်ရှိအချိန်တွင် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှာရစ်၏အထူးသံတမန်က လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

FC-31 ဟုလည်း လူသိများသည့် J-35 တိုက်လေယာဉ်ကို တရုတ်လေတပ်နှင့်ရေတပ်တို့အတွက် သုတေသနပြုတည်ဆောက်ထားပြီး ၂၀၂၄ ခုနှစ် တရုတ်လေကြောင်းပြပွဲ၌ ပထမဆုံးအကြိမ်ပျံသန်းခဲ့သည်။ ၎င်းလေယာဉ်၌ အမေရိကန်ထုတ် F-35 Lightning II ကဲ့သို့ပင် ကိုယ်ပျောက်ပုံစံကိုယ်ထည်ပါရှိပြီး လာမည့်လအနည်းငယ်အတွင်း ပါကစ္စတန်သို့ လွှဲပြောင်းပေးသွားမည်ဟု မျှော်မှန်းရပေသည်။

ထို့ပြင် ပါကစ္စတန်နှင့် အဇာဘိုင်ဂျန်တို့ကြား အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံတန်ဖိုးရှိသော သီးခြားကြေညာချက်တစ်ခုလည်း ပေါ်ထွက်လာခဲ့သည်။ ၎င်းသဘောတူညီချက်အရ အဇာဘိုင်ဂျန်နိုင်ငံသည် ပါကစ္စတန်လေကြောင်းကုမ္ပဏီ(PAC)နှင့် တရုတ်နိုင်ငံ၏ ချန်ဒူးလေယာဉ်ကော်ပိုရေးရှင်း(CAC) တို့ပူးတွဲတည်ဆောက်သွားမည့် JF-17 ဂျက်တိုက်လေယာဉ်အစင်း ၄၀ ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ပါကစ္စတန်သို့ ကာကွယ်ရေးပစ္စည်းများတင်ပို့မှုသည် ဒေသတွင်းပြိုင်ဆိုင်မှုများမြင့်တက်လာသည့်အချိန်တွင် နက်ရှိုင်းသော မဟာဗျူဟာမြောက်ထိန်းညှိမှုကို ထင်ဟပ်စေလျက်ရှိသည်။ ပါကစ္စတန်နိုင်ငံအနေဖြင့် အဆင့်မြင့်စစ်လက်နက်ပစ္စည်းများ တိုးမြှင့်ဝယ်ယူလျက်ရှိသောကြောင့် စစ်လက်နက်ပစ္စည်းများဝယ်ယူရေးစာချုပ်သည် ကမ္ဘာလုံးဆိုင်ရာလက်နက်ရောင်းချမှုများတွင် တရုတ်နိုင်ငံ၏နေရာပိုမိုရရှိလာပြီး အထူးသဖြင့် အနောက်တိုင်းကာကွယ်ရေးပစ္စည်းများနေရာတွင် အစားထိုးပစ္စည်းများ ရှာဖွေနေသည့်နိုင်ငံများ၌ ဈေးကွက်နေရာပိုမိုရရှိလာသည်။

J-35၊ HQ-19 နှင့် KJ-500 တို့သည် ပါကစ္စတန်၏လေကြောင်းရန်ကာကွယ်ရေးစွမ်းဆောင်ရည်များကို သိသိသာသာ မြင့်တက်လာစေမည်ဖြစ်သည်။ ကီလိုမီတာ ၄၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်သော PL-17 အမျိုးအစား ဒုံးကျည်များတပ်ဆင်ထားသည့် J-35 ပဉ္စမမျိုးဆက်တိုက်လေယာဉ်သည် မြင်ကွင်းလွန်နေရာမှနေကာ အိန္ဒိယ၏တန်ဖိုးမြင့်စစ်လက်နက်ပစ္စည်းများကို တိုက်ခိုက်နိုင်စွမ်းရှိစေမည်ဖြစ်သည်။

တရုတ် THAAD ဟုနာမည်ပေးထားသည့် HQ-19 လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုလည်း ချေမှုန်းရေးနည်းပညာနှင့် ကီလိုမီတာ ၁၀၀၀ ထိ ရောက်ရှိနိုင်သော ခြေရာခံရေဒါများ အသုံးပြုကာ တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်များနှင့် မြေပြင်အထက် ကီလိုမီတာ ၁၅၀ ရှိ အသံလွန်ခြိမ်းခြောက်မှုများကို ကြားဖြတ်တိုက်ခိုက်ချေမှုန်းနိုင်ရန် ဒီဇိုင်းရေးဆွဲထားရှိခြင်းဖြစ်သည်။

အလားတူ KJ-500 လေယာဉ်သည် အီလက်ထရွန်နစ် အထောက်အကူပြုပုံရိပ်ဖော်ရေဒါ(AESA)ဖြင့် ၃၆၀ ဒီဂရီပတ်လည်ကို ရေဒါလွှမ်းခြုံနိုင်သောကြောင့် ကီလိုမီတာ ၄၇၀ အကွာရှိ ပစ်မှတ် ၁၀၀ ထိ ခြေရာခံနိုင်စွမ်းရှိသကဲ့သို့ အဆင့်မြင့်အီလက်ထရွန်နစ်သတင်းအချက်အလက်များဖြင့် လေကြောင်းစစ်ဆင်ရေးကို ပေါင်းစပ်ဆောင်ရွက်နိုင်သည်။

တရုတ်နိုင်ငံအနေဖြင့် အပြန်အလှန်ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်နိုင်သောစနစ်များကို လွှဲပြောင်းပေးခြင်းသည် ကာကွယ်ရေးစနစ်များစစ်ဆင်မှုအပေါ် ချဉ်းကပ်မှုကို ထင်ဟပ်စေလျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဧပြီလတွင်ဖြစ်ပွားခဲ့သော ကက်ရှ်မီးယားပဋိပက္ခ



တရုတ်နိုင်ငံထုတ် J-35 တိုက်လေယာဉ်ကို တွေ့ရစဉ်။

၌ ပါကစ္စတန်သည် အိန္ဒိယ၏လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ထိုးဖောက်ရာတွင် တရုတ်နိုင်ငံ၏ အဆင့်မြင့်လက်နက်စနစ်များကို ထိရောက်စွာအသုံးချနိုင်ခဲ့သည်။

ပါကစ္စတန်၏ J-10 တိုက်လေယာဉ်သည် တန်ဖိုးကြီးမားသည့် အိန္ဒိယ၏ Rafale ဂျက်တိုက်လေယာဉ်များကိုပစ်ချနိုင်ခဲ့ခြင်းသည် လေယာဉ်များ၏စွမ်းဆောင်ရည်ထက် စနစ်များပေါင်းစပ်ခြင်း၊ လေ့ကျင့်ခြင်းနှင့် နည်းဗျူဟာကဲ့သို့သော နှစ်ဖက်စလုံးရှိလက်ဆုပ်လက်ကိုင်မပြနိုင်သည့်အကြောင်းတရားများပေါ်တွင် မူတည်နေကြောင်း ပြသလျက်ရှိသည်။

အဇာဘိုင်ဂျန်အနေဖြင့် တရုတ်နှင့်ပါကစ္စတန်တို့ပူးတွဲတည်ဆောက်ထားသော JF-17 ဂျက်တိုက်လေယာဉ်များကိုဝယ်ယူရန်ဆုံးဖြတ်ခြင်းသည် အစဉ်အလာအရ ရုရှားနိုင်ငံထံ စစ်လက်နက်ပစ္စည်းများဝယ်ယူနေခြင်းမှ သိသိသာသာဖယ်ခွာလာမှုကိုထင်ဟပ်စေလျက်ရှိသည်။ ယခင်က ရုရှားနိုင်ငံသည် အဇာဘိုင်ဂျန်သို့ Su-30SM၊ Su-35 နှင့် MiG-25 တိုက်လေယာဉ်များရောင်းချခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင် လက်နက်တင်ပို့မှုများရပ်ဆိုင်းခဲ့သဖြင့် အဇာဘိုင်ဂျန်အနေဖြင့် တူကီယဲ၊ ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့ကဲ့သို့သော အခြားလက်နက်တင်ပို့သူများထံမှ ခေတ်မီစစ်လက်နက်ပစ္စည်းများဝယ်ယူခဲ့ရသည်။

စတော့ခ်ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအင်စတီကျု(SIPRI)၏အဆိုအရ ယူကရိန်းပဋိပက္ခနှင့် နောက်ဆက်တွဲပိတ်ဆို့မှုများကြောင့် ရုရှား၏ ပြည်ပစစ်လက်နက်တင်ပို့မှုများသည် ၂၀၂၄ ခုနှစ်တွင် ၆၄ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

JF-17 ဂျက်တိုက်လေယာဉ်များဝယ်ယူရန် အဇာဘိုင်ဂျန်၏ဆုံးဖြတ်ခဲ့ခြင်းအပေါ် နိုင်ငံရေးရှုထောင့်အရကြည့်မည်ဆိုလျှင် ရုရှားနိုင်ငံကို စစ်လက်နက်တင်ပို့သူအဖြစ် မှီခိုအားထားနိုင်မှုမရှိခြင်းနှင့် အနောက်အုပ်စုက အဇာဘိုင်ဂျန်၏လူ့အခွင့်အရေးမှတ်တမ်းများအပေါ် စိုးရိမ်ပူပန်ခြင်းအပြင် အနာဂတ်တွင် အာမေးနီးယားနှင့် ပဋိပက္ခဖြစ်ပွားလာနိုင်မှုအလားအလာတို့ကြောင့် တူကီယဲ၊ ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့ကို မိတ်ဖက်အဖြစ်ရွေးချယ်ခဲ့ခြင်းဖြစ်ဖွယ်ရာရှိသည်။

စွမ်းဆောင်ရည်အပိုင်းတွင်လည်း JF-17 တိုက်လေယာဉ်သည် အဇာဘိုင်ဂျန်၏ ဆိုဗီယက်ခေတ် MiG-29 ဂျက်တိုက်လေယာဉ်များထက် အဆင့်မြင့်မားပြီး အဆင့်မြင့်အီလက်ထရွန်နစ်စနစ်များနှင့် PL-15 ဒုံးကျည်တပ်ဆင်ထားသောကြောင့် အာမေးနီးယား၏ ရုရှားနိုင်ငံထုတ် Su-30SM တိုက်လေယာဉ်များထက်သာလွန်လျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် ပါကစ္စတန်နှင့် အဇာဘိုင်ဂျန်သို့ စစ်လက်နက်ပစ္စည်းများ တင်ပို့ရောင်းချမှုသည် စစ်ဘက်ဆိုင်ရာစီးပွားရေး အကျိုးစီးပွားများပိုမိုမြင့်မားလာစေခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ပြည်ပသို့ စစ်လက်နက်ပစ္စည်းတင်ပို့မှုများသည် စီးပွားရေးအကျိုးစီးပွားများကို ကာကွယ်သွားရန်လိုအပ်သည့် မောင်းနှင်အားများကြောင့်ပင်ဖြစ်ပြီး အကျိုးဆက်အနေဖြင့် ပဋိပက္ခဇုန်များတွင် လွှမ်းမိုးမှုရရှိလာခြင်း၊ မိတ်ဖက်များကို စွမ်းဆောင်ရည်များမြှင့်တင်ပေးနိုင်ခြင်း၊ သံတမန်ဆက်ဆံရေးများတည်ဆောက်နိုင်ခြင်းအပြင် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုကုန်ကျစရိတ်များလည်း သက်သာလာစေသည်။

အထူးသဖြင့် ပါကစ္စတန်၊ အဇာဘိုင်ဂျန်တို့သည် တရုတ်၏ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(BRI)၏အစိတ်အပိုင်းများဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် မလက္ကာအကျပ်အတည်းကို ကျော်လွှားနိုင်စေရန် ရည်မှန်းထားရှိသည့် ကမ္ဘာလုံးဆိုင်ရာကုန်းမြေနှင့် ပင်လယ်တို့တွင် အခြေခံအဆောက်အအုံများ တည်ဆောက်သွားမည်ဖြစ်သည်။ မလက္ကာရေလက်ကြားသည် တရုတ်နိုင်ငံအတွက် မဟာဗျူဟာမြောက်အားနည်းချက်နေရာဖြစ်ပြီး ၎င်းနေရာမှ ကုန်စည်နှင့် လောင်စာဆီများဖြတ်သန်းသယ်ယူနေရကာ ပဋိပက္ခဖြစ်ပွားချိန်တွင် အမေရိကန်၏ပိတ်ဆို့မှုနှင့် ကြုံတွေ့ရနိုင်သည့် အလားအလာရှိနေသည်။

တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းလမ်းများဆက်သွယ်မှုသည် အိန္ဒိယသမုဒ္ဒရာ၌ ခွလျက်တည်ရှိနေသောကြောင့် တရုတ်နိုင်ငံသည် ပါကစ္စတန်၊ သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်ကဲ့သို့သော ဒေသတွင်းရှိ ထိလွယ်ရှလွယ်နိုင်ငံများတွင် စီးပွားရေး၊ သံခင်းတမန်ခင်းနှင့် လုံခြုံရေးဆိုင်ရာလွှမ်းမိုးမှုများရရှိအောင် ဆောင်ရွက်ထားသည်။

အိန္ဒိယနိုင်ငံကမူ အိန္ဒိယသမုဒ္ဒရာကိုင်း၏လွှမ်းမိုးချုပ်ကိုင်မှုနေရာအဖြစ်ရှုမြင်ထားသည်။ သို့သော် တရုတ်နိုင်ငံအနေဖြင့် စစ်ဘက်နှင့်အရပ်ဘက်နှစ်မျိုးစလုံး အသုံးပြုနိုင်သောဆိပ်ကမ်းများတည်ဆောက်ကာ ဒေသတွင်း၌ တည်ရှိမှုတိုးမြှင့်လာခြင်းနှင့် စစ်လက်နက်ပစ္စည်းများတင်ပို့မှုတို့သည် အိန္ဒိယ၏ မလုံခြုံမှုကို မီးမောင်းထိုးပြသလျက်ရှိသည်။

အလားတူ အနောက်အာရှနှင့် ပင်လယ်နက်ဒေသတို့တွင် တရုတ်နိုင်ငံ၏ရည်မှန်းချက်များသည် မကြာသေးမီနှစ်များအတွင်း မြင့်တက်လာခဲ့သည်။ ကာဇက်စတန်၊ အဇာဘိုင်ဂျန်၊ ဂျော်ဂျီယာနှင့် တူကီယဲတို့မှတစ်ဆင့် တရုတ်နှင့်ဥရောပကို ချိတ်ဆက်နိုင်မည့် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် အလယ်စင်္ကြံတည်ဆောက်သွားမည့် မဟာဗျူဟာမြောက်ရန်မှန်းချက်သည် စီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများလိုအပ်လျက်ရှိသည်။

ရုရှားနိုင်ငံအနေဖြင့် အလယ်အာရှနှင့် ကော့ကေးဆပ်ဒေသအတွက် စစ်ဘက်ဆိုင်ရာနည်းပညာအရင်းအမြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေသော်လည်း တရုတ်နိုင်သည် ကာကွယ်ရေးစက်မှုလုပ်ငန်းကို ဖွင့်လှစ်ပေးလိုက်သဖြင့် ရုရှား၏ စစ်လက်နက်ပစ္စည်းတင်ပို့မှုများသည် တဖြည်းဖြည်းလျော့နည်းကျဆင်းလာခဲ့သည်။ ထို့ကြောင့် ဒေသတွင်း၌ ရုရှား၏လွှမ်းမိုးမှုမှာလည်းကျဆင်းလာခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် စစ်လက်နက်ပစ္စည်းများကိုသာ တင်ပို့ရောင်းချနေခြင်းမဟုတ်ဘဲ မဟာမိတ်များတည်ဆောက်ခြင်း၊ အာဏာဖြန့်ကြက်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာစစ်လက်နက်ပြိုင်ပွဲတွင် စည်းမျဉ်းစည်းကမ်းပြန်လည်ရေးသားခြင်းတို့ကိုလုပ်ဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံသည် စစ်လက်နက်ပစ္စည်းရောင်းချခြင်းကို မဟာဗျူဟာမြောက်လွှမ်းမိုးမှုလက်နက်များအဖြစ် ပြောင်းလဲအသုံးချကာ မဟာမိတ်များတည်ဆောက်ခြင်း၊ ပြိုင်ဘက်များကိုဖယ်ရှားခြင်းနှင့် အိန္ဒိယသမုဒ္ဒရာမှ ပင်လယ်နက်ဒေသထိ အာဏာဖြန့်ကြက်မှု ပြန်လည်ပုံဖော်တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သောငါးနှစ်ကျော်ကာလအတွင်း ကမ္ဘာလုံးဆိုင်ရာလက်နက်တင်ပို့မှု၏ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သောကြောင့် ကမ္ဘာ့တစ်ဝန်း လက်နက်တင်ပို့ရာ၌ စတုတ္ထမြောက်နေရာတွင်ရပ်တည်ခဲ့ပြီး နိုင်ငံပေါင်း ၄၄ နိုင်ငံသို့ အဓိကလက်နက်များတင်ပို့ခဲ့သည်။ အထူးသဖြင့် ဒေသတွင်း၌ တရုတ်၏အဓိကမဟာမိတ်ဖြစ်သော ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံက တင်ပို့သောလက်နက် ၆၃ ရာခိုင်နှုန်းခန့်ကို ဝယ်ယူခဲ့သည်။

မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံအနေဖြင့် ပါကစ္စတန်နှင့် အဇာဘိုင်ဂျန်သို့ စစ်လက်နက်ပစ္စည်းများတင်ပို့ရောင်းချခြင်းသည် အိန္ဒိယနိုင်ငံကိုဦးတည်ထားသကဲ့သို့ ရုရှားနိုင်ငံကို စစ်လက်နက်ဈေးကွက်မှ ဖယ်ထုတ်ရန်နှင့် မဟာဗျူဟာမြောက်အခင်းအကျင်းကို ပုံဖော်တည်ဆောက်သွားရန် ရည်မှန်းထားဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **New Heights for China's arms diplomacy in South Asia By Asia Times.**
- **China's Arms Imports Are Declining – But So Are Its Arms Exports By The Diplomat.**

**မောင်စိန်အိ (နဘဲမြေ)**

# ဂရိနိုင်ငံ ခရိုက်ကျွန်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့နှင့် ကမ္ဘာလှည့်ခရီးသည်များကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထား



**အေသင် ဇူလိုင် ၃**

ဂရိနိုင်ငံ ခရိုက်ကျွန်းတွင် ဇူလိုင် ၂ ရက်မှစ၍ အပူချိန်မြင့်တက်မှုနှင့်အတူ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုမှာ အန္တရာယ်ရှိသည့်အခြေအနေဖြစ်သည့်အတွက် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့် ဧရိယာအနီးမှ ဒေသခံများနှင့် ကမ္ဘာ့လှည့်ခရီးသည်များကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ခရိုက်ကျွန်း အာဏာပိုင်အဖွဲ့အစည်းက သတိပေးထားသည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုသည် နေအိမ်များဆီသို့ ကူးစက်လာနိုင်သည့် အခြေအနေမျိုးဖြစ်သည့်အတွက် ဘေးလွတ်ရာရွှေ့ပြောင်းရန်သတိပေးထားကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင် ၁၅၅ ဦးထိ စေလွှတ်ကာ တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ခရိုက်ကျွန်းသည် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုနှုန်းမြင့်မားပြီး လက်ရှိတွင်လည်း ကမ္ဘာလှည့်ခရီးသည် အမြောက်အမြား ရောက်ရှိနေကြောင်း၊ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် မြေပြင်မှ သွားရောက်ငြိမ်းသတ်ရန်ခက်ခဲသည့် ဧရိယာများတွင် လေကြောင်း အကူအညီဖြင့် တောမီးကို ငြိမ်းသတ်ပေးလျက်ရှိကြောင်း ခရိုက်ကျွန်းမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှု အခြေအနေကတော့ စိုးရိမ်ရတဲ့ အခြေအနေဖြစ်ပါတယ်။ မီးသတ်တပ်ဖွဲ့ဝင် ၁၅၅ ယောက်က တောမီးကို ထိန်းချုပ်ပေးဖို့အတွက် ကြိုးစားပေးနေပါတယ်။ လေကြောင်းအကူအညီကိုလဲ ရယူထားပါတယ်။ တောမီးကို ထိန်းချုပ်နိုင်ဖို့ကတော့ အချိန်ယူရဖွယ်ရှိနေပါတယ်"ဟု ခရိုက်ကျွန်းမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# နယ်သာလန်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပထမဆုံး အပူလှိုင်းဖြတ်သန်းမှုကို တွေ့ကြုံနေရ

**အမ်စတာဒမ် ဇူလိုင် ၃**

နယ်သာလန်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပထမဆုံးအပူလှိုင်းဖြတ်သန်းမှုကို တွေ့ကြုံနေရကြောင်း တော်ဝင်နယ်သာလန် မိုးလေဝသဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

နယ်သာလန်နိုင်ငံသည် ငါးနှစ်အတွင်း ၎င်း၏ပထမဆုံးအပူလှိုင်းဒဏ်ကိုခံခဲ့ရပြီး နိုင်ငံ၏အရှေ့တောင်ပိုင်းဒေသတွင် အပူရှိန်လွန်ကဲမှုအတွက် နိုင်ငံတစ်ဝန်း အပူချိန်နှင့်ပတ်သက်ပြီး လိမ္မော်ရောင်သတိပေးချက်ကို ထုတ်ပြန်ထားကြောင်း သိရသည်။

နယ်သာလန်နိုင်ငံ Utrecht ပြည်နယ်တွင် တည်ရှိသော အမျိုးသားရည်ညွှန်း မိုးလေဝသဌာန၏ တိုင်းထွာချက်များအရ အပူချိန်သည် လက်ရှိ ၃၀ ဒီဂရီစင်တီဂရိတ် ကျော်လွန်သွားပြီး ငါးနှစ်တာကာလအတွင်း ၃၀ ဒီဂရီစင်တီဂရိတ်ကို တစ်ခါမျှမကျော်လွန်ဖူးကြောင်း ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် နိုင်ငံလုံးဆိုင်ရာ အပူလှိုင်း လိမ္မော်ရောင်သတိပေးချက်ကို ထုတ်ပြန်ထားကြောင်း၊ အပူချိန်မြင့်တက်မှုကြောင့် ရေဓာတ်ခန်းခြောက်ခြင်းနှင့်အားအင်ကုန်ခန်းခြင်းအပါအဝင် သက်ကြီးရွယ်အိုများနှင့် ထိခိုက်လွယ်သူများအတွက် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ ဖြစ်နိုင်ကြောင်း နိုင်ငံအာဏာပိုင်များက သတိပေးထားသည်။

ထို့ကြောင့် နိုင်ငံပိုင်မိုးလေဝသဌာနက မလိုအပ်ဘဲ အိမ်ပြင်ထွက်ခြင်း၊ ရုပ်ကြွင်းလောင်စာယာဉ် အသုံးပြုမှုလျှော့ခြင်း အစရှိသည်များကို ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တရုတ်နိုင်ငံ၏ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် မိုးသည်းထန်စွာရွာသွန်းနေပြီး ရေကြီးရေလျှံမှုအနီရောင်သတိပေးချက် ထုတ်ပြန်

**ပေကျင်း ဇူလိုင် ၃**

တရုတ်နိုင်ငံ၏ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းနေပြီး ယနေ့တွင် ရေကြီးရေလျှံမှု အနီရောင်အဆင့်သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။



တရုတ်နိုင်ငံ၏ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ပြည်သူများကို ရှာဖွေကယ်ဆယ်ရန် ထောင်နှင့်ချီသော ကယ်ဆယ်ရေးသမားများကို စေလွှတ်ထားကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

အနောက်တောင်ပိုင်းရှိ စီချွမ်းပြည်နယ်မှ အနောက်မြောက်ပိုင်း ကျန်းရှုပြည်နယ်နှင့် အရှေ့မြောက်ပိုင်း လျောင်နင်ပြည်နယ်ထိ မိုးရွာသွန်းမှုကို အနီရောင်သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တရုတ်နိုင်ငံအလယ်ပိုင်း ဟီနင်ပြည်နယ်ရှိ မြစ်ကမ်းပါးပြိုကျခဲ့ရာ လူငါးဦးသေဆုံးခဲ့ပြီး သုံးဦးပျောက်ဆုံးနေကြောင်း၊ ကယ်ဆယ်ရေးသမား ၁၀၀၀ ကျော်ကို ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ရန် စေလွှတ်ထားကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြထားသည်။

ယနေ့နံနက်ပိုင်းတွင် ရထားခရီးစဉ်တချို့နှင့် လေယာဉ်ခရီးစဉ်တချို့ကို ဆိုင်းငံ့ထားကြောင်း၊ ထို့ပြင် ရေကြီးမှုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင်လည်း ထိခိုက်မှုရှိကာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် ရေကြီးနေသော်လည်း နိုင်ငံ၏ အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် အပူရှိန်မြင့်တက်ပြင်းထန်နေကြောင်း အမျိုးသားမိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။

Ref : Russia Today

Trs : KZ

# နယူးဇီလန်နိုင်ငံ၏ South Island တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်း

**ဝယ်လင်တန် ဇူလိုင် ၃**

နယူးဇီလန်နိုင်ငံ၏ အဓိကကျွန်းသုံးကျွန်းအနက် ကျွန်းတစ်ကျွန်းဖြစ်သည့် South Island တွင် ဇူလိုင် ၂ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း South Island အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် နယ်ဆင်နယ်မြေနှင့် တက်စ်မန်နယ်မြေတို့တွင်ဖြစ်ပေါ်နေသော်လည်း မိုးရွာသွန်းမှုမှာ ရပ်တန့်သွားဖွယ်ရှိနေသည့်အတွက် ရေကြီးရေလျှံမှုအခြေအနေမှာ တည်ငြိမ်လာဖွယ်ရှိကြောင်း နယူးဇီလန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"South Island မှာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ အလားတူ နယ်ဆင်နယ်မြေနဲ့တက်စ်မန်နယ်မြေတို့မှာလဲ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး မိုးရွာသွန်းမှုရပ်တန့်သွားဖွယ်ရှိတာကြောင့် ရေကြီးရေလျှံမှုအခြေအနေ တည်ငြိမ်လာဖွယ်ရှိနေတယ်။ South Island မှာတော့ မိုးဆက်လက်ရွာသွန်းနေဆဲဖြစ်ပါတယ်။ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပါတယ်"ဟု နယူးဇီလန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat



# ပြင်သစ်နိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် လူနှစ်ဦးသေဆုံးကာ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေရသူ ဦးရေ ၃၀၀ ကျော်ထိရှိနေ

**ပဲရစ် ဇူလိုင် ၃**

ပြင်သစ်နိုင်ငံတစ်ဝန်း အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မြင့်တက်မှုဖြစ်ပေါ်ကာ အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူနှစ်ဦးရှိခဲ့ပြီး အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေရသူ ဦးရေ ၃၀၀ ကျော်ထိရှိနေကြောင်း ဂေဟဗေဒအသွင်ကူးပြောင်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန် မြင့်တက်မှုသည် ဇူလိုင် ၁ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး အမြင့်ဆုံးအပူချိန်ပမာဏမှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း၊ အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်နေရသည့် မြို့များတွင် ပဲရစ်မြို့တော်လည်း ပါဝင်နေပြီး ပြည်သူများကို အပူအအေးမျှတသည့်နေရာများ၌သာ နေထိုင်သွားရန် သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ ပဲရစ်မြို့တွင် အပူလှိုင်းဖြတ်သန်းမှုအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားပြီး ပြင်သစ် ကျန်းမာရေးဝန်ကြီးကက်သရင်းက အပူချိန်မြင့်တက်စဉ် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များကို ထုတ်ပြန်ထားကြောင်း သိရသည်။

"အပူလှိုင်း ဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်မြင့်တက်မှုအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားပါတယ်။ အပူချိန်မြင့်တက်နေစဉ်ကာလအတွင်း အတတ်နိုင်ဆုံး အပြင်ကိုမလိုအပ်ဘဲ သွားလာလှုပ်ရှားခြင်းမပြုကြဖို့ ပြည်သူတွေကို အသိပေးလိုပါတယ်"ဟု ဂေဟဗေဒအသွင်ကူးပြောင်းရေးဝန်ကြီး အက်နက်စ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# စနေနေ့ညကစားမဲ့ ကလပ်ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်အဆင့်မှာ အသင်းလိုက် ကစားအားကောင်းနေတဲ့ ပါမီးယက်စ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ကို အားပေးရမှာပါ

ML




စနေနေ့ညမှာတော့ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားမှာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်မှာ သေချာပါတယ်။ ပြီးခဲ့တဲ့ စနေညက ကစားခဲ့တဲ့ ၁၆ သင်း ရှုံးထွက် အဆင့်တွေမှာတော့ ပရိသတ်တွေ မျှော်လင့်ထားသလို ဖြစ်မလာဘဲ အသင်းကြီးတွေဖြစ်တဲ့ အင်တာမီလန်အသင်းနဲ့ မန်စီးတီးအသင်းတို့ မထင်မှတ်ဘဲ ရှုံးပွဲကြုံခဲ့ပြီး ပြိုင်ပွဲက ထွက်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ဗိုလ်လုပွဲတက်ရောက်မဲ့ လမ်းကြောင်းမှာ ဖလူမီနန်စီနဲ့ အယ်ဟိုင်လာ၊ ပါမီးယက်စ်နဲ့ ချဲလ်ဆီးတို့ထဲက တစ်သင်းက ဗိုလ်လုပွဲရောက်နိုင်ပြီး ပီအက်စ်ဂျီနဲ့ ဘိုင်ယန်မြူးနစ်၊ ရီးရဲလ်မက်ဒရစ်နဲ့ ဒေါ့မွန်အသင်းတို့ထဲက တစ်သင်းက ဗိုလ်လုပွဲတက်ရောက်မှာ ဖြစ်ပါတယ်။ လက်ရှိပြိုင်ပွဲမှာ ဥရောပထိပ်သီး ၁၂ သင်းထဲက ငါးသင်းသာ ကျန်တော့သလို ဘရာဇီး ကလပ်နှစ်သင်းနဲ့ ဆော်ဒီအာရေဗျကလပ် တစ်သင်းသာရှိတော့ပြီး ကလပ်အသင်းအားလုံးက ချိတ်ဆက်မှုအားကောင်းနေတာကြောင့် လျှော့တွက်လို့မရပါဘူး။ လာမဲ့စနေနေ့ည ကွာတားဖိုင်နယ်အဆင့်မှာတော့ အသင်းလိုက်ကစားအားနဲ့ စွမ်းဆောင်ရည်ပိုင်း အားကောင်းနေတဲ့ ဘရာဇီးကလပ် ပါမီးယက်စ်အသင်းနဲ့ ဥရောပကလပ် ပီအက်စ်ဂျီအသင်းတို့ကို အားပေးရမှာဖြစ်ပါတယ်။

## ပါမီးယက်စ်အသင်းနဲ့ လက်တွဲရမှာပါ

ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှာ အကြိုက်တွေ့မိတာကတော့ ပါမီးယက်စ်အသင်းနဲ့ချဲလ်ဆီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပါမီးယက်စ်အသင်းဟာ ဖီဖာကလပ်ပြိုင်ပွဲအုပ်စုအဆင့်မှာ အယ်အာလီအသင်း၊ ပေါ်တိုအသင်း၊ အင်တာမီယာမီအသင်းတို့နဲ့တွေ့ဆုံခဲ့ပေမဲ့ တစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်နဲ့ အုပ်စုပထမနေရာကနေ ၁၆ သင်း ရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ဥရောပကလပ်အသင်းတွေမှာ ပါဝင်ကစားနေတဲ့ ခြေစွမ်းပြကစားသမားနည်းပါးခဲ့ပြီး ဘရာဇီးနိုင်ငံအသင်းက ကစားသမားတွေများနေပေမဲ့ အသင်းလိုက်ကစားအားနဲ့ နည်းစနစ်ပိုင်း ကောင်းတာကြောင့် ရလဒ်ပိုင်းကောင်းခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းနည်းပြကတော့ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ ဦးဆောင်ဂိုးရဖို့ထက် ဂိုးမပေးရရေးကိုအာရုံစိုက်ကစားပြီး ပြိုင်ဘက်အသင်း ကစားအားကျဆင်းချိန်မှာ တန်ပြန်တိုက်စစ်ကနေ ဂိုးတွေရရှိအောင် ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။

၁၆ သင်းရှုံးထွက်အဆင့်မှာတော့ ဘရာဇီးအမှတ်ပေးပြိုင်ဘက် ဘိုတာဖိုဂိုအသင်းနဲ့ တွေ့ခဲ့တာကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ အခွင့်အရေးရခဲ့တယ်လို့ ဆိုရမှာပါ။ အဲ့ဒီပွဲစဉ်မှာ ပါမီးယက်စ်ဟာ ၄-၂-၃-၁ ကစားကွက်နဲ့ပွဲထွက်ပြီး ကွင်းလယ်ပိုင်းနဲ့ခံစစ် ကစားပုံကောင်းခဲ့တာကြောင့် ဘိုတာဖိုဂိုအသင်းရဲ့ အပိုင်အခွင့်အရေးတွေကို ကာကွယ်နိုင်ခဲ့လို့ ပွဲချိန်အတွင်း ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပေမဲ့ အချိန်ပိုမှာတော့ ဘိုတာဖိုဂိုအသင်းရဲ့ တိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့လို့ ဦးဆောင်ဂိုးရခဲ့ပြီး ကွာတားဖိုင်နယ် အဆင့်တက်ရောက်နိုင်ခဲ့ပြီး ချဲလ်ဆီးအသင်းနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။

ချဲလ်ဆီးအသင်းဟာ ၂၀၂၁ ခုနှစ်မှာ ချန်ပီယံလိဂ်ဆုဖလား ဆွတ်ခူးနိုင်ခဲ့တာကြောင့် အခုပြိုင်ပွဲမှာ ဝင်ရောက်ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိ အုပ်စုပြိုင်ပွဲမှာ ဘရာဇီးကလပ် ဖလာမင်ဂိုအသင်း၊ မေဂျာလိဂ်ကလပ် လော့အိန်ဂျလိစ်အသင်း၊ တူနီးရှားကလပ် အက်စ်ပါရန့်အသင်းတို့နဲ့ကစားခဲ့ရပေမဲ့ ဖလာမင်ဂိုအသင်းကို သုံးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာကို ကြည့်ရင် သူတို့အသင်းဟာ ဘရာဇီးကလပ်တွေနဲ့ဆို ရလဒ်ကောင်းဖို့ ရုန်းကန်နေရတယ်လို့ ဆိုရမှာပါ။ ချဲလ်ဆီးအသင်းဟာ အုပ်စုအဆင့်မှာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်နဲ့ အုပ်စုဒုတိယနေရာနဲ့ နောက်တစ်ဆင့်တက်ရောက်ခဲ့ပြီး ဥရောပပြိုင်ဘက် ဘင်ဖီကာအသင်းနဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

ဘင်ဖီကာအသင်းနဲ့ ရှုံးထွက်ပွဲစဉ်မှာတော့ နည်းပြမာရက်စ်ကာက ၄-၂-၃-၁ ကစားကွက်ကိုပဲ အထိုင်ချကစားခဲ့ပြီး တိုက်စစ်ပိုင်းမှာ ဒီလက်ပ်၊ တောင်ပံတိုက်စစ်မှာ ပယ်မာ၊ နက်တို၊ တောင်ပံ ခံစစ်မှာ ကူကူရယ်လာ၊ ရိစ်ဂျိမ်းတို့နဲ့ပွဲထွက်ခဲ့ပြီး တောင်ပံကစားအားကောင်းခဲ့လို့ ဘင်ဖီကာအသင်းကို ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှု ၁၂ ကြိမ်ထိ လုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းအထောင်တိုက်စစ်က ဒီလက်ပ်အနေနဲ့ အတွေ့အကြုံပိုင်း လိုအပ်ချက်နဲ့ အဆုံးသတ်အားနည်းမှုတွေကြောင့် ဂိုးရဖို့ ခက်ခဲနေခဲ့ပြီး ပွဲချိန် ၆၄ မိနစ်မှာ ခံစစ်ကစားသမား ရိစ်ဂျိမ်းက အသင်းအတွက်ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲ့ဒီနောက်မှာတော့ နည်းပြမာရက်စ်ကာအနေနဲ့ ခံစစ်က ရိစ်ဂျိမ်းနဲ့ ဘာဒီယာရှီးတို့ကို လူစားလဲလိုက်တာကြောင့် ပွဲပြီးဆုံးခါနီးမှာ ဘင်ဖီကာအသင်းရဲ့ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ပင်နယ်တီကနေ ချေပဂိုးပေးလိုက်ရလို့ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အချိန်ပိုဆက်လက်ကစားခဲ့ရာမှာ ဘင်ဖီကာအသင်း တိုက်စစ်ကစားသမား အနီကတ်နဲ့ ထုတ်ပယ်ခံရလို့ ချဲလ်ဆီးအသင်း အသာစီးရသွားတာကြောင့် ပွဲချိန် ၁၀၈ မိနစ် ၊ ပွဲချိန် ၁၁၅ မိနစ်၊ ပွဲချိန် ၁၁၇ မိနစ်တွေမှာ ဦးဆောင်ဂိုးတွေ သွင်းယူနိုင်ခဲ့ပြီး လေးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့လို့ ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့တာကို တွေ့ရမှာပါ။

သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ၂၀၂၂ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာဖြစ်ပြီး အဲ့ဒီအချိန်မှာလဲ ချဲလ်ဆီးအသင်းက ပါမီးယက်စ်အသင်းထက် ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်း အဘက်ဘက်ကသာခဲ့ပေမဲ့ ပွဲကစားချိန်အတွင်း တစ်ဂိုးစီ သရေရလဒ်သာ ကစားနိုင်ခဲ့တာကိုကြည့်ရင် အခုပွဲစဉ်မှာလဲ ဘရာဇီးကလပ်အသင်းတွေနဲ့ဆို ရုန်းကန်နေရတဲ့ ချဲလ်ဆီးအသင်းကို ပါမီးယက်စ်အသင်း ဖိအားပေးနိုင်မှာဖြစ်လို့ ပါမီးယက်စ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

### ပါမီးယက်စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ခရူဇီယို | ၂ | - | ၁ | ပါမီးယက်စ် |
| ပါမီးယက်စ် | ၀ | - | ၀ | ပေါ်တို |
| ပါမီးယက်စ် | ၂ | - | ၀ | အယ်အာလီ |
| အင်တာမီယာမီ | ၂ | - | ၂ | ပါမီးယက်စ် |
| ပါမီးယက်စ် | ၁ | - | ၀ | ဘိုတာဖိုဂို |

### ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၁ | - | ၄ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၂ | - | ၀ | လော့အိန်ဂျလိစ် |
| ဖလာမင်ဂို | ၃ | - | ၁ | ချဲလ်ဆီး |
| အက်စ်ပါရန့် | ၀ | - | ၃ | ချဲလ်ဆီး |
| ဘင်ဖီကာ | ၁ | - | ၄ | ချဲလ်ဆီး |

## ပီအက်စ်ဂျီအသင်းကိုအားပေးရမှာပါ

ဖီဖာကလပ် ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ပီအက်စ်ဂျီအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ အရင်က နေမာ၊ မက်ဆီ၊ အမ်ဘက်ပီတို့လို ကစားသမားတွေရှိချိန်မှာ ဘိုင်ယန်မြူးနစ်အသင်းကို ယှဉ်ကစားလို့မရပေမဲ့ အဲ့ဒီကစားသမားတွေ ထွက်သွားချိန်မှာ ကစားကွက်ကို အဓိကပုံဖော်ပေးတဲ့ ကစားသမားမရှိတော့ဘဲ အသင်းလိုက်ကစားအား ကောင်းလာတာဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့နှစ်မှာ လူငယ်ကစားသမားတွေဖြစ်တဲ့ ဒိုအီ၊ ဘာကိုလာ၊ ဂွန်ကာလိုရာမို့စ်၊ ဗီတင်ဟာ၊ ဖေဘီယန်ရှု၊ ဇိုင်ရီအမ်မရီ၊ ကာဗာရက်ရှီလီယာတို့နဲ့ ခံစစ်က မာကွင်ဟို၊ ပါချို၊ မန်ဒက်၊ ဟာကီမီ၊ ဂိုးသမား ဒိုနာရမ်မာတို့ရဲ့ ဝါရင့်အတွေ့အကြုံတွေ ပေါင်းစပ်ခဲ့လို့ ချန်ပီယံလိဂ်ဆုဖလားအပါအဝင် ပြည်တွင်းဖလားအားလုံး ရယူနိုင်ခဲ့တာကို သတိပြုရမှာပါ။

လက်ရှိ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပေမဲ့ အုပ်စုအဆင့်မှာ အေတီကို၊ ဘိုတာဖိုဂို၊ ဆန်းဒေါင်းအသင်းတို့နဲ့ကစားခဲ့ရပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်နဲ့ အုပ်စုပထမနေရာနဲ့ ရှုံးထွက်အဆင့် ရောက်ခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲမှာ ဘိုတာဖိုဂိုကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့တာက အရန်ကစားသမားတွေနဲ့ ပွဲထွက်ခဲ့ပြီး ပြိုင်ဘက်အေတီကိုအသင်းကို နောက်တစ်ဆင့်မရောက်ဖို့ တားဆီးနိုင်ခဲ့တယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ ရှုံးထွက်အဆင့်မှာ မက်ဆီ၊ ဆွာရက်ဇ်တို့ ဦးဆောင်ထားတဲ့ အင်တာမီယာမီအသင်းနဲ့ တွေ့ခဲ့ပေမဲ့ ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၆ မိနစ်၊ ၃၉ မိနစ်၊ ၄၄ မိနစ်၊ ၄၅ မိနစ်တွေမှာ ဂိုးတွေဆက်တိုက်ရရှိခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာ အနိုင်ရလဒ်ကို ထိန်းချုပ်နိုင်ဖို့သာ ကြိုးစားခဲ့တာကြောင့် ပထမပိုင်းရလဒ် လေးဂိုးဂိုးမရှိနဲ့ပဲ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။

ဘိုင်ယန်မြူးနစ်အသင်းကလဲ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နှစ်ကြိမ် ဗိုလ်လုပွဲရောက်ခဲ့ရာ နှစ်ကြိမ်စလုံး ဆုဖလားရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာတော့ သူတို့အသင်းဟာ အော့ကလန်အသင်း၊ ဘိုကာဂျူနီယာအသင်း၊ ဘင်ဖီကာအသင်းတို့ကစားခဲ့ရပေမဲ့ ခြေစွမ်းပိုင်း နိမ့်ကျတဲ့ အော့ကလန်အသင်းကိုသာ သွင်းဂိုး ၁၀ ဂိုး သွင်းယူနိုင်ခဲ့ပြီး အသင်းလိုက် ကစားအားကောင်းတဲ့ ဘိုကာဂျူနီယာအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပေမဲ့ ဘင်ဖီကာအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အုပ်စုဒုတိယနေရာနဲ့ ရှုံးထွက်အဆင့် တက်ရောက်ခဲ့ပြီး ဖလာမင်ဂိုအသင်းနဲ့ကစားခဲ့ရလို့ ပွဲစဉ်ချောင်ခဲ့တယ်လို့ ဆိုရမှာပါ။ အဲ့ဒီပွဲစဉ်မှာလဲ ကစားသမားစုဖွဲ့မှုအသာနဲ့ ကစားရပေမဲ့ ဖလာမင်ဂိုအသင်းရဲ့တိုက်စစ်ကို ထိန်းချုပ်ရခက်ခဲခဲ့လို့ လေးဂိုးသွင်းယူနိုင်ပေမဲ့ နှစ်ဂိုးပြန်ပေးလိုက်ရပြီး လေးဂိုး နှစ်ဂိုးနဲ့သာ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။

လက်ရှိ သူတို့အသင်းကို ဟယ်ရီကိန်း၊ အိုလီဆီ၊ ကင်စလေကိုးမန်း၊ ဆာနေ၊ ဂနာဘရီ၊ ဂိုရက်ဇ်ကာ၊ ကီမစ်ချ်၊ ဂျိုနသန်တက်၊ အူပါမီကာနိုတို့လို ကစားသမားကောင်းတွေရှိနေပေမဲ့ တောင်ပံခံစစ်ပိုင်းမှာ စတန်နစ်ဆစ်၊ လိုင်မာတို့လို ကစားသမားတွေကို အသုံးပြုနေရလို့ အားနည်းချက်ရှိနေပြီး တိုက်စစ်အားသန်တဲ့ အသင်းတွေကို ဂိုးပြန်ပေးရတာကိုတွေ့ရမှာပါ။ လက်ရှိ နည်းပြနှစ်ဦးရဲ့ အတွေ့အကြုံမှာလဲ ပီအက်စ်ဂျီနည်းပြ အန်းနရစ်က နည်းပြ ကွန်ပနီထက်သာသလို ကစားသမားတွေရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်နဲ့ကြံ့ခိုင်မှုမှာလဲ လူငယ်တွေများတဲ့ ပီအက်စ်ဂျီအသင်းက အသာရနေတာကြောင့် အခုပွဲစဉ်မှာ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ပီအက်စ်ဂျီအသင်းကိုပဲ အားပေးရမှာပါ။

### ပီအက်စ်ဂျီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၅ | - | ၀ | အင်တာမီလန် |
| ပီအက်စ်ဂျီ | ၄ | - | ၀ | အေတီကို |
| ပီအက်စ်ဂျီ | ၀ | - | ၁ | ဘိုတာဖိုဂို |
| ဆန်းဒေါင်း | ၀ | - | ၂ | ပီအက်စ်ဂျီ |
| ပီအက်စ်ဂျီ | ၄ | - | ၀ | အင်တာမီယာမီ |

### ဘိုင်ယန်မြူးနစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၀ | - | ၄ | ဘိုင်ယန်မြူးနစ် |
| ဘိုင်ယန်မြူးနစ် | ၁၀ | - | ၀ | အော့ကလန် |
| ဘိုင်ယန်မြူးနစ် | ၂ | - | ၁ | ဘိုကာဂျူနီယာ |
| ဘင်ဖီကာ | ၁ | - | ၀ | ဘိုင်ယန်မြူးနစ် |
| ဖလာမင်ဂို | ၂ | - | ၄ | ဘိုင်ယန်မြူးနစ် |

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။



အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR




TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

THE BEST QUALITY TYRE



WQA

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



5 Digits အောင်ဘာလေအွန်လိုင်းထီ

(၁၈)ကြိမ်မြောက် 5 Digits အောင်ဘာလေအွန်လိုင်းထီ လက်မှတ်များကို ဇူလိုင်လ(၁)ရက်နေ့မှ (၁၅) ရက်နေ့အထိ စိတ်ကြိုက်ရွေးချယ် ကံစမ်းနိုင်ပါပြီ!




Call Center 777 (or)
09 677 000 777
Scan Me

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


## သားအဖြစ်မှ အမွေပြန်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁) (ဓ)ရပ်ကွက်၊ အိမ်နံပါတ်(နန ၁၅၊ ၉၇) လမ်း ၆၀(C) နေ ဦးမင်းမင်းစိုး + ဒေါ်ကျော့ကျော့မွန်တို့၏သား မောင်မင်းခန့်ကိုကို(၉/ပကခ(နိုင်)၀၆၈၅၃၇)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးမင်းမင်းစိုး(၉/ပသက(နိုင်)၀၇၆၂၁၈)

ဒေါ်ကျော့ကျော့မွန်(၉/အမဇ(နိုင်)၀၁၉၀၉၉)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကံကောက်ရပ်နေ မောင်ထက်လျှံမိုး (ဘ) ဦးချစ်ရီ(၉/မဟမ(နိုင်)၀၃၅၄၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၂၃၇၀၈၂၇

## ပျောက်ဆုံးကြောင်း

နမ်ခမ်းမြို့၊ အမှတ်(၉)ပေါက်လုံကွက်သစ်နေ မရွှေရင်(၁၃/နခန(နိုင်)၀၅၅၈၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၈၇၂၄၈၁၁

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စံပညာကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-7(A)တွင် ပညာသင်ကြားနေသော (ဘ) ဦးရှင်းကွေ၏သား မောင်အောင်မျိုးသန့်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်မျိုးသန့်ဖြစ်ပါကြောင်း။ မောင်မျိုးသန့်

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-12(သရဖီ)ခန်းတွင် ပညာသင်ကြားနေသော ဦးသန်းဇော်ဦး၏သမီး မဖြူစင်သန့်အား မပိုးအိငယ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မပိုးအိငယ်

## မွေးသက္ကရာဇ်မှန်ကန်ကြောင်း

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ ဖတ်မာဒီ ကျေးရွာနေ ဦးစန်းထွေး (ဘ) ဦးအောင်ဒင်(၉/ပဘန(နိုင်)၀၁၆၈၆၉)၏ မွေးသက္ကရာဇ်အမှန်မှာ (၆-၅-၁၉၆၉)ဖြစ်ပါကြောင်း။

၆-၅-၁၉၆၉

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-9(စံပယ်)ခန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးယဉ်မင်းဌေး(၉/မသန(နိုင်)၁၂၂၈၉၀)၏သား မောင်ကောင်းခန့်ဝင်းအား မောင်ကောင်းခန့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ကောင်းခန့်

COVID-19 ရောဂါကူးစက်မှုကိုအသေးပြန်ဆုံးအဆင့် အကောင်အထည်ဖော်ရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သော ကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တို့သည်ကိုယ်ခံအား အသက်ရှူလမ်းကြောင်းကို ထိန်းသိမ်းပေး မှုရှိစေသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ နိုင်ငံတော်ကို ဘေးအန္တရာယ်ကျရောက်လာရင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိတဲ့ တပ်မတော်နဲ့ ပြည်သူတို့ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ သူရသတ္တိအပြည့်အဝနဲ့ နိုင်ငံတော်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာနဲ့ ကာကွယ်ပြီး နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ကြမယ်ဆိုတဲ့ စိတ်ဓာတ်တွေ မွေးကြရပါမယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)

# မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် အဖွင့်ဗီဒီယိုမိန့်ခွန်း



(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၃ ရက်)

**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့ဟာ နိုင်ငံတစ်ဝန်းလုံးမှာ နေထိုင်ကြတဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ နိုင်ငံရဲ့အရေးပါတဲ့အခန်းကဏ္ဍအသီးသီးမှာ ပါဝင်ဆောင်ရွက်နေကြတဲ့ ထူးချွန်အမျိုးသမီးများကို ဂုဏ်ပြုတဲ့နေ့လည်းဖြစ်သလို အလှူ့ပေါင်းစုံက အမျိုးသမီးများကို စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးဖို့ ကျင်းပပြုလုပ်တာဖြစ်တဲ့အတွက် မြန်မာအမျိုးသမီးများအားလုံးကို ဂုဏ်ပြုတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

မြန်မာအမျိုးသမီးများဟာ သနားကြင်နာတတ်သူတွေ၊ ကြံ့ကြံ့ခံနိုင်တဲ့သူတွေ၊ စွမ်းဆောင်ရည်ရှိသူတွေ ဖြစ်ကြပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အသိပညာ၊ အတတ်ပညာနဲ့ အနုပညာ စတဲ့နယ်ပယ်အသီးသီးမှာသာမက နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့ အုပ်ချုပ်ရေးနယ်ပယ်များအထိပါ အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေမှာ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြတာကိုလည်း တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ မျက်မှောက်ကာလမှာလည်း မြန်မာအမျိုးသမီးတွေဟာ ကဏ္ဍအသီးသီးရဲ့ ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့ အဆင့်တွေမှာတောင် ပါဝင်ဆောင်ရွက်နေကြပြီဆိုတာ သိသာထင်ရှားစွာတွေ့မြင်နေရပြီဖြစ်ပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်များကို မလွှဲမရှောင်သာဘဲ

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်**

စာမျက်နှာ- ၁၉

